# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၆ ရက်မြောက်နေ့မှတ်တမ်း (မူကြမ်း)

## ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်နေ့
## ( ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )
## ( တနင်္လာနေ့ )

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးကဆောင်ရွက်ပါသည်။]

**အချိန်**၊၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၆ ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၈၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၈.၂၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်းဆက်လက် ဆောင်ရွက်ပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးထူးအောင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် လေ-၂၁၉၅ ဗိုလ်မှူးထူးအောင် ဖြစ်ပါတယ်။ ကျွန်တော်က တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် လေ-၂၁၈၄ ဗိုလ်မှူးအောင်မြတ်တိုး ကိုယ်စားခွင့်တိုင်ကြားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဗိုလ်မှူးအောင်မြတ်တိုးသည် တုပ်ကွေးဖျားနာရောဂါဖြင့် အမှတ်-၂ တပ်မတော်ဆေးရုံ ခုတင် ၁၀၀၀ သို့ တက်ရောက်ကုသနေပါသောကြောင့် ၁၂-၉-၂၀၁၁ ရက်နေ့နှင့် ၁၃-၉-၂၀၁၁ ရက်နေ့(၂)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ကွန်ဟိန်းမြို့နယ်မှ ဒေါ်နန်းဝါနု၏ကိုယ်စားခွင့်တိုင်ကြားပေးမှာဖြစ်ပါတယ်ရှင်။ဥက္ကဋ္ဌကြီးရှင့်။ ကွန်ဟိန်းမြို့နယ်မှ ဒေါ်နန်းဝါနု သည် နေပြည်တော်ခုတင် ၁၀၀၀ ရှိဆေးရုံ၏ ခွဲစိတ်ဆောင်တွင် ဆေးကုသမှုခံယူဆဲဖြစ်ပါသဖြင့် ယနေ့ ၁၂-၉-၂၀၁၁ မှ ၁၆-၉-၂၀၁၁ သောကြာနေ့အထိ ခွင့်ဆက်လက်ယူခွင့်ပြုပါရန်လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း

**အချိန်၊ ၁၀း ၁၀**။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ကြယ်ပွင့်ပြမေးခွန်းများကိုလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ဖြေကြားခြင်းအစီအစဉ်မသွားမီ ဒီနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်းအဆိုတစ်ခုကို ယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ တင်ပြထားပါတယ်။ ဒီအဆိုဟာ မင်္ဂလာရှိပြီးပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုအတွက် များစွာအကျိုးသက်ရောက်မှု အဆိုဖြစ်တဲ့အတွက် မင်္ဂလာရှိတဲ့အဆိုကိုသက်ဆိုင်ရာ အမရပူရမဲဆန္ဒနယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးကဦးစွာတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးသိန်းထွန်းဦး( အမရပူရမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးထံကို ကြိုတင်တင်ပြထားသည့်အတိုင်း အောက်ပါအဆိုကို ရိုသေလေးစားစွာ တင်သွင်းအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် “ဝ”အထူးဒေသ-၂ မှအဖွဲ့များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိုင်းလားအထူးဒေသ-၄မှ အဖွဲ့များ၊ ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များရရှိ၍ သက်ဆိုင်ရာ နယ်မြေဒေသများနှင့်ဆက်စပ်နယ်မြေများ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ခြင်းအား ဤလွှတ်တော်မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်းအဆိုကို လေးစားစွာ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော“ဝ”အထူးဒေသ-၂အဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းပေးသောပြည်နယ်အဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၆ရက်တွင် ကျိုင်းတုံမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ရာ ရှမ်းပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့ခေါင်းဆောင်

ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ရှမ်းပြည်နယ်ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းမြင့်၊ ရှမ်းပြည်နယ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွံ့ဖြိုးရေးမှူး ဦးအောင်ကျော်မြင့်တို့ တက်ရောက်ခဲ့ကြပြီး"ဝ"အထူးဒေသ-၂အဖွဲ့မှ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့ ခေါင်းဆောင် ဗဟိုကော်မတီဝင် ဦးကျောက်ကွမ်အမ်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့်ဗဟိုကော်မတီဝင် ဦးပေါက်ယူလျန်၊ ဗဟိုကော်မတီဝင် ဦးအောင်မြင့်တို့ တက်ရောက် ဆွေးနွေးခဲ့ပြီး "ဝ"ဒေသနှင့် ဆက်စပ် နယ်မြေများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းမည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်းကို သိရှိခဲ့ရပါတယ်။ အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရသို့ကမ်းလှမ်းလာသော မိုင်းလားအထူးဒေသ-၄ အဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသောပြည်နယ် အဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့သည် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင်ကျိုင်းတုံမြို့၌တွေ့ဆုံ ဆွေးနွေးခဲ့ရာ ရှမ်းပြည်နယ် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးအောင်သူနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ရှမ်းပြည်နယ်၊ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းမြင့်၊ ရှမ်းပြည်နယ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွံ့ဖြိုးရေးမှူးဦးအောင်ကျော်မြင့်တို့ တက်ရောက်ခဲ့ကြပြီး မိုင်းလား အထူးဒေသ-၄အဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့ခေါင်းဆောင် အထူးဒေသ-၄ ဒုတိယ ဥက္ကဋ္ဌ ဦးစံပြည့်နှင့် အဖွဲ့ဝင်များဖြစ်ကြသော အထွေထွေအတွင်းရေးမှူး ဦးဟောက်ရှန်လန်၊ ဒုတိယစစ်ဦးစီးမှူး ဦးလန်းအောင်၊ ဆက်ဆံရေးမှူးဦးဇင်ခန်းနော်တို့ တက်ရောက်ခဲ့ကြပြီး မိုင်းလားဒေသ-၄ နယ်မြေ အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမသဘောတူညီ ချက်များကို လက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်ထောင်စုအစိုးရက ဖွဲ့စည်းမည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့နှင့် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရပါတယ် ခင်ဗျား။ သို့ဖြစ်ပါ၍ ဤကဲ့သို့ ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်များအား နှစ်ဖက်လက်မှတ်ရေးထိုး နိုင်ရန် အဖက်ဖက်မှ စွမ်းစွမ်း တမံ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသောဝါရင့်၊ သဘာရင့်၊ အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များအား

လည်းကောင်း၊ ပုဂ္ဂိုလ်ခင်မှတရားမြင်မည် ဆိုရိုးစကားအတိုင်းစေ့စပ်ညှိနှိုင်း ရေးတွင်ပါဝင် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် “ဝ”အထူးဒေသ -၂ မှ အဖွဲ့များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိုင်းလား အထူး ဒေသ-၄အဖွဲ့များ ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များရရှိ၍ သက်ဆိုင်ရာနယ်မြေဒေသများနှင့် ဆက်စပ်နယ်မြေများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ခြင်းအား ဤလွှတ်တော်မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်း အဆိုအား လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး တင်ပြသွားတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် “ဝ”အထူးဒေသ-၂ မှ အဖွဲ့များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိုင်းလားအထူးဒေသ-၄မှအဖွဲ့များ၊ ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များရရှိ၍ သက်ဆိုင်ရာနယ်မြေဒေသများနှင့် ဆက်စပ်နယ်မြေများတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ခြင်းအား ဤလွှတ်တော်မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုပါကြောင်းအဆိုနဲ့ပတ်သက်၍ လွှတ်တော်က ဒီအဆိုကို ဂုဏ်ပြုမှတ်တမ်းတင်ရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်က ဤအဆိုကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဦး(ရေဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့သည်မူးမြစ်၏ အနောက်ဘက်ကမ်းတွင်တည်ရှိပြီး မူးမြစ်ကမ်းပါးဘေးတွင်ရှိသော အောင်မင်္ဂလာရပ်ကွက်သည် အိမ်ခြေပေါင်း ၆၀၀ ကျော်ခန့် ရှိခဲ့ပါတယ်။ နှစ်စဉ်မူးမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျပြီး အိမ်ခြေပေါင်း ၃၀၀ ခန့်ဟာ ရွှေ့ပြောင်းနေထိုင်ခဲ့

ကြရပါတယ်။ မူးမြစ်ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်မှု အားနည်းလျက် ရှိပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်နှစ်အနည်းငယ်အတွင်း မှာပင် ကျန်ရှိသောအိမ်ထောင်စုများနှင့် မူးမြစ်ကမ်းပါးတွင်တည်ရှိသော ပြည်သူ့ဆောက်လုပ်ရေးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးဗိုလ်တဲ၊ ဆည်မြောင်းရုံး၊ ဆည်မြောင်းဧည့်ရိပ်သာ၊ စိုက်ပျိုးရေးရုံးစသည့် အစိုးရဌာနဆိုင်ရာ အဆောက်အဦများသည် မူးမြစ်ရေတိုက်စားမှုကြောင့်ပျက်စီး ဆုံးရှုံးရမည်ဖြစ်ပါ တယ်ခင်ဗျား။ မူးမြစ်ကမ်းပါးနံရံ ထိန်းသိမ်းရမည့် အလျားမှာ ပေ ၁၅၀၀ ခန့် ဖြစ်ပါတယ်။သို့ပါ၍ မူးမြစ်ရေကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသဖြင့်မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းတင်ပြလိုတဲ့အချက်ကတော့ ဒီဖျာပုံမြို့ပေါ်ရဲ့ လူနေရပ်ကွက် ထဲမြစ်ကမ်းတစ်လျှောက်မှာ မြစ်ကမ်းပါးတိုက်စားခြင်းနဲ့ မြေပြိုခြင်းများဟာ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပါ တယ်။ ဤကဲ့သို့ဖြစ်ပေါ်နေခြင်းအတွက် ပြုပြင်ဆောင်ရွက်ပေးမယ့် အစီအမံများနဲ့ပတ်သက် ပြီးတော့ တင်ပြ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဖျာပုံမြို့နယ်ကလူဦးရေ ၃၀၀၀၀၀ ကျော်ရှိပြီးတော့ သဘော်ဆိပ်၊ လူနေရပ်ကွက်၊ ဈေးရောင်းဈေးဝယ်၊ လေ့အဝင်အထွက် အလွန်များပြားစည်ကားတဲ့ ခရိုင် မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်လောက်ကစပြီးတော့ မြို့ရဲ့လူစည်ကားတဲ့ နေရာတွေမှာ မြစ်ရေတိုက်စားကမ်းပါးပြိုခြင်းကို ခံခဲ့ရတာတွေရှိပြီးတော့ ဒီလိုဖြစ်ရတဲ့အကြောင်းအရင်း များကိုလေ့လာတဲ့အခါမှာလည်းပဲ ဖျာပုံမြို့ဟာမြစ်ကမ်းပါးရဲ့ကွေ့မှာ တည်ရှိထားပြီးတော့ ဖျာပုံရဲ့ တစ်ဖက်ကမ်းမှာရှိတဲ့ ဒေးဒရဲမြို့နယ်ဘက်အခြမ်း၊ ဆားဖိုချောင်းကျေးရွာမှာ တစ်စတစ်စသောင်ထွန်း လာခဲ့ပါတယ်။ ထိုကဲ့သို့သောင်ထွန်းလာခြင်းအားဖြင့် ဖျာပုံမြစ်ရဲ့ရေစီးကြောင်းဟာလည်းပဲ ပြောင်းလဲ လာတာကိုတွေ့ရပါတယ်။ ၎င်းအပြင် ဖျာပုံဟာပင်လယ်ဝနဲ့ နီးကပ်တဲ့အတွက် ဒီရေအတက်အကျ

ဟာလည်းပဲ နေ့စဉ်ကြုံတွေ့လျက်ရှိပါတယ်။ ဤအချက်များကတော့ မြစ်ကမ်းပါးပြိုရခြင်းရဲ့ အကြောင်းအချက်များပဲ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ မြို့ရဲ့ရေတိုက်စားတဲ့နယ်နမိတ်နဲ့ ဧရိယာကို ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ ဖျာပုံမြစ်ဖက်အခြမ်းအမှတ် (၂) ရပ်ကွက်ကနေပြီးတော့ အမှတ် (၃) ရပ်ကွက်ဆိုတာ ခလရ (၉၈) ကြားပေ ၇၀၀၀ လောက်ရှည်တဲ့ ကမ်းနားတစ်လျှောက်မှာပဲ ဖြစ်တာကိုတွေ့ရပါတယ်။ ဤကဲ့သို့ ဒီရေတိုက်စားခဲ့တဲ့ ဖြစ်စဉ်အချို့နဲ့ ဆောင်ရွက်ချက်ကိုသိအောင် ပြန်ပြီးတော့တင်ပြရမယ်ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ ဒီမူလရှိခဲ့တဲ့ ဖျာပုံမြို့မဈေးကို နေရာရွှေ့ခဲ့ရတာရှိပါတယ်။ နောက် ဧရာဝတီ သင်္ဘောဆိပ်နဲ့ ပုဂ္ဂလိက နှစ်ထပ်သင်္ဘောဆိပ်ကိုလည်းပဲ နေရာပြောင်းခဲ့ရပါတယ်။ နောက် ကမ်းနားတစ်လျှောက်မှာရှိတဲ့ ရေခဲတိုင်တွေလည်းပဲ တစ်စတစ်စဖျက်ပြီးတော့ ရပ်ကွက် ၁၂ ဘက်ကို ပြောင်းခဲ့ရပါတယ်။ နောက်ပြီးကြတော့ ရှေးဟောင်းသမိုင်းဝင်သာဂီဘုရားကြီး တစ်ဝိုက်မှာရှိနေတဲ့ အိမ်အချို့နဲ့ ဘုန်းကြီးကျောင်းနှစ်ကျောင်းကိုလည်းပဲ မြို့ရဲ့အတွင်းပိုင်းရပ်ကွက်များကို ပြောင်းရွှေ့ခဲ့ရတဲ့ ဖြစ်စဉ်များရှိပါတယ်။ ဒီနိုင်ငံတော်အစိုးရက လည်းပဲ ၁၉၆၈ ခုနှစ်တည်းက ဒီ အရေးကြီးတဲ့နေရာတွေကို ရေထိန်းအုတ်ရိုးတွေ ဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ ဒီဆောင်ရွက်ပေးခဲ့တဲ့ ရေထိန်းအုတ်ရိုးတွေ ဟာလည်းပဲ ၁၉၇၅ ခုနှစ်မှာ အခုလိုပဲရေတိုက်စားတဲ့ ဒဏ်ကြောင့်အားလုံးနီးပါး ပျက်စီးသွားခဲ့ပါတယ်။ ဒီ့နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ဒီကာကွယ်ပြုပြင်တဲ့ လုပ်ငန်းတွေကို မြို့နေလူထုတွေပါ ပါဝင်ပြီးတော့ နည်းမျိုးစုံနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီထင်ရှားတဲ့ဖြစ်စဉ် တစ်ခုအနေနဲ့ကတော့ အခု ၂၀၁၁ ခုနှစ်နှစ်ဆန်း ပိုင်းမှာ ကျွန်တော်တို့ ကမ်းနားမှာရှိတဲ့နှစ်တစ်ရာကျော် ရှေးဟောင်းသမိုင်းဝင် ဘုရားကြီးဖြစ်တဲ့ သာဂီဘုရားကြီးတစ်ဝိုက်မှာ ကမ်းပြိုမှုဖြစ်ခဲ့ပါတယ်။ အဲဒါတော့ ကျွန်တော် ဦးစီးပြီးတော့ မြို့သူမြို့သားတွေ၊ အလှူရှင်တွေနဲ့ စုစုပေါင်းလှူဒါန်းငွေ ကျပ်သိန်းတစ်ထောင် ကျော်မတည်ပြီးတော့ ဒီပို့ဆောင်ရေး ဝန်ကြီးဌာနကလည်းပဲ ရုံးချုပ်နဲ့တိုင်းမှာရှိတဲ့ မြစ်ကြောင်းထိန်းသိမ်းရေးအရာရှိများ အနီးကပ်ကြပ်မတ်ပြီးတော့ မြို့လူထုများနဲ့နေ့ညမပြတ် ဆောင်ရွက်ပေးခဲ့တဲ့ အခါမှာတော့ ဒီရှေးဟောင်းသမိုင်းဝင်သာဂီဘုရားကြီးရဲ့ ကမ်းပြိုပျက်စီးမှုကိုအထိုက်အလျောက် ကျွန်တော်တို့ကာကွယ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီ့အတွက် လည်းပဲ မြို့သူ၊ မြို့သားများအားလုံးက ဝမ်းသာပြီး ကျေးဇူးတင်လျက်ရှိပါတယ်။ နောက်မြို့သူ၊ မြို့သားတွေ အားလုံးရဲ့စိတ်ဆန္ဒကတော့ ဖျာပုံမြို့မှာ အလားတူမြစ်ကမ်းပါးပြိုမှု တွေကနေလွတ်ကင်းရလိုတဲ့ စိတ်ဆန္ဒ ရှိနေကြောင်းတွေ့ရပါတယ်။ကျွန်တော်ကလည်းပဲ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့အတွက် ယခုကဲ့သို့ အလေးအနက်ထားပြီးတင်ပြရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် မို့လို့ ကျွန်တော်တို့ ဒီရေကြောင်းနဲ့

မြစ်ကမ်းထိန်းသိမ်းရေး အတတ်ပညာရှင်များရှိတဲ့ ဒီပို့ဆောင်ရေးဝန်ကြီးဌာနကနေပြီးတော့ လေ့လာတိုင်းထွာမှုအဖွဲ့များကိုထပ်မံပြီးတော့ စေလွှတ်ပြီးတော့ ဆောင်ရွက်မယ့် ကိစ္စအဝဝကို ကျွန်တော်တို့ဦးစားပေးဆောင်ရွက်နိုင်ပါရန် ယခုကဲ့သို့ တင်ပြမေးမြန်းရခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရကတော့ ဒီမေးမြန်းမှုနဲ့ပတ်သက်လို့ လယ်ယာနဲ့စိုက်ပျိုးရေးဝန်ကြီးဌာနက ဖြေကြားဖို့ဆိုပြီးတော့ ဒီလိုပါ ပါတယ်။ သို့ရာတွင် ဒီနေ့ လွှတ်တော်အစည်းအဝေးမှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးကော နောက်တစ်ခါ ပို့ဆောင်ရေးဝန်ကြီးဌာနက ဝန်ကြီးလည်းရှိတဲ့အတွက် အခုဦးစိုးနိုင်မေးတဲ့မေးခွန်းကို ဌာနနှစ်ခုစလုံးနဲ့ သက်ဆိုင်မယ်လို့ယူဆတဲ့အတွက် မိမိဖြေကြားရမယ့်အလှည့်ကျလို့ရှိရင် ယခု ဦးစိုးနိုင်မေးတဲ့မေးခွန်းကို ဌာနနှစ်ခုလုံးက ဖြေကြားပေးဖို့ပြောကြားလိုပါတယ်။ ဆက်လက်ပြီးတော့ ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်အား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်တင်(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်သည် ဧရာဝတီတိုင်း၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့အထက်ရှိ ငဝန်မြစ်ရေလမ်းကြောင်းအား ပြောင်းလဲပေးရန် အစီအစဉ်နဲ့ ငဝန်ရေကာတာကြီး ခိုင်မာမှုစွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကို သိရှိလိုပါ၍ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မေးမြန်းတင်ပြချက်သည် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်အပေါ်မှာ တစ်တပ်တစ်အားအထောက်အကူပြုစေလိုသောဆန္ဒနဲ့ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့အထက် ငဝန်မြစ်ရေလမ်းကြောင်းဟာ အနောက်ဘက်ကမ်းမှာ သောင်ကြီးကျေးရွာအုပ်စုနဲ့ သောင်ဖျားကျေးရွာအုပ်စုကြားမှာ သောင်များဖြစ်ထွန်းခဲ့ပါတယ်။ သောင်များဖြစ်ထွန်းမှုကြောင့် မြစ်ကြောင်းဟာပြောင်းလဲပြီးတော့ အရှေ့ဘက်ကမ်းကိုစီးဆင်းတဲ့အတွက် မူဂွန်ကျေးရွာအုပ်စု၊ ဒေါင်းနံကုန်းကျေးရွာသောင်စုမှနေ၍ ငါးသိုင်းချောင်းမြို့ထိပ်တည့်တည့်မှာရှိတဲ့ ဗောတိကုန်းကျေးရွာကြားမှာ ရေတိုက်စားမှုကြောင့်၊ ရေတိုက်စားမှုများကြောင့် ကမ်းပြိုခြင်းများဖြစ်ခဲ့ပါတယ်။ အဆိုပါကမ်းပြို

မှုဟာ ဝေန်ရေကာတာ တာခြေအထိဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် ဆည်မြောင်းဦးစီးဌာနမှ တာဘန်းများ ပြုလုပ်ဆောင်ရွက်ရန်အတွက် ၂၈-၁၂-၂၀၁၀ နေ့မှစတင်ပြီးတော့ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ မိုင်တိုင် အမှတ် ၄၅ မှ ၄၆/၂ အထိကြား၊ ပေ ၆၈၀၀ ကိုဆောင်ရွက်ခဲ့ရာမှာ ကျွန်တော်တို့ ၁၁-၅-၂၀၁၁ နေ့မှာ ပြီးမြောက်ခဲ့ပါတယ်။ သို့သော်လည်း ရေလမ်းကြောင်းရဲ့လက်ရှိအတိုင်းအတာအရ၊ စီးဆင်းမှုအရ ကြည့်မယ်ဆိုခဲ့ရင် ဝေန်တာခြေဟာ ဆက်လက်ပြီးတော့ ပြိုပျက်နိုင်မယ့်အနေအထားမျိုး ရှိပါတယ်။ ယခုလက်ရှိ လုပ်ကိုင်ဆောင်ရွက်ထားတဲ့တာမှာလည်း နှစ်အရနုနယ်မှုရှိပါတယ်။ ထို့အပြင် ငါးသိုင်းချောင်းမြို့ထိပ်တည့်တည့်မှာရေကိုပိုက်ထားသကဲ့သို့ဖြစ်ပေါ်နေခြင်းအကြောင်းတရားများကြောင့် ရေရှည်မှာ ကျွန်တော်တို့ စိတ်ချရတဲ့ အနေအထားမျိုးမရှိခဲ့ပါဘူး။ သို့ဖြစ်ပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သက်ဆိုင်ရာရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၁-၂-၂၀၁၁ နေ့မှာလာရောက်ပြီးတော့ ကြည့်ရှုသွားကြောင်းကိုလည်း ကျွန်တော်တို့သိရှိခဲ့ရပါတယ်။ အကယ်၍များ အားနည်းချက်၊ ချို့ယွင်းချက်များဖြစ်ပေါ်မည်ဆိုပါက ကျွန်တော်တို့ ပုသိမ်ခရိုင်အတွင်းရှိ ငသိုင်းချောင်းမြို့တွင်သာမကပဲနဲ့ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ သာပေါင်းမြို့နယ်နဲ့ ကန်ကြီးထောင့်မြို့နယ်တို့အား လည်းကောင်း၊ ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတမြို့နယ်၊ လေးမျက်နှာ မြို့နယ်တို့အားလည်းကောင်း ထိခိုက်ပျက်စီးဆုံးရှုံးစေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝေန်ရေကာတာကြီး၊ ငသိုင်းချောင်းမြို့အထက်မှာရှိတဲ့ ဝေန်မြစ်ကြောင်းရေလမ်းကြောင်းအား ပြောင်းလဲပေးရန် အစီအစဉ် လိုအပ်မှာဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်းမှာပဲ ဝေန်မြစ်ရဲ့အရှေ့ဘက်ကမ်းမှာတည်ရှိတဲ့ ဝေန်ရေကာတာကြီးဟာ ဟင်္သာတမြို့အထက် တကကျေးရွာမှနေပြီးတော့ အောက်ပိုင်းကျွန်တော်တို့ သာပေါင်းမြို့နယ်ရေလဲကြီးကျေးရွာအထိ ၇၅ မိုင်နဲ့ ၇ ဖာလုံရှည်လျားပါတယ်။ အဆိုပါ ရေကာတာ တစ်လျှောက်မှာ နှစ်အရကာလကြာမြင့်တဲ့အတွက်ကြောင့် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့ရပါတယ်။ အဆိုပါပျက်စီးယိုယွင်းမှုများသည် လူအများသွားလာ၍လည်းကောင်း၊ ကျွဲ၊ နွားများသွားလာ၍လည်းကောင်း၊ သယ်ပို့ယာဉ်များ သွားလာ၍လည်းကောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယိုယွင်းမှုများကြောင့်လည်းကောင်း၊ ကြွက်တွင်းများ၊ ခြအိမ်များကြောင့်လည်းကောင်း အထွေထွေယိုယွင်းပျက်စီးမှုများရှိနေပါတယ်။ အဆိုပါယိုယွင်းပျက်စီးမှုများသည် အမှုမဲ့အမှတ်မဲ့ အနေအထားမျိုးဖြစ်ပါက အမှတ်တမဲ့မှ အမှတ်တရသို့အနေအထားမျိုးကို မပေါ်ပေါက်စေရေးအတွက်ကို ကျွန်တော့်အနေနဲ့ ဝေန်ရေကာတာကြီးရဲ့စွမ်းရည်ခိုင်မာမှုကို ကျွန်တော်တို့လိုအပ်ကြောင်းကိုလည်း ဆက်လက်တင်ပြအပ်ပါတယ်။

ဒီလိုအချိန်ရာသီမျိုးကိုရောက်ရှိတဲ့အခါတိုင်းမှာ ဝေန်မြစ်ကမ်းနဘေးမှာရှိကြတဲ့ ကျွန်တော်တို့ ဟင်္သာတမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်နဲ့ သာပေါင်းမြို့နယ်တို့မှာရှိတဲ့ မိဘပြည်သူများဟာ နှစ်စဉ်နှစ်တိုင်းပဲ ယခင့်ယခင်အတွေ့အကြုံများအရ၊ ဖြစ်စဉ်များအရ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်ခဲ့ရပါတယ်။ သို့အတွက်ကြောင့် စိုးရိမ်ကြောင့်ကြမှုများကင်းဝေးစေရေး အထက်ဖော်ပြပါ မြို့နယ်များနဲ့ ထိခိုက်ပျက်စီးဆုံးမှုများမှမဖြစ်ပွားစေရေး၊ ရေဘေးအန္တရာယ်မှ ကင်းလွတ်စေရေးတို့အတွက် ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့အထက်ရှိ ဝေန်မြစ်ရေလမ်းကြောင်းအား ပြုပြင်ပြောင်းလဲပေးရေးနဲ့ ဝေန်ရေကာတာကြီးရဲ့ ခိုင်မာမှုစွမ်းရည် မြှင့်တင်ပေးရေးအစီအစဉ်များကို သိရှိလိုပါ၍ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ နှစ်စဉ်လေ့ကျင့်သင်ကြားစစ်ဆေး မွေးထုတ်ပေးလျက်ရှိသည့် လက်ရှိအရာရှိနှင့် သင်္ဘောသားအရေ အတွက်များအား နိုင်ငံခြားပင်လယ်ကူးသင်္ဘောသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အရေအတွက်များ ပိုမိုလေ့ကျင့်ထုတ်ပေးရန် အစီအစဉ်များနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာ့ကုန်စည် ပို့ဆောင်မှုလုပ်ငန်းများကိုရေကြောင်းပို့ဆောင်ရေးကဏ္ဍများကိုရေကြောင်းပို့ဆောင်ရေးမှ အဓိကတာဝန်ထမ်းဆောင်လျက်ရှိတာကိုတွေ့ရပါတယ်။ နိုင်ငံခြားသားသင်္ဘောအရာရှိများနဲ့ သင်္ဘောသားများမှာ လစာနှုန်းထားမြင့်မားမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံခြားငွေရှာဖွေပေးသည့် လုပ်ငန်းများဖြစ်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံသည်လည်းပဲ ကမ္ဘာ့သင်္ဘောသားဈေးကွက်တွင် သင်္ဘောသားများပေးပို့ဆောင်ရွက်နေသော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် ကမ္ဘာ့သင်္ဘောသားဈေးကွက်တွင် သင်္ဘောသားအရာရှိများနှင့် ပင်လယ်ပြင်လုပ်သက်အတွေ့အကြုံရှိသော သင်္ဘောသားများဟာ လိုအပ်ချက်ထက်များစွာလျော့နည်းနေကြောင်း ယင်းအခွင့်အရေးများကို သင်္ဘောသားများအလုပ်အကိုင်ရရှိရေး

ဆောင်ရွက်နေသည့် နိုင်ငံအသီးသီးမှ သင်္ဘောအရာရှိများမှ သင်္ဘောသားများလက်ဦးမှုရယူဖြည့်တင်းနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လာကြသည့်အပြင် သင်္ဘောပိုင်ရှင်များဘက်မှလည်း သင်္ဘောသားခေါ်ယူနေကြသောနိုင်ငံများအပြင် သင်္ဘောသားအရင်းအမြစ်ရှိသောနိုင်ငံများအား တိုးတက်ရှာဖွေလာကြရာ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား ၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ သင်္ဘောသားများအား ပိုမိုခေါ်ယူအသုံးပြုလာကြပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံသား သင်္ဘောသားများသည် အရည်အချင်းကောင်းမွန်ခြင်း၊ စည်းကမ်းလိုက်နာ၍အလုပ်ကြိုးစားခြင်း၊ သင်ကြားတတ်မြောက်ရန်လွယ်ကူခြင်းကြောင့် သင်္ဘောသားဈေးကွက်တွင် နေရာရရှိပြီးဖြစ်ရာ ဈေးကွက်လိုအပ်ချက်ပြည့်မှီစေရေးအတွက် အရည်အချင်း ပြည့်ဝသော သင်္ဘောသားများ လေ့ကျင့် မွေးထုတ်ပေးရန်လိုအပ်သည့်အပြင် အရည်အတွက်အရလည်းပိုမိုမွေးထုတ်ပေးနိုင်ရေး စီမံချက်ချလုပ်ဆောင်သွားရန်လိုအပ်လျက်ရှိပါတယ်။ လေ့လာသိရှိရသည့်စာရင်းများအရ မြန်မာနိုင်ငံရှိ မှတ်ပုံတင်ထားသည့်သင်္ဘောသားအရာရှိနှင့်အခြားအဆင့်အရေအတွက်မှာ ၇၀၀၀၀ ကျော်ရှိပြီး၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့်အရေအတွက်မှာ ၂၀၀၀၀ ကျော်ရှိကြောင်းသိရှိရပါတယ်။ ကျန်ရှိသည့်အရေအတွက်များမှာ ကုန်းပေါ်အခြားအလုပ်အကိုင်များသို့ပြောင်းရွှေ့သွားခြင်း၊ အသက်အရွယ်ကြီးရင့်သွားခြင်း၊ သင်္ဘောမလိုက်နိုင်တော့ခြင်း၊ သေဆုံးဒဏ်ရာရရှိခြင်းတို့ကြောင့် လျော့နည်းသွားရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံသင်္ဘောသားအရေအတွက်မှာ အခြားသောနိုင်ငံများ ဖြစ်သည့် ဖိလစ်ပိုင်သင်္ဘောသား ၅ သိန်းကျော်၊ တရုတ်သင်္ဘောသား ၃ သိန်းကျော်နှင့် အိန္ဒိယ၊ အင်ဒိုနီးရှား ၁ သိန်းကျော်အရေအတွက်တို့နှင့်နှိုင်းယှဉ်ပါက သင်္ဘောသားအရေအတွက် အလွန်နည်းပါးနေသေးကြောင်း ဒါလေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံတွင်သင်္ဘောသားလုပ်ကိုင်လိုသည့် လူငယ်၊ လူရွယ်အရည်အချင်းရှိသူများ၊ ပညာတတ်အများအပြားရှိနေသော်လည်း တရားဝင်သွားရောက်လုပ်ကိုင်ရန် ကန့်သတ်ချက်များပြီး၊ ငွေကြေးကုန်ကျမှုများပြားသဖြင့် တရားမဝင်သွားရောက်လုပ်ကိုင်နေသူများလည်းရှိပါတယ်။ ဒါ့ကြောင့် အလိမ်ခံရမှုများ၊ လူကုန်ကူးခံရမှုများအပြင် အခြားသောမလိုလားအပ်သည့် ပြဿနာများလည်းဖြစ်ပေါ်လျက်ရှိပါတယ်။ သင်္ဘောသားများကိုလက်ရှိအရေအတွက်ထက်ပိုမိုမွေးထုတ်ပေးနိုင် မည်ဆိုပါကလူသားအရင်းအမြစ်များလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးပေးရာရောက်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမှာဖြစ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် တစ်နှစ်လုံးမှာ သင်္ဘောသားတစ်ထောင်နှင့် နှစ်ထောင်ကြားသာ မွေးထုတ်ပေးနိုင်ကြောင်း အကြမ်းဖျင်းလေ့လာသိရှိရသဖြင့် အခြားသောသင်္ဘောသား

ထောက်ပံ့သောနိုင်ငံများမှ မွေးထုတ်ပေးနိုင်သောအရည်အတွက်နှင့်နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေကြောင်းတွေ့ရှိရပါတယ်။ သဘော်သားများကို ပိုမိုမွေးထုတ်ပေးနိုင်ပါက နိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ အကျိုးကျေးဇူးများစွာဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသဖြင့် စီမံချက်ချ၍လုပ်ဆောင်သွားသင့်ပါတယ်။ သို့ဖြစ်ပါ၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနမှ နှစ်စဉ်မွေးထုတ်ပေးနိုင်သည့် လက်ရှိ သဘော်သားအရေအတွက်ထက် ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် အစီအမံများ ရှိ၊ မရှိ ဖြေကြား ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဂျိုဖုန်ဆားရ်(နောင်မွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ နောင်မွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျိုဖုန်ဆားရ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွင်းတိုဆင်းလေယာဉ်ကွင်းများအသုံးပြုရန်နဲ့ ပတ်သက်ပြီးမှ မေးခွန်းမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နောင်မွန်းမြို့နယ်၊ နောင်မွန်းမြို့မှာ ၁၉၇၉ ခုနှစ်မှာ ကိုယ်ထူကိုယ်ထ တည်ဆောက်ပြီးစီးခဲ့တဲ့ Twin order လေယာဉ်ကွင်းလေးတစ်ခုရှိပါတယ်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာလည်းပဲ ၎င်းကွင်းတိုဆင်းလေယာဉ်ကွင်းများရှိကြောင်း လေ့လာသိရှိရပါတယ်။ နောင်မွန်းမြို့နယ်ဟာ မြန်မာနိုင်ငံရဲ့မြောက်ဘက်ဆုံးမှာတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး လွန်စွာခက်ခဲသေးတဲ့ ဒေသဖြစ်ပါတယ်။ ဒါပေမယ့် Twin order လေယာဉ်ဆင်းပေးခဲ့တဲ့ ကာလများဖြစ်တဲ့ ၁၉၈၀-၁၉၈၄ နှစ်တာကာလများမှာ နိုင်ငံ့ဝန်ထမ်းများနဲ့ ပြည်သူ၊ လူထုများရဲ့ သွားလာဆက်သွယ်ရေးနဲ့ စားသောက်ရေးအဆင်ပြေခဲ့ကြပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ကျွန်တော်တို့ အဲဒီအစီအစဉ် မရှိတော့တဲ့အတွက်ကြောင့် ဆက်သွယ်သွားလာရေး ခက်ခဲလျက်ရှိကြပါတယ်။ တစ်နှစ်တာရဲ့ ပွင့်လင်းရာသီဖြစ်တဲ့ လေးလမှအပကျန်တဲ့ ရှစ်လလောက်ဟာဆိုလို့ရှိရင် တောင်ပေါ်လမ်းခရီးဖြင့် ကိုယ့်ရိက္ခာကိုယ်ထမ်းပြီးတော့ ပြည်သူများနဲ့ နိုင်ငံ့ဝန်ထမ်းများဟာ နောင်မွန်းမြို့ကနေ ပူတာအိုမြို့စသည်ဖြင့် အောက်ပြည်အောက်ရွာကိုသွားလာဆက်သွယ်နေရပါတယ်။ နိုင်ငံတော်အကြီးအကဲများ မိမိတို့ရဲ့ မြို့နယ်ကိုရောက်ရှိခဲ့တဲ့အချိန်မှာ ၎င်းလေယာဉ်ကွင်းလေးကို ထိန်းသိမ်းထားဖို့လည်းပဲ မိန့်မှာခဲ့ပါတယ်။ ထိုနည်းတူစွာ မြို့နယ်အနေနဲ့၊ ကျွန်တော်တို့ အနေနဲ့လည်းပဲ ၎င်းလေယာဉ်ကွင်းကို အခုအထိ ထိန်းသိမ်းထားဆဲဖြစ်ပါတယ်။ ဒါ့ကြောင့်

သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ယခင်ရှိပြီးဖြစ်တဲ့ ကွင်းတိုဆင်းလေယာဥ်များ၊ လေယာဥ်ကွင်းများ အသုံးပြုသွားရန် အစီအစဥ်ရှိ ၊ မရှိ သိလိုပါတယ်။ အကယ်၍ အစီအစဥ်ရှိပါကလည်းပဲ မည်သည့် ကာလကစပြီးမှ စီစဥ်သွားမည်ဖြစ်ကြောင်းကိုလည်းပဲ သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ မေးခွန်းများအလိုက် ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက စဖြေပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်ပါကြောင်းနဲ့ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့ စောစောက တင်ပြမေးမြန်းသွားတဲ့ မေးခွန်းများအနက်ကနေပြီးတော့ ဦးမောင်မောင်တင်၊ ရေကြည်မြို့နယ်၊ ငဝန်မြစ် ရေလမ်းကြောင်းပြောင်းလဲပေးခြင်းနှင့် တာအဆင့်မြှင့်တင်ရေးနဲ့ ပတ်သက်လို့ တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စောစောက ငဝန်မြစ်ရေဟာ မိုးတွင်းမှာ ဟင်္သာတ၊ ရေကြည် ကျွန်တော်တို့သာပေါင်းမြို့နယ်များအတွက်စိုးရိမ်ရတဲ့ အနေအထားဖြစ်တဲ့အတွက် ကျွန်တော်တို့ ငဝန်ရေလမ်းကြောင်းပေါ်မှာ တာ ၇၅ မိုင်ကျော်ရှည်တဲ့ တာများကို ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ကျွန်တော်တို့ တည်ဆောက်ပေးလျက်ရှိပါတယ်။ အလားတူတည်ဆောက်ပေးလိုက်တဲ့နေရာမှာနှစ်စဥ်ဖြစ်ပေါ်လာတဲ့ရေကြီးမှုအခြေအနေအပေါ်တော်တော် များများနှင့်ပတ်သက်ပြီးတော့ နွေရာသီကာလမှာ ဆည်မြောင်းဦးစီး ဌာနအနေနဲ့ ရရှိသမျှ ဘတ်ဂျက်နဲ့ ကျွန်တော်တို့ တာများကို ခိုင်ခံ့အောင်ပြုလုပ်ပေးခြင်း၊ ကြွက်တွင်းများကို လိုက်လံရှာဖွေ၍ ဖို့ပေးခြင်း၊ စိတ်မချရတဲ့ ကျွန်တော်တို့တာများမှာဆိုရင် နောက်က ပန်းတာအဖြစ် ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပထမဆုံး စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦးရဲ့ မေးခွန်းကို ပထမဆုံး ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမဖြေကြားခင်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ရေ၊ မြေသဘာဝတွေကို အကျဉ်းချုံး ကျွန်တော် တစ်မိနစ်၊ နှစ်မိနစ်တင်ပြပါရစေ။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ တောင်နဲ့မြောက်အလျား ၁၂၇၅ မိုင်၊ အရှေ့အနောက်အနံ ၅၈၂ မိုင်ရှိပါတယ်။ စုစုပေါင်း အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်ရှိပါတယ်။ ဧရာဝတီမြစ်ဆိုလို့ရှိရင်မေခ၊ မလိခကနေပြီးတော့ ရန်ကုန်မြစ်ဝအထိမိုင်ပေါင်း ၁၃၄၈ မိုင်၊ သံလွင်မြစ်ဆိုလို့ရှိရင်လည်း လောက်ကိုင် ကနေမုတ္တမကွေ့အထိ မိုင်ပေါင်း ၇၅၀၊ ချင်းတွင်းမြစ် ဆိုလို့ရှိရင်လည်း ခန္တီးအထက်ကနေပြီးတော့ ဧရာဝတီနဲ့ဆုံတဲ့ မြင်းခြံမြို့နားအထိ မိုင်ပေါင်း ၇၅၀၊ စစ်တောင်းမြစ်ဆိုလို့ရှိရင်လည်း တောင်ငူကနေ မုပ္ပလင်အထိ မိုင်ပေါင်း ၁၈၀၊ ဝေန်မြစ်ဟာ ဆိုလို့ ရှိရင်လည်း ညောင်ကျိုးကနေပြီးတော့ ဟိုင်းကြီးအထိ မိုင်ပေါင်း ၂၁၂ ရှည်လျားတဲ့ ရေလမ်းကြောင်းကြီးဖြစ်ပေါ်နေပါတယ်။ ကျွန်တော် ဒါတွေတင်ပြရတာ ကတော့ ကျွန်တော်တို့ အထက်ဖော်ပြခဲ့တဲ့ မြစ်ကြောင်းများအရှည်ဟာ မိုင်ပေါင်း ၃၀၀၀ အထက်မှာ ရှိပါတယ်ခင်ဗျား။ မြန်မာနိုင်ငံမှာ တစ်နှစ်လုံးရွာသွန်းတဲ့ မိုးရေချိန်လက်မဟာ ၁၉၆၁ ခုနှစ်ကနေပြီးတော့ ၁၉၉၀ ခုနှစ် နှစ်ပေါင်း ၃၀ မှတ်တမ်းများအရ နှစ်စဉ် ကျွန်တော်တို့ မိုးရေချိန်လက်မ ၈၉ လက်မ ရှိပါတယ်။ ၂၀၀၁ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ နောက်ဆုံး ၁၀ နှစ်အတွက် ပျမ်းမျှမိုးရေချိန်လက်မကတော့ ကျွန်တော်တို့ ၉၆ လက်မ ရှိပါတယ်။ ဒါဟာ ဘာကိုရည်ညွှန်းလည်းဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နှစ် ၄၀ အတွင်းမှာ မိုးရေချိန်လက်မက နောက်ဆုံး ၁၀ နှစ်မှာ မိုးအများကြီးပိုမိုရွာကြောင်း ကျွန်တော်တို့ တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီမြစ်တွေကနေပြီးတော့ ကျွန်တော်တို့ စုစုပေါင်း ရေကုဗပေ ကျွန်တော်တို့ သန်းပေါင်း ၅၈ သန်း ကျွန်တော်တို့ ရပါတယ်။ အဲဒီရေ ကုဗပေသန်းပေါင်း ၅၈ သန်းအနက်ကနေပြီးတော့ အဲဒီ ရေကုဗပေကို ကျွန်တော်တိုင်းကြည့်လိုက်မယ်ဆိုရင်တော့ တစ်နှစ်လုံး ကျွန်တော်တို့ မြန်မာ တစ်ပြည်လုံး မှာ ရေထုထည်ဟာ ၈ ပေ လောက်ကျွန်တော်တို့ ရပါတယ်။ ၈ ပေအနက်ကနေပြီးတော့ ၃ ပေလောက် ကတော့ ပင်လယ်ထဲကို စီးသွားပါတယ်။ ကျန်တဲ့ ၅ ပေလောက်ကတော့ ကျွန်တော်တို့ ရေငွေ့ပျံခြင်းနဲ့ မြေကြီးထဲကို စိမ့်ဝင်သွား တဲ့ရေများဖြစ်ပါတယ်။ အဲဒီတော့ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံက ပင်လယ်ထဲ ကို စီးသွားတဲ့ရေဟာ ၃၈ ရာခိုင်နှုန်း ဖြစ်ပြီးတော့ ကုဗပေသန်းပေါင်း ၂၂ သန်း

စီးတာဖြစ်ပါတယ်။ အဲဒီ ကုဗပေ ၂၂ သန်း မြန်မာပြည်တစ်ပြည်လုံးရဲ့ မြေဧရိယာနဲ့ တွက်မယ် ဆိုလို့ရှိရင် အမြင့်ပေ ၃ ပေရှိတဲ့ ရေထုကြီးဟာ ကျွန်တော် ခုန တင်ပြခဲ့တဲ့ မြစ်ချောင်း၊ မြစ်များကနေ ပြီးတော့ မိုင်ပေါင်း ၃၀၀၀ ကျော် ရှည်လျားတဲ့ မြစ်ကြောင်းများကနေပြီးတော့ ပင်လယ်ထဲကို တစ်နှစ်တာကာလမှာ စီးဆင်းတာဖြစ်ပါတယ်။ အဲဒီစီးဆင်းတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ မြစ်ကြောင်းများအနေနဲ့ မြစ်ကမ်းများပြိုခြင်း၊ ရေကြီးခြင်းကိစ္စများဖြစ်ပါတယ်။ ဒီကိစ္စ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ရေး ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့အဓိက ပြည်တွင်း၊ ပြည်ပလေကြောင်း နဲ့ ရေကြောင်းပို့ဆောင်ရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့အပြင်ကို ခုနကျွန်တော်တို့ မြစ်ချောင်းများ ထိန်းသိမ်းရေးနဲ့ကိစ္စများကို တာဝန်ယူဖို့အတွက် ကျွန်တော်တို့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကို ၁၉၉၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ စတင်တည်ထောင်ပြီးတော့ ဝန်ထမ်းအင်အား ၁၀၀၀ နဲ့ ယန္တရား ၉၀ လောက်နဲ့ ကျွန်တော်တို့ ဒီကိစ္စများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကတာဝန် ကတော့ မြစ်များရေလမ်းကြောင်းကောင်းမွန်ပြီး၊ မြို့ဆိပ်ကမ်းများ မပြောင်းရွှေ့ရဘဲ ၁၂ ရာသီ အသုံးပြုဖို့၊ မြို့ရွာများ ရေတိုက်စားမှုမှ ကာကွယ်ဖို့ အဓိကရည်ရွယ်ပါတယ်။ ခုနကကိုယ်စားလှယ်တော်ကြီး မေးမြန်း ထားတဲ့ရေဦးမြို့နဲ့ ပတ်သက်ပြီးတော့ ရေဦးမြို့ဟာဆိုလို့ရှိရင် ကျွန်တော်တို့ မူးမြစ်ရဲ့အနောက်ဘက် ကမ်းမှာ တည်ရှိပါတယ်။ ရေဦးမြို့ရဲ့ မြောက်ဘက် ၅၇ မိုင် ကျွန်တော်တို့ မူးမြစ်ဖျားမှာ ကျွန်တော်တို့ သဖန်းဆိပ် ဆည်ကြီးရှိပါတယ်။ ရေဦး မြို့ရဲ့မြောက်ဘက် ၁၅ မိုင်မှာ ကျွန်တော်တို့ ကာဘိုးဆည်ရှိပါတယ်။ အဲဒီ ကာဘိုးဆည်ဟာ အင်္ဂလိပ်လက်ထက်က ၁၉၀၅ ခုနှစ်က မူးမြစ်ကိုပိတ်ပြီးတော့ ဆည်ထားတာ ဖြစ်ပါတယ်။ ပြီးတော့သူ့ရဲ့မြောက်ဘက် ကာဘိုးဆည်ရဲ့မြောက်ဘက် မိုင် ၃၀ အကွာမှာ ကျွန်တော်တို့ ကင်းတပ်ဆည် သူကတော့ ၁၉၉၇ ခုနှစ်တည်းက တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ ကင်းတပ်ဆည်ရဲ့ မြောက်ဘက် ၁၂ မိုင်အကွာမှာ ကျွန်တော်တင်ပြခဲ့တဲ့ သဖန်းဆိပ်ဆည်ကိုတော့ ၂၀၀၁ ခုနှစ်မှာ ကျွန်တော် တို့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ယေဘုယျအနေအထားအရပြောမယ်ဆိုရင် ကျွန်တော်တို့ မူးမြစ်ဖျားမှာဆည်၊ ဆည်ကြီးနဲ့ ကျွန်တော်တို့ ကျန်တဲ့ရေလွှဲတမံနှစ်ခုရှိတယ်။ စုစုပေါင်း သုံးခုရှိပါ တယ်။ ဒီအချက် များကတော့ ယေဘုယျအားဖြင့်ဆိုလို့ရှိရင် မူးမြစ်ထဲမှာ ရေလွှမ်းမိုးမှုနဲ့ ကမ်းရေတိုက်စားမှုကို ကျွန်တော်တို့ကာကွယ်ဖို့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့မူးမြစ်၊ ရေဦးမြို့မှ မူးမြစ် ရေကမ်းပါးပြိုမှုနှင့်ပတ်သက်ပြီးတော့ မှတ်တမ်းများအရ ကျွန်တော်တို့က ဒီ ထူးထူးခြားခြား ကျွန်တော်တို့

ဌာနအတွက်တော့ မှတ်တမ်းများ မရှိပါဘူး။ အဲဒီတော့ မှတ်တမ်းများက ၁၉၈၅-၈၆ခုနှစ်မှာ ရေဦးမြို့ရဲ့ အောင်မင်္ဂလာရပ်ကွက်၊ ကမ်းပြိုမှု လျော့နည်းရေးအတွက် ဒေသအစီအစဉ်ဖြင့် မျှောတိုင် ရေကာတာများ တည်ဆောက်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ မူးမြစ်ကူးတံတားရဲ့ မြစ်ညာဘက်မှာ ကမ်းပြိုမှုဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့မျှောတိုင်နှစ်ခု တည်ဆောက်ပေးခဲ့ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ခုနကကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ ရေဦးမြို့ရေတိုက်စားမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ယခင်အစဉ်အလာကတော့ ကျွန်တော်တို့ ထူးထူးခြားခြားဆောင်ရွက် ပေးခဲ့တာမရှိပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နယ်မြေဒေသ တစ်ပြည်လုံးမှာရှိတဲ့ မည်သည့်မြို့ရွာမဆို ရေတိုက်စား မှုဖြစ်လို့ရှိရင် နီးစပ်ရာ အုပ်ချုပ်ရေး အာဏာပိုင်နဲ့ ဒေသအာဏာပိုင်နဲ့ ကျွန်တော်တို့ ပူးပေါင်းပြီးတော့အမြန်ဆုံး ဆောင်ရွက်ပေးဖို့ တိုင်းနဲ့ပြည်နယ် အားလုံးကိုကျွန်တော်တို့ စာထွက်ထားပြီးသားဖြစ်ပါတယ်။အဲဒါကိုမူတည်ပြီးတော့အခုကိုယ်စားလှယ်ကြီးအနေနဲ့လည်းမူးမြစ်ရေနဲ့ ပတ်သက်ပြီးတော့ ကိစ္စများပေါ်ခဲ့လို့ရှိရင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အာဏာပိုင်များနှင့် ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ကို သတင်းပေးမယ်ဆိုရင် အမြန်ဆုံးဆောင်ရွက်ပေးမှာဖြစ်ကြောင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

ဒုတိယမေးခွန်းဖြစ်တဲ့ ဖျာပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ရဲ့မေးခွန်းကို လည်း ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်စောစောပိုင်းကတင်ပြခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ရှည်လျားသော ရေလမ်းကြောင်းကြီးနဲ့ ထုထည်ကြီးမား သော ရေထုကြီးကို တစ်နှစ်လုံး ကျွန်တော်တို့ သယ်ဆောင်လာတာ ဖြစ်ပါတယ်။ ဖျာပုံမြစ်နဲ့ပတ်သက်ပြီးတော့ဖျာပုံမြို့ဟာ ပင်လယ်ဝ ကနေပြီးတော့ ၅ မိုင်အကွာမှာရှိပါတယ်။ မြစ်ဟာဖျာပုံမြို့ရဲ့ အနောက်ဘက် ကမ်းမှာရှိပါတယ်။ ဖျာပုံမြို့ရဲ့ အမြင့်ပေဟာ ပင်လယ်ရေပြင်အထက်ကို ၁၀ ပေပဲ ရှိပါတယ်။ ဖျာပုံမြို့ဟာ ရန်ကုန်မြို့ကနေ ရေလမ်းအားဖြင့် ၆၄ မိုင်ရှိပါတယ်။ ကျွန်တော်တို့ ဖျာပုံမြို့ရဲ့ ရေအကျဆုံးအချိန်မှာ ၅ ပေ ၆ လက်မ ဖြစ်ပြီးတော့ အတက်ဆုံးအချိန်မှာ ၇ ပေဖြစ်ကြောင်းတွေ့ရပါတယ်။ဖျာပုံမြို့ကို ဥက္ကဋ္ဌကြီး ကြည့်လိုက်မယ် ဆိုလို့ရှိရင် သူဟာမြို့ရဲ့ Outer တန်းမှာရှိတော့ ရေက အဲဒီဘက်ကစီးတာဖြစ်ပါတယ်။ သူ့ရဲ့တစ်ဘက် ကမ်းမှာသောင်ကြီးပေါ်တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြို့ရွာများရေစီးကမ်းပြိုမှုနဲ့ ပတ်သက်လို့ရှိရင် မြစ်ကြောင်းပြောင်း လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဟာ မြစ်ကိုတစ်ဘက်စီးသွား

ပြီးတော့ သောင်ပေါ်တာဖြစ်ပါတယ်။ တစ်ဘက်ကသောင်ပေါ်ပြီးရင်တစ်ဘက်က ကမ်းပြိုတာဖြစ်ပါတယ်။ ဒါဟာမြစ်တွေရဲ့သဘာဝပါ။အထူးသဖြင့် အကွေ့တွေမှာဖြစ်ပါတယ်။ Outer တန်း ဆိုတဲ့နေရာမှာ ကမ်းပြို ပြီးတော့ Inter တန်းက သောင်ပေါ်ပါတယ်။ အဲဒါ မြစ်ရဲ့သဘာဝဖြစ်ပါတယ်။ ဖျာပုံမြို့ တစ်ဘက်ကမ်းမှ သောင်ခုံကျယ်ပြန့်လာခြင်းကြောင့် မြစ်ကွေးအပြင်ဘက် ကျယ်ပြန့်လာခြင်းကြောင့်ဖြစ်ခြင်း၊ မြစ်ကွေးရဲ့ Outer တန်းမှာရှိခြင်းကြောင့် ဒီနောက်တစ်ခုကဖျာပုံမြစ် ကမ်းပါးမြေဟာ မြစ်ဝကျွန်းပေါ် ဒေသဖြစ်တဲ့ အလျောက် သဲနုန်းဆန်တဲ့မြေဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ရေတိုက်စားမှုဖြစ်တာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်ဒီမှာတင်ပြချင်တာက ကမ်းနားမှာရှိတဲ့၊ ထုထည်ကြီးမားတဲ့၊ ဝိတ်များတဲ့ ဘုရား တို့၊ တိုက်တို့ ရှိလို့ရှိရင် ဒါဟာပြိုဖို့ အခွင့်အလမ်းများပါတယ်။ ဖျာပုံမြို့ မြစ်ကမ်းပါးတစ်လျှောက် ကမ်းပါး အခြေအနေကို လေ့လာပြီးတော့ မြစ်ကွေးရဲ့ အလယ်ဗဟိုမှာရှိတဲ့ ပြည်လုံးချမ်းသာဘုရားတစ်ဝိုက်က ပြည်လုံးချမ်းသာ ဘုရားအနေနဲ့ ဖျာပုံမြို့ရဲ့ မြစ်ကွေးရဲ့ အလယ်ခေါင်တည့်တည့်မှာ ရှိပါတယ်။ အလယ် ခေါင်တည့်တည့် ရှိတဲ့အပြင်ကိုလည်း အဲဒီနေရာဟာ မြစ်ရဲ့အကျဉ်းဆုံး နေရာဖြစ်တယ်။ ဒါကြောင့် အဲဒီဘုရားမှာ ကမ်းပြိုမှု ဖြစ်ပွားကြောင်း ကျွန်တော်တို့ ဒါ တွေ့ရှိရပါတယ်။ ဖျာပုံမြို့ အမှတ် ၁၁ ရပ်ကွက် ပြည်လုံးချမ်းသာဘုရားကြီးဟာ မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၈၇ ခုနှစ်မှာ ဉာဏ်တော် ၂၅ တောင်ရုပ်ပွားတော်တည်ခဲ့ပါတယ်။ မူလတည်ဆောက်စဥ်က ပြဿဒ်တန်ဆောင်း နှစ်ဆောင်နဲ့ဘုန်းတော်ကြီးကျောင်း သုံးကျောင်းခြံရံလျက်နှစ်စဥ်ကမ်းပြိုမှုဖြစ်ပွားပြီးနောက် ၁၉၆၄ ခုနှစ် မှာ တန်ဆောင်းတော်ကြီးတစ်ခု နဲ့ ဘုန်းတော်ကြီးနှစ်ကျောင်းတို့ဟာ ကျွန်တော်တို့ ကမ်းပြိုထဲမှာပါသွားခဲ့ ပါတယ်။ ထို့နောက် သာစည် ဘုရားကြီးရဲ့ ကျန်ရှိသော တန်ဆောင်းကြီးကို ဖျာပုံမြစ်ကမ်းပါးပေါ်မှာ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းကြောင့်လည်း ကျွန်တော်တို့ တန်ဆောင်းတော်ကြီးတစ်ခါ ထပ်ပြိုခဲ့ပါတယ်။ သာစည်ဘုရားကြီးရှေ့ မြစ်ကမ်းအခြေအနေကို အသေးစိတ်တိုင်းတာပြီးတော့ ဘုရားကြီးနဲ့တည့်တည့် မြစ်ကမ်းမှာ ၁၇၀ ပေအကွာမှာ ရေနက်၊ ရေနက်အိုးကြီးဖြစ်နေပါတယ်။ ဘုရားရှေ့တည့်တည့်မှာ။ ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ခုနကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့အတိုင်းပဲ ကျွန်တော်တို့ ၂၀၁၀ ခုနှစ်မှာ ခုနဖျာပုံကပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်တင်ပြသလိုပါပဲ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ဒေသခံပေါင်းပြီးတော့ ဘုရားကြီးကမ်းပြိုမှုကို ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ သို့သော် လည်းပဲ ခုနကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ ဒီမြစ်ကမ်းပါးရဲ့အခြေအနေဟာ မြစ်ကမ်းအလျားဟာ

ပေပေါင်း ၁၁၀၀၀ ကျော်ရှိပါတယ်။ နှစ်မိုင်လောက်ရှိပါတယ်။ ဒီကမ်းပါးဟာ ဆိုလို့ရှိရင်တော့ တစ်ဖြည်းဖြည်း ပြိုနိုင်တဲ့ အခြေအနေရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးနဲ့ ဒေသခံအာဏာပိုင်များ မကြာမကြာကြည့်ရှုစောင့်ရှောက်၊ ကြည့်ရှုပြီးတော့ လိုအပ်မယ်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနကို အကြောင်းကြားမယ်ဆိုရင်ကျွန်တော်တို့ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဒုတိယမေးခွန်းကိုဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

တတိယမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်း ရေကြည်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်မှာ စောစောပိုင်းကတင်ပြခဲ့သလိုပဲ ရေအရင်းအမြစ်နဲ့မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြစ်ချောင်းများအတွင်း ရေယာဉ်များအန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့် ရေလမ်းထိန်းသိမ်းမှုကို တာဝန်ယူဆောင်ရွက်တာဖြစ်ပါတယ်။ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ဟာ ငဝန်မြစ်ညောင်ကျိုးကနေပြီးတော့ ၆၈ မိုင်၊ ပုသိမ်မြို့ကနေ ၇၇ မိုင်အကွာ ငဝန်မြစ် ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ရှိပါတယ်။ အသေးစိတ်အခြေအနေကတော့ ခုနကကိုယ်စားလှယ်တော်ကြီး တင်ပြပြီးဖြစ်ပါတယ်။ ငဝန်မြစ်ရဲ့ ကျွန်တော်တို့ မှတ်တမ်းများအရ ရေအမြင့်ဆုံး ရေအမှတ်က ၁၉၇၄ ခုနှစ်မှာ ၃၁ ပေဖြစ်ပြီးတော့ အနိမ့်ဆုံးက (၂ပေ) ဖြစ်ပါတယ်။ လယ်/ဆည်ဝန်ကြီးဌာနက တည်ဆောက်ထားတဲ့ ဆည်မြောင်းဆည်ရဲ့ ဆည်အမြင့်ဆုံးရေက ၃၆.၅ ပေ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ခုန တင်ပြခဲ့တဲ့ ငဝန်မြစ်ကို မြစ်ကြောင်းများ ပြောင်းဖို့အတွက် အစီအစဉ်ရှိလား၊ မရှိလားနဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မြစ်ကြောင်းများကို ပြောင်းပေးမယ်ဆိုရင်ကျွန်တော်တို့ဒီဟာကြီးကို**ထရက်ဂျာ**နဲ့တူးဖြတ်ရတာဖြစ်ပါတယ်။ တူးဖြတ်ရတဲ့အချိန်မှာ သူရဲ့ အောက်ဘက်ပိုင်းမှာ ကျွန်တော်တို့ မမျှော်မှန်းနိုင်တဲ့ပြဿနာတွေ အများကြီးဖြစ်ပါတယ်။ ကျွန်တော်ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ငဝန်မြစ်ကမ်းနဲ့ ပတ်သက်ပြီးတော့ပို့ဆောင်ရေး ဝန်ကြီးဌာနကနေပြီးတော့ လေးမျက်နှာထူပါရုံစေတီ ကမ်းပြိုမှုကာကွယ်ရေး၊ လေးမျက်နှာစေတီ ရွှေကြက်ကျဘုရားကမ်းထိန်းရေး၊ ဟိုင်းကြီးကျွန်း ရေလမ်းကောင်းမွန်ရေး၊ ငဝန်မြစ်ကြောင်းဖွံ့ဖြိုးရေး လုပ်ငန်းများ ငဝန်မြစ်ကူးတံတား ပုသိမ်ကမ်းထိန်း လုပ်ငန်းများ၊ ပုသိမ်ဆိပ်ကမ်း ကမ်း(၁)၊ (၂)ထိန်း လုပ်ငန်းများကို ၁၉၉၉-၂၀၀၀ခုနှစ်မှ၂၀၁၀-၂၀၁၁ခုနှစ်အထိကျွန်တော်တို့ဘဏ္ဍာငွေစုစုပေါင်း ၈၁၁သန်း ကုန်ကျခံပြီး ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ၁၀နှစ်တာကာလအတွင်းပါ။ ကိုယ်စားလှယ်တော်ကြီး

တင်ပြတဲ့ ငဝန်တာကမ်းပြို ရေစားမှုနဲ့ပတ်သက်ပြီးတော့ ဆည်မြောင်းဦးစီးဌာနကလည်းဖြေကြားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကတော့ ဒီကိစ္စနဲ့ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ အဲဒီဒေသကိုသွားပြီးတော့ သေချာတိုင်းတာပြီးတော့ ကျွန်တော်တို့ အစီရင်ခံစာ တင်ပြဖို့ ဘယ်လိုဆက်လက်ပြီးဆောင်ရွက်ရင်ကောင်းမလဲဆိုတာတင်ပြဖို့အတွက် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ယခင်ကတော့ ကျွန်တော်တို့ခုန တင်ပြခဲ့တဲ့ငသိုင်းချောင်းမှာတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်ထားတဲ့အစီအစဉ် အရင်တုန်းကမရှိခဲ့ပါဘူး။ တကယ်လို့ လိုအပ်မယ်ဆိုရင် ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားဖို့ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

နောက်စတုတ္ထမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမြင့်ရဲ့မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံသားပင်လယ် ကူးသင်္ဘောများ အလုပ်အကိုင်ရရှိရေးကို တာဝန်ယူဆောင်ရွက်တာဖြစ်ပါတယ်။ ၉-၉-၂၀၁၁ ရက်နေ့ ပြီးခဲ့တဲ့ သောကြာနေ့ကရတဲ့ မှတ်တမ်းများအရ မြန်မာနိုင်ငံသား သင်္ဘောသား စုစုပေါင်း ၇၅၆၄၂ ဦးဟာ လက်မှတ်များထုတ်ပေးပြီးဖြစ်ပါတယ်။ ၇၅၀၀၀ ကျော်ပါတယ်။ ၇၅၀၀၀ ကျော် အနက် အရာရှိကတော့ ၂၇၀၀၀ ဖြစ်ပြီးတော့ ၄၈၀၀၀ ကအခြားအဆင့်တွေဖြစ်ပါတယ်။အထက်ပါ သင်္ဘောသားများအနက် လက်မှတ် ထုတ်ပေးထားတဲ့ သင်္ဘောသားများအနက် လက်ရှိသင်္ဘောပေါ်မှာအရာရှိ ၇၀၀၀ နဲ့ အခြားအဆင့် ၁၆၀၀၀ စုစုပေါင်း ၂၃၀၀၀ ကျော်ဟာ သင်္ဘောတွေပေါ်မှာ တာဝန်ထမ်းဆောင် လျက်ရှိပါတယ်။ အခြားအဆင့် သင်္ဘောသားများအနေနဲ့ အနည်းဆုံးလခက ၂၀၀ ကနေ ၁၃၀၀တွေ ရပါတယ်။ အရာရှိများ အနေနဲ့အနည်းဆုံး ၁၅၀၀ ကနေ ၆၅၀၀ အကြားရပါတယ်။ ကျွန်တော်တို့ တွက်ချက်မှုများအရ ယနေ့ နိုင်ငံခြားသင်္ဘောများပေါ်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ မြန်မာနိုင်ငံ သင်္ဘောသားဦးရေ ၂၃၀၀၀ ကနေပြီးတော့ အရာရှိများကနေ ပြီးတော့ တစ်လကို အမေရိကန်ဒေါ်လာ ၁၈ သန်း၊ အခြားအဆင့်များ ကတော့ ၁၂ သန်း၊စုစုပေါင်းတစ်လကို သန်း ၃၀ ဝင်ငွေရှာပေးတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှာ မြန်မာ နိုင်ငံရေကြောင်းပညာတက္ကသိုလ်နဲ့ မြန်မာနိုင်ငံကုန်သွယ်ရေးကောလိပ်ကနေပြီးတော့ တစ်နှစ်ကို ကျွန်တော်တို့ အရာရှိ ၇၀၀ မွေးထုတ်ဖို့ စီမံထားပါတယ်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်က

တစ်နှစ်ကို ကျောင်းသား ၄၀၀ နဲ့ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ကတစ်နှစ်ကို ၃၀၀၊ စုစုပေါင်း ၇၀၀ မွေးထုတ်ဖို့ စီမံထားတာဖြစ်ပါတယ်။ အခြားအဆင့်များ မွေးထုတ်ရေးနဲ့ပတ်သက်ပြီးတော့ အစိုးရကျောင်းနှစ်ကျောင်းအပြင် ပုဂ္ဂလိကကျောင်း ခုနှစ် ကျောင်း၊ စုစုပေါင်း ကိုးကျောင်းကိုလည်း ကျွန်တော်တို့ ၅-၉-၂၀၁၁ ခုနှစ်ကစပြီးတော့ ကျွန်တော်တို့ ကျောင်းများကိုဖွင့်လှစ်ပြီးတော့ သင်တန်းများ ပို့ချဆဲဖြစ်ပါတယ်။ ဒီသင်တန်းများပို့ချရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လေးလ၊ ငါးလကြာလို့ရှိရင်အခြား အဆင့်သင်တန်းသား ၄၀၀၀ ကျော်ကို မွေးထုတ်ပြီး ဖြစ်မှာဖြစ်ပါတယ်။ စာမေးပွဲ စစ်တဲ့စနစ်များကိုလည်း ရှင်းလင်းလွယ်ကူတဲ့စနစ်နဲ့ မေးခွန်းထုတ်ခြင်း၊ အမှတ်ပေးခြင်းများကိုလည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ နိုင်ငံခြားသင်္ဘောသားများလေ့ကျင့်ရေး၊ မွေးထုတ်ရေး၊ အလုပ် အကိုင်ရှာဖွေရေးကို ယခုကဲ့သို့စိတ်ဝင်စားပြီးတော့အများရဲ့အကျိုးအတွက် ခုနကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပဲ အလုပ် အကိုင်ရှာဖွေရေးမှာ ရိုးရိုးသွားလုပ်တာဆိုလို့ရှိရင်သင်္ဘောသွားလုပ်တာက လခ အများကြီးများပါတယ်။ တစ်နှစ်နေပြီးရင် သူကတစ်နှစ်ပြန်နားတာဖြစ်ပါတယ်။အဲဒီတော့ အခြားလုပ်ငန်းနဲ့ စာရင် ဒီလုပ်ငန်းသည် ကျွန်တော်တို့ တိုင်းပြည်မှာအလုပ်အကိုင်ရှာဖွေရေးအတွက် သင့်လျော်တဲ့ လုပ်ငန်း တစ်ခုဖြစ်ပါတယ်။ ခုနကကမ္ဘာပေါ်မှာရှိတဲ့သင်္ဘောသားအားလုံးရဲ့အခုချိန်မှာ မြန်မာနိုင်ငံသင်္ဘောသားက နှစ်ရာခိုင်နှုန်း လောက်ပဲသင်္ဘောပေါ်မှာရှိပါတယ်။ ဒါဟာကျွန်တော်တို့ဒီကိစ္စကိုလည်းအထူးအလေးအနက်ထားပြီးတော့ အလုပ်အကိုင်ရှာဖွေရေးအတွက် သင်္ဘောသားများ လေ့ကျင့်ခြင်း၊ မွေးထုတ်ခြင်း၊ အလုပ် အကိုင်ရရှိရေး ဆောင်ရွက်ပေးခြင်းများကိုလည်း အထူးဂရုစိုက်ပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ကချင်ပြည်နယ်၊ နောင်မွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးဂျီဖုန်ဆားရ်ရဲ့မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနလက် အောက်မှာရှိတဲ့ မြန်မာ့လေကြောင်းမှာ လောလောဆယ်အခြေအနေ F-28 သုံးစင်း၊ ATR သုံးစင်း၊ MACE သုံးစင်း၊ လေယာဉ် ကိုးစင်းနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရန်ကုန်မြို့ကိုအခြေပြုပြီးတော့ မြို့ပေါင်း ၂၅ မြို့ကို ကျွန်တော်တို့ ပျံသန်းနေတာဖြစ်ပါတယ်။ အနည်းဆုံးမြို့ဟာ တစ်ပတ်ကို နှစ်ခေါက်ပျံပါတယ်။ တစ်နှစ်မှာ ခရီးသည် ၃၄၀၀၀၀ နဲ့ ကုန်တန်ချိန် ၆၀၀ ကိုသယ်ယူပေးလျက်ရှိပါတယ်။ ကိုယ်စားလှယ် တော်ကြီးတင်ပြတဲ့ နောင်မွန်းလေယာဉ်ကွင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့အရင်တုန်းက ခရီးသည်

၁၉ ယောက်သယ်တဲ့ Twin order လေယာဉ်ပျံလေးတွေရှိခဲ့ပါတယ်။ အဲဒီလေယာဉ်ပျံလေးတွေ ဆင်းတုန်းက ကချင်ပြည်နယ်မှာ နောင်မွန်းတို့၊ တနိုင်းတို့ ဒီမြို့တွေမှာ ဆင်းပေးလျက်ရှိပါတယ်။ နောင်မွန်း လေယာဉ်ကွင်းရဲ့ လက်ရှိလေယာဉ်ပြေးလမ်းကတော့ ၂၄၆၁ ပေ၊ အကျယ် ၉၀ ပေ ဖြစ်ပါတယ်။ လောလောဆယ် အခြေအနေအရ မြေသားကွင်းဖြစ်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနအောက်မှာ ဒီလို ကွင်းတိုလေးတွေဆင်းနိုင်တဲ့ လေယာဉ်ပျံမရှိသေးပါဘူး။ သို့သော်လည်းပဲ နယ်စပ်ဒေသများအတွက် နိုင်ငံတော်လုံခြုံရေး၊ အုပ်ချုပ်ရေးနဲ့တခြား ကိစ္စများ ဆောင်ရွက်နိုင်ဖို့အတွက် ခရီးသည် ၁၉ ယောက် ဆံ့တဲ့ကွင်းတို ပေ ၃၀၀၀ လောက်မှ ဆင်းနိုင်တဲ့ လေယာဉ်ပျံလေးကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ ဝယ်ယူဖြည့်တင်းပြီးတော့ပြေးဆွဲဖို့လောလောဆယ်စီမံကိန်းရှိကြောင်းပေါ့။ ခြောက်လ၊ တစ်နှစ် လောက်ဆို ဒါတွေဖြစ်လာမှာပါ။ ဒီအတွက် ရည်ရွယ်ပြီးတော့ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားရင်းနှင့် နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုဖြေကြားသွားတာနဲ့ ပတ်သက်ပြီးတော့ ရေဦးမဲဆန္ဒနယ်မှ မေးမြန်းတဲ့ မူးမြစ်ရေတိုက်စားခြင်းသည် ကျွန်တော်တို့ သိသလောက် ဒီမူးမြစ်ကို စနစ်တကျအသုံးပြုပြီးတာ့ မူးမြစ်က စီးလာတဲ့ရေတွေကို လယ်ယာစိုက်ပျိုးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကြီးဌာနက စနစ်တကျ ဆောင်ရွက်နေတယ်ဆိုတာလည်းသိရပါတယ်။ အခုတစ်ခါ မူးမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကမ်းစားခြင်းကိစ္စများ ဖြစ်တယ်ဆိုပြီးတော့ မေးခွန်းအနေနဲ့လည်း မေးလာတဲ့အတွက် ဒီဟာကို အဓိကဖြေသွားတာကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနကဖြေပေးမယ်လို့ ဒီဟာကိုလေ့လာဖို့လိုမယ် ဆိုတဲ့လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း လေ့လာဖို့လိုကောင်းလိုပါ လိမ့်မယ်။ ဆက်စပ်ပြီးတော့ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ပေးသွားမယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်။ အဲဒီနည်းတူပဲ မိမိတို့ရဲ့အတွေ့အကြုံအရ ဒီမြစ်တစ်လျှောက်မှာရှိတဲ့ ပန်းတာတွေ၊ တာတွေကို လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရပြီးတော့ မြစ်ကြောင်းများ ပြောင်းလဲခြင်း ကိစ္စနဲ့ပတ်သက်ပြီးတော့ ပုံမှန်ဖြစ်ရေးအတွက် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်မှုဌာန ကနေပြီးတော့ ဆောင်ရွက်ပေးတာတွေ့ရပါတယ်။ အဲဒီလိုတွေ့တဲ့အခါမှာလည်း ဒီဝန်ကြီးဌာနနှစ်ခုဟာ ဆက်စပ်ပြီး ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အခု မေးသွားတဲ့မေးခွန်းတွေက ဒီဝန်ကြီးဌာနနှစ်ခုနဲ့ ဆက်စပ်ပြီးလုပ်ရမယ်လို့လည်းယူဆတဲ့အတွက်သုံးသပ်ဆောင်ရွက်နိုင်အောင်အကြံပြု တင်ပြချင်ပါတယ်။ အဲဒီမှာမှ အခုတင်ပြသွားတဲ့နေရာမှာ ဧရာဝတီမြစ်ပိုင်း၊ ဝေနမြစ်ပိုင်း၊ ဧရာဝတီမြစ်ပိုင်းက မတင်ပြပေမယ့်

ဟသ်ာတအောက်ပိုင်းမှာရှိတဲ့ ဇလွန်ဘက်မှာလည်း မြစ်ကြောင်းနဲ့ပတ်သက်လို့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့လိုတာလည်း အများကြီးရှိပါတယ်။ ပြီးတဲ့အခါမှာ စံကင်းတို့၊ အဖျောက်တို့ စသည်ပေါ့လေ။ အဲဒီမှာ ဆင်းသွားတဲ့အခါမှာ ဖျာပုံဘက်မှာလည်း ကိုယ်စားလှယ်တင်ပြသွားသလိုပဲ ဒီလိုပဲ မြစ်ချောင်းများ ကမ်းပြိုကမ်းစားခြင်းများ ဖြစ်တဲ့အတွက် ဒီကိစ္စတွေမှာလည်း ဒီဝန်ကြီးဌာနနှစ်ခု တချို့နေရာတွေမှာ ပူးပေါင်းဆောင်ရွက်မှ အဆင်ပြေနိုင်တဲ့ အနေအထားမျိုးဖြစ်တဲ့အတွက် ဒါကိုလည်း သုံးသပ်ဆောင်ရွက် သွားနိုင်ဖို့ တိုက်တွန်းချင်ပါတယ်။

နောက်တစ်ခုကတော့ ဒုတိယနောက်ဆုံးမေးခွန်းမှာ ဦးအေးမြင့်မေးသွားတဲ့ ပို့ဆောင်ရေးဝန်ကြီး ဌာန သင်္ဘောသားကိစ္စ၊ မိမိတို့သိချင်တာကပို့ဆောင်ရေးဝန်ကြီးဌာနက လေ့ကျင့်ပေးလိုက်တဲ့ ရေကြောင်း အရာရှိများ၊ သင်္ဘောသားများဟာ လေ့ကျင့်ပြီးတဲ့အရေအတွက်ရဲ့ ရာခိုင်နှုန်းဘယ်လောက်အထိ အလုပ် အကိုင်များရသလဲ။ မရဘဲနဲ့ နေတာများ ရှိသလား။ ဒီမေးခွန်းထပ်ပြီးတော့ မေးခြင်းဟာလည်း ဒီဝန်ကြီး ဌာန ဖြေသွားတဲ့နေရာမှာ ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနလေ့ကျင့်ပေးလိုက်တဲ့ သင်္ဘောသားများ အရာရှိများကြောင့် မြန်မာနိုင်ငံမှာနှစ်စဉ်ဒေါ်လာသန်း ၃၀ ကနေ ၄၀ ကြားအထိ၊ ဝင်ငွေရှိတယ် ဆိုတာရယ်။ အလုပ်အကိုင်ရှာဖွေရေးနဲ့ ပတ်သက်လို့ ဒီအလုပ်ဟာ အများဆုံးအဆင်ပြေပြီးတော့ ငွေကြေး အားဖြင့်လည်း ဒို့ပြင် အလုပ်အကိုင်ထက်မြင့်မားတယ်ဆိုတဲ့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် သင်္ဘောသားများ လေ့ကျင့်မှုကိုလည်း ဒီ့ထက်ပိုပြီးတော့ လုပ်ဖို့အစီအစဉ် ရှိ၊ မရှိ ဆိုတာကိုလည်းဖြေနိုင် လို့ရှိရင် တစ်ခါတည်း ဖြေသွားပေးပါ။

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ခုနတင်ပြခဲ့တာ ယခုလက်ရှိ သင်္ဘောပေါ်မှာ လိုက်နေတဲ့ သင်္ဘောသားအရာရှိ ၇၀၀၀ နဲ့ အခြား အဆင့် ၁၆၀၀၀ ကနေပြီးတော့ တစ်လကို သန်း ၃၀ လောက်ရပါတယ်။ တစ်နှစ်ဆို ၃၆၀ နဲ့ ၄၀၀၀ ကြား မှာရပါတယ်။ ယခင်တုန်းကတော့ ဒီငွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခြားငွေ ကိုင်တွယ်သုံးစွဲတဲ့ စနစ်သည် ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ ရိုးသားစွာနဲ့ တင်ပြရမယ်ဆိုရင် သူတို့အတွက် အခက်အခဲအများကြီးဖြစ် တော့ သယ်တာ၊ ပြုတာ အများကြီး ဒုက္ခ ရောက်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တိတိကျကျ စာရင်းမှတ်ရဖို့ ခက်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ သင်္ဘောသားလက်မှတ် ထုတ်ပေးထားတဲ့ သင်္ဘောသားလူ ၇၀၀၀၀ ရဲ့ ပတ်စ်စပို့နဲ့ သင်္ဘောသားလိုင်စင်ကို ကျွန်တော်တို့ ရုံးမှာ သိမ်းထားပါတယ်။ သူတို့ပြန်လာလို့ရှိရင် အဲဒီဟာကိုအပ်ရပါတယ်။ အပ်တဲ့အခါမှာ သင်္ဘောပေါ်မှာရတဲ့လခနဲ့

ဘယ်လောက် ဆိုတာငွေကို တစ်ခါတည်း အခွန်ဆောင်ရပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွက် သင်္ဘောသား များအနေ နဲ့ အခွန်ရှောင်လို့မရပါဘူး။ နောက်တစ်ခေါက်ထွက်မယ်ဆိုရင် အခွန်ကိုကျေပြီးမှ အလုပ်ရှာပေးတာဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမေးမြန်းတဲ့ တစ်လ သန်း ၃၀ လောက်၊ ဒါလက်ရှိ အနေအထားပါ။ တစ်နှစ် ၃၀၀ ကျော် ကျွန်တော်တို့ ရပါတယ်။ ဒုတိယအဆင့်ကတော့ လေ့ကျင့်ပေးတဲ့အထဲက ဘယ်လောက်ရာခိုင်နှုန်းရ လည်းဆိုတော့ ကျွန်တော်ရိုးသားစွာ ဖြေရရင်တော့ ခြောက်လလောက် စောင့်ရင်တော့ သင်္ဘောကပ္ပတိန် ဆိုရင် အရာရှိဆိုရင် ခြောက်လ မစောင့်ရဘူး။ နှစ်လ၊ သုံးလ ဆိုရင် အလုပ်ကရပြီ။ အခြားအဆင့်ဆိုရင် တော့ခြောက်လလောက် စောင့်ရပါတယ်။ ဘာလို့ စောင့်ရလဲဆိုတော့ ဒီသင်္ဘောလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ သင်္ဘောတစ်စင်းမှာ ကပ္ပတိန်လုပ်တဲ့သူက မြန်မာနိုင်ငံသားဖြစ်မယ်ဆိုလို့ရှိရင် အကုန်လုံး သူ့အောက်က ရာထူးအားလုံးကို မြန်မာနိုင်ငံ ကလူခေါ်ပါတယ်။ ဒါနိုင်ငံတကာရဲ့ Practice ပါ။ အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်မှာလည်း ကျွန်တော်တို့က ကပ္ပတိန်တွေကို များများမွေးမှ ကပ္ပတိန်အလုပ်ရတယ်ဆိုလို့ရှိရင် ကပ္ပတိန်က ရှားလည်းရှားပါတယ်။ အရာရှိကရှားတော့ အရာရှိအလုပ်ရလျှင် အခြားအဆင့်တွေက သူက တစ်ခါတည်းခေါ်ပြီး ခန့်လိုက်တယ်။ အဲဒီအတွက် ဒီဟာကို ဦးစားပေးဆောင်ရွက်တာဖြစ်ပါတယ်။ ခုနက ဥက္ကဋ္ဌကြီး မေးတဲ့မေးခွန်းကို ပြန်ဖြေရမယ်ဆိုရင် အရာရှိကတော့ လက်မှတ်ရပြီးတာနဲ့ အလုပ်ကတန်းရ ပါတယ်။ အဲဒီလောက်ထိ ဈေးကွက်မှာ ရှိပါတယ်။ အခြားအဆင့်ကတော့ ခုနက ပြောသလို ကပ္ပတိန်က ခေါ်မှရတာကြောင့် သင်္ဘောမှာလည်း Sea Service မရှိသေးတဲ့အတွက်ကြောင့် ခြောက်လလောက်တော့ စောင့်ရပါတယ်။ နောက်တစ်ခါကျရင် ကျွန်တော်တို့ အသေးစိတ် တင်ပြနိုင်မှာဖြစ်ပါတယ်။ လောလော ဆယ် ကျွန်တော်တို့ Data တွေကောက်ပြီးတော့ ဆောင်ရွက်ဆဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါကြောင့်မို့လို့ လေ့ကျင့်ပေးလိုက်တဲ့ သင်္ဘောသားအရာရှိတွေ ရော၊ သင်္ဘောသားတွေရော လေ့ကျင့်ပေးသလောက်နီးပါး အားလုံးအလုပ်ကြတယ်။ ဝင်ငွေလည်း ကောင်းတယ်ဆိုတဲ့အတွက် အခြားအခြားသောဌာန လေ့ကျင့်ရေးကျောင်းများနဲ့ စာလို့ရှိရင် ဒီကျောင်း က ထွက်လာတဲ့ပုဂ္ဂိုလ်များဟာ အလုပ်အကိုင်အားလုံးနီးပါးရတယ်ဆိုတဲ့အတွက် အလုပ်အကိုင်ရရှိရေး အတွက်ကော၊ နိုင်ငံတော်အတွက်ကော များစွာအကျိုးရှိတဲ့ လေ့ကျင့်ရေးကျောင်းများ ဖြစ်တဲ့ အတွက် ဒီလေ့ကျင့်ရေးကျောင်းများကိုလည်း မိမိတို့အနေနဲ့လိုအပ်သလို တိုးချဲ့ဆောင်ရွက်သွားမယ်ဆိုလို့ရှိ ရင်တော့ နိုင်ငံသားများအတွက်ကော၊ နိုင်ငံတော်အတွက်ကော များစွာအကျိုးရှိနိုင်မယ်လို့ မိမိတို့ ဒီလိုပဲ

ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်သလိုသုံးသပ် ဆောင်ရွက်နိုင်ဖို့ တိုက်တွန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)နဲ့ (ခ)အရ နိုင်ငံတော်၏ အရအသုံးများ စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ထူးခြားသောအခြေအနေကို အခါအားလျော်စွာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ တင်ပြရမည်ဟု ဖော်ပြထားပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်ခဲ့သည်မှာ ခြောက်လခန့်ကြာမြင့်ပြီဖြစ်ပါသည်။ ထိုကာလအတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်အနေဖြင့် နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို မည်ကဲ့သို့ စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိမှုများ မည်သို့ ရှိသည်ကို သိလိုပါသဖြင့် ဖြေကြားပေးပါရန် မေးမြန်းအပ်ပါသည်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးလွန်းမောင်(ပြည်ထောင်စုစာရင်းစစ်ချုပ်၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်တိုးရဲ့ မေးမြန်းချက်ကိုဖြေကြားရလျှင် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဥပဒေအမှတ် ၉/၂၀၁၁ ဖြင့် ၂၇-၁-၂၀၁၁ ရက်နေ့က ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးနဲ့သက်ဆိုင်တဲ့ နိုင်ငံတော်ရဲ့အရအသုံး ခန့်မှန်းခြေစာရင်းကိုလည်းပြဋ္ဌာန်းခဲ့ပါတယ်။ ၇-၄-၂၀၁၁ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ဘဏ္ဍာရေး ကော်မရှင်ရဲ့ ၁/၂၀၁၁ ကြိမ်မြောက်အစည်းအဝေးမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမခြောက်လမှာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး ၁-၁၀-၂၀၁၁ ရက်နေ့မှစပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေနဲ့ ပြည်နယ်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။ ဒါကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်းစစ်ရုံးများဟာ ယခင်နိုင်ငံတော်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပထမ ခြောက်လ နိုင်ငံတော်အရအသုံးခန့်မှန်းခြေစာရင်းများကိုစစ်ဆေးပြီး ထူးခြားတဲ့အခြေအနေများကို လွှတ်တော် အဆင့်ဆင့်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ဒါ့အပြင်နောင်မှာလည်းပဲ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ နဲ့ ပြည်နယ်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အသုံးစာရင်းများကိုစစ်ဆေးပြီး လွှတ်တော်အဆင့်ဆင့် ကိုလည်း ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းပါ ကာလအတွင်း လချုပ်စာရင်းစစ်များ လက်ခံရရှိခြင်း မရှိသေးတဲ့အတွက်ကြောင့် စစ်ဆေးခြင်း မပြုနိုင်ခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။
(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘဒွေး(မိုးကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများနဲ့ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်တော်ဒီကနေ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဒွေး ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးကုတ်မြို့နယ်၊ ဒေသတိုင်းရင်းသားပြည်သူလူထုများအတွက် ရိုးရာနည်းဖြင့် တစ်ပိုင်တစ်နိုင် ၂၀၀၄ ခုနှစ်ကကဲ့သို့ ကျောက်မျက်တူးဖော်ခွင့် ရှိ၊ မရှိ ကိုမေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်၏ မေးမြန်းခွင့်ကိုစာ အားဖြင့် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

(က) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်သည် မြို့တစ်မြို့၊ ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာ ၁၂၉ ရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေမှာ ၁၅၆၉၄၆ ဦး နေထိုင်လျက်ရှိသော မြေ ၁၇၇၃၀ ဧက စိုက်ပျိုးခြင်းမပြုနိုင်သောမြေ၊ ကျောက်မျက် တူးဖော်မြေအပါအဝင် ၁၇၈၉၆၇ ဧက ရှိပါတယ်ခင်ဗျား။

(ခ) မိုးကုတ်မြို့နယ်အနေဖြင့် တောင်တန်းပေါ်များပြီး စိုက်ပျိုးမြေနည်းပါး၍ အစဉ်အလာအား ဖြင့် မွေးရာပါအသက်မွေးဝမ်းကျောင်း မိရိုးဖလာလုပ်ငန်းဖြစ်သော ကျောက်မျက်တူးဖော် လုပ်ကိုင်မှုကိုသာ ဆောင်ရွက်ပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့ပါတယ်ခင်ဗျား။ မိုးကုတ်မြို့ နယ်၏ မူလစီးပွားရေးအခြေခံကျောက်မျက်လုပ်ငန်းများကို ငွေအရင်းအနှီး စိုက်ထုတ် ဆောင်ရွက်မှုများ ရှိသကဲ့သို့ ဆင်းရဲနွမ်းပါးသည့် လက်လုပ်လက်စားများ တစ်ပိုင်တစ်နိုင်

ရှာဖွေစားသောက်မှုများလည်း ရှိခဲ့ပါတယ်ခင်ဗျား။ ဒါ့အပြင် မိုးကုတ်မြို့ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းမှာ ပေါက်ထမ်းဆေးလုပ်ကိုင်ခြင်း၊ လုပ်သားတစ်ဦးမှငါးဦးထိ တောင်ကုန်းတောင်ထိပ်များပေါ်မှ ခြုံနွယ်များရှင်းပြီး မြေများကို အိတ်ဖြင့် ထည့်သွင်းကာ တောင်အောက်သို့ သယ်ဆောင်၍ ချောင်းမြောင်းရေထဲတွင် ဇကာဖြင့် ကျောက်များ ရှာဖွေခြင်းကိုခေါ်ပါတယ်ခင်ဗျား။ ခနဲဆေးခြင်း၊ ဇကာချခြင်း၊ ခဲစာ ထုခြင်း၊ တွင်းလုံး ၄ ပင်၊ ကိုးပင်၊ မျှော၊ လူး၊ လက်ကြား၊ ကျင်းပြတ်စနစ်ဖြင့် တူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ကြပါတယ်။ အများအားဖြင့် ငွေအရင်းအနှီးများစွာစိုက်ထုတ် ဆောင်ရွက်နိုင်သည့် အနည်းစု ဒေသခံလုပ်ငန်းရှင်များ၊ ဒေသခံမဟုတ်သော အများစုစီးပွားရေးလုပ်ငန်းရှင်ကြီးများ လာရောက်လုပ်ကိုင်လျက်ရှိပါတယ်ခင်ဗျား။

(ဃ) မိုးကုတ်မြို့ ကျောက်မျက်လုပ်ကွက်တွင် ဦးပိုင် ၂၇၇ ကွက်၊ အကျိုးတူကုမ္ပဏီများမှ ၁၈ ကွက်၊ သ/မအသင်းမှ ၄၆ ကွက်၊ ဖော်ထုတ် ၄၁၄ ကွက်၊ သတ်မှတ်လေလံ ၉၀၇ ကွက် လုပ်ကိုင်လျက်ရှိပြီး ရတနာခွန်အဖြစ် ယခု ၅ နှစ်ကာလအတွင်း ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ၁၄၅၅ သိန်းအများဆုံးရရှိပြီး ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၆၄၅ သိန်းသာ အနည်းဆုံး ရရှိခဲ့ပါတယ်ခင်ဗျား။

( င ) ကျောက်မျက်တူးဖော်ဌာနမှ သမိုင်းကို ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျောက်မျက်တူးဖော်ခွင့် လိုင်စင်များရယူစေပြီး ဆောင်ရွက်ကြပါသည်။ ထွက်လာသော ကျောက်များကို နိုင်ငံခြားနှင့် ဆက်သွယ်ရောင်းချခွင့်လည်းရှိခဲ့ဖူးပါသည်။ ထိုလိုင်စင်တွင် အထူးဒေသလိုင်စင်နှင့် ရိုးရိုးလိုင်စင်ဟူ၍ နှစ်မျိုးရှိရာ အထူးဒေသလိုင်စင်မှာ ကျောက်များကို မည်သည့်နည်းဖြင့်မဆို တူးဖော်ခွင့်ရရှိသော လိုင်စင်ဖြစ်ပြီး ရိုးရိုးလိုင်စင်မှာ မိုးကုတ်မြို့နယ် ဒေသခံတိုင်းရင်းသားရိုးရာနည်းဖြင့် တစ်ပိုင်တစ်နိုင် တူးဖော်ခြင်းကို ဆိုလိုပါသည်။ ငွေကြေးမပြည့်စုံသော ဆင်းရဲနွမ်းပါးသည့် ဒေသခံလူ အများစုမှာ ပေါက်ထမ်းဆေးလုပ်ကိုင်ခြင်း၊ ခနဲ့ဆေးခြင်း၊ စကာချခြင်း၊ ခဲစာထုခြင်းကို လုပ်ကိုင်ကြပါသည်။

သို့ရာတွင် ၁၂-၃-၁၉၆၉ ရက်နေ့ ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းပြီးသည့်အချိန်ကစ၍ မိုးကုတ်နယ်သူနယ်သားတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါး

လာရာ ၂၉-၉-၁၉၉၅ နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကျောက်မျက်ရတနာဥပဒေအရ အောက်ပါကန့်သတ်ချက်များ ဖြစ်ပေါ်လာခဲ့ပါသည်။

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် လုပ်ကိုင်ခွင့်ပြုမိန့်ရရှိခြင်း၊

(ခ) ပုဂ္ဂလိက တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က လုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေ၏အပေါ်ယံမြေဆီလွှာဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ မည်သည့်ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ သဘာဝအလျောက်တွေ့ရှိရသော ကျောက်သည် နိုင်ငံပိုင်ဖြစ်ခြင်း ဖြစ်ပါသည်။

(ဂ) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းများဟာ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့များသာ လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၁ အရ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း ကို ခွင့်ပြုမိန့်မရရှိဘဲ လုပ်ကိုင်ခြင်း၊ ကျောက်မျက်အရိုင်းကိုခွင့်ပြုချက်မရဘဲ ရှာဖွေတွေ့ရှိခြင်းများ ကျူးလွန်ပါက ထောင်ဒဏ်အနည်းဆုံး ၇ နှစ်၊ အများဆုံး ၁၅ နှစ်ရှိသည့် ချမှတ်ခံရမည့်အပြင် ငွေဒဏ်ကိုပါ ချမှတ်ခံရမည်ဖြစ်သော ဥပဒေကြောင့် မိုးကုတ် နယ်သူ၊ နယ်သားတိုင်းရင်းသားပြည်သူလူထု၏ ပေါက်ထမ်းဆေး၊ ခနဲ့ဆေး၊ စကာချ၊ ခဲစာထု လုပ်ငန်းများအဆုံးသတ်သွားပြီး ယနေ့အထိ အလုပ်အကိုင် ဆောင်ရွက်ခွင့်မရှိတော့ပါ ဘူး။

(င) မိုးကုတ်မြို့နယ်ရှိ တိုင်းရင်းသားပြည်သူလူထုမှာ ကျောက်မျက်ဥပဒေအရ လုပ်ကိုင်ခွင့်မရှိ၍ မိုးကုတ်မြို့နယ်၏ ပထဝီသဘောသဘာဝအရ မိုးကုတ်မြို့နယ်သည် ကုန်းတွင်းပိတ်မြို့နယ်ဖြစ်ခြင်း၊ ကူးသန်းရောင်းဝယ်ဖောက်ကား စီးဆင်းမှုမရှိခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ထွန်းမှုမရှိခြင်းတို့ကြောင့် ရိုးရာတူးဖော်မှုနည်းများ ဖြင့် တရားမဝင်ခိုးခြင်း၊ တူးဖော်လုပ်ကိုင်ပြီး စားသောက်နေကြပါသည်။

(စ) အထက်ပါအခြေအနေများကြောင့် မိုးကုတ်မြို့နယ်ရှိ တိုင်းရင်းသားပြည်သူလူထုများ၎င်းတို့ဒေသကို မိမိဒေသခံမဟုတ်သော ငွေရှင်ကြေးရှင်စီးပွားရေးလုပ်ငန်းရှင်ကြီးများ ကလာရောက်စိုးမိုးခြယ်လှယ်ချုပ်ကိုင်မှုရှိသည်ဟု အတွေးများ ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရအပေါ် အမြင်မကြည်လင်မှုများ ပေါ်ပေါက်လာကာ ဆန့်ကျင်လို သောစိတ်များဖြစ်ခဲ့ကြပါသည်။

(ဆ) လက်ရှိကျောက်မျက်ဥပဒေကို မိုးကုတ်မြို့နယ် တိုင်းရင်းသားပြည်သူလူထုများအနေဖြင့် မိရိုးဖလာရိုးရာထုံးထမ်းအစဉ်အလာအတိုင်း တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော် လုပ်ကိုင် ခွင့် ရရှိစေရေး၊ ပြင်ဆင်ဖြည့်စွက်ပေးနိုင်ပါက တစ်ပိုင်တစ်နိုင်မှ ထွက်ရှိလာသော ကျောက်မျက်များကို နိုင်ငံတော်သို့ တရားဝင်အပ်နှံခွင့်ရရှိလာကာ နိုင်ငံတော်ရတနာခွန် များ တိုးတက်လာပြီး မိုးကုတ်မြို့နယ် တိုင်းရင်းသားပြည်သူလူထုများ အလုပ်အကိုင် အခွင့်အလမ်းများရရှိ၍ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းလာမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားထားမှုရလာဒ်ကောင်းများလည်း ပေါ်ထွက်လာမှာ ဖြစ်ပါတယ်ခင်ဗျား။

၄။ နယ်မြေဒေသတစ်ခု၏ ပြည်သူလူထု ကြီးပွားဖွံ့ဖြိုးတိုးတက်လာမှုကိုသော်လည်းကောင်း၊ ထိုဒေသ၏ ဆင်းရဲသူများ စီးပွားရေးပြေလည်တိုးတက် အဆင်ပြေစေရန်လည်းကောင်း၊ အလုပ်လက်မဲ့ ပပျောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်လည်းကောင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင် သည့် အခွင့်အလမ်းများရှိရန် လိုအပ်ပါသည်။

၅။ ယခုလက်ရှိ ကျောက်မျက်ဥပဒေအရ ကျောက်မျက်တူးဖော်ခွင့်လုပ်ငန်းကို ငွေကြေး စိုက်ထုတ်နိုင်သော လုပ်ငန်းရှင်ကြီးများသာ လုပ်ကိုင်နိုင်ပြီး မိုးကုတ်မြို့နယ်၊ ဒေသခံ ဆင်းရဲနွမ်းပါး သူများ လုပ်ကိုင်ခွင့်မရှိတော့ပါ။ သမိုင်းအရ မြန်မာ့လွတ်လပ်ရေးရပြီးကာလ၊ မရမီကာလ မိုးကုတ် ကျောက်မျက် တူးဖော်လုပ်ငန်းများဟာ မိုးကုတ်ဒေသခံ ပြည်သူလူထုများကို ရိုးရာတူးဖော်နည်းဖြင့် တစ်ပိုင်တစ်နိုင် ရှာဖွေလုပ်ကိုင်နိုင်သည့် အခွင့်အလမ်း ရိုးရိုးလိုင်စင်ဆောင်ရွက်ခွင့်ပြုသကဲ့သို့ ၂၀၀၄ ခုနှစ်ကလည်း မိုးကုတ်ဒေသခံများအားတစ်ပိုင်တစ်နိုင်လုပ်ငန်းဖြင့် နိုင်ငံတော်မှခွင့်ပြုပေးခဲ့သည့် အခြေအနေများလည်းရှိခဲ့ပါသည်။ တစ်ပိုင်တစ်နိုင် လုပ်ကွက်ဆိုသည်မှာ ငွေအရင်းအနှီး အနည်းငယ်ဖြင့် အများသူငှာလုပ်ကိုင်နိုင်သည့် မိုးကုတ်မြို့နယ် တိုင်းရင်းသားရိုးရာ နည်းဖြင့်ကျောက်မျက်တူးဖော်ခြင်းကို ဆိုလိုပါသည်။ ၂၀၀၄ ခုနှစ်၊တစ်ပိုင်တစ်နိုင် လုပ်ကွက်မှာလည်း တစ်နှစ်သာ ခွင့်ပြုမိန့်ရရှိခဲ့ပြီး တစ်ပိုင်တစ်နိုင် ကျောက်မျက် တူးဖော်ခွင့်လုပ်ငန်း ရပ်ဆိုင်းသွားခဲ့ပါသည်။ သို့ပါ၍မိုးကုတ်မြို့နယ်၏ ဆင်းရဲနွမ်းပါးသော ဒေသခံ တိုင်းရင်းသားများ၊ ပြည်သူများ စီးပွားတိုးတက်ပြေလည်စေရန်လည်းကောင်း၊

ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ပြီး အလုပ်အကိုင်ရရှိရေး အခွင့်အရေးများ ပေါ်ပေါက်လာနိုင်ရန်လည်းကောင်း ဥပဒေနှင့် အညီမိုးကုတ်မြို့နယ် တိုင်းရင်းသားပြည်သူလူထုအတွက် ၂၀၀၄ ခုနှစ်ကကဲ့သို့ နိုင်ငံတော်က တစ်ပိုင် တစ်နိုင်တူးဖော်ခွင့်လုပ်ငန်း အစီအစဉ် ရှိ၊ မရှိကိုမေးမြန်းလိုပါတယ်။ တစ်ပိုင်တစ်နိုင် လုပ်ငန်းအစီအစဉ် ရှိမယ်ဆိုပါကလည်း မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မှာကိုသိလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသိန်းထိုက်(ပြည်ထောင်စုဝန်ကြီး၊သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်ဖြစ်ပါတယ်။မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဒွေးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဒွေးရဲ့မေးခွန်းကတော့ ရှည်ရှည်လျားလျား၊ များများပြားပြား နဲ့ တင်ပြသွားတာကြားရပါတယ်။ သို့သော်လည်း တကယ့်အနှစ်ကတော့ မိုးကုတ်ရတနာနယ်မြေမှာ ဒေသခံပြည်သူများ က ၂၀၀၄ ခုနှစ်ကကဲ့သို့ နိုင်ငံတော်မှ တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့် ပြုရန်အစီအစဉ် ရှိ၊ မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ကြောင်းကောက်နှုတ်ရရှိပါတယ်။ ဒါ့ကြောင့် ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့မှဖြေကြားသွားမှာ၊ ရှင်းလင်းသွားမှာ၊ တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ ရတနာနယ်မြေ ခုနှစ်ခု သတ်မှတ်ထားပါတယ်။အဲဒီ ရတနာနယ်မြေ ခုနှစ်ခုထဲမှာ မိုးကုတ်ရတနာနယ်မြေဟာလည်းအပါအဝင်ဖြစ်ပါတယ်။ဒါ့ကြောင့် ရတနာနယ်မြေတွေကို နိုင်ငံတော်ကသတ်မှတ်ထားတဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်တော်တို့ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပါပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘဒွေးမေးတဲ့ ၂၀၀၄ ခုနှစ်တုန်းက မိုးကုတ်ရတနာနယ်မြေမှာ ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခဲ့တာရှိပါတယ်။ ဒီလို လုပ်ကိုင်ခွင့်ပြုတဲ့နေရာမှာ တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်တွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ သတင်းစာများက ကြေညာပြီးခေါ်ယူခဲ့ပါတယ်။ အဲဒီလို သတင်းစာများက ကြေညာ

ခေါ်ယူတဲ့အတွက် လျှောက်ထားတဲ့လုပ်ငန်းရှင်များ၊ ဒေသခံများက စုစုပေါင်းလုပ်ကွက် ၁၃၄ ကွက်ကိုလျှောက်ထားခဲ့ပါတယ်။ ဒီလိုလျှောက်ထားတဲ့ ၁၃၄ ကွက်မှာ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်ပြီးတော့ ကန့်သတ်ချက်များနှင့်လွတ်ကင်းတဲ့ လုပ်ကွက် ၁၁၉ ကွက်ကို သုံးကြိမ်တိုင်ခွဲပြီးတော့မှ နေရာချထားပေးခဲ့ကြောင်း၊ လုပ်ကွက်များ၊ လုပ်ခွင့်များချထားပေးခဲ့ကြောင်းသိရှိရပါတယ်။လုပ်ကွက်တစ်ကွက်ကတစ်ဧကဖြစ်ပြီးတော့မှ ခွင့်ပြုလုပ်ကွက်သက်တမ်းကာလကတော့ သုံးနှစ်ဖြစ်ကြောင်းသိရပါတယ်။ ဒီလုပ်ကွက်တစ်ကွက်ရဲ့ ကြမ်းခင်းဈေးကလည်းအဆိုလွှာ ငါးသိန်းဖြစ်ကြောင်းသိရပါတယ်။ ဒီလို လုပ်ပေးရင်းကနေပြီးတော့မှ ၂၀၀၅ ခုနှစ်ကျတော့ ဒီလုပ်ကွက်တွေ၊ လုပ်ပိုင်ခွင့်တွေကို ပြန်လည်ပယ်ဖျက်ပြီးတော့မှ လုပ်ခွင့်မပြုခဲ့ကြောင်း သိရပါတယ်။ ဒီ့ နောက်ပိုင်းမှ ၂၀၀၅ ခုနှစ်ကစပြီး တော့မှ ယခုလို တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်တွေကို လုပ်ခွင့်မပြုတော့ဘဲနဲ့ အဆိုပြုလွှာတွေမခေါ်တော့ဘဲနဲ့ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရဲ့အစီအစဥ်အရ ကျောက်မျက် ရတနာထွက်ရှိနိုင်သောနေရာဒေသများကိုသာ သတ်မှတ်လုပ်ကွက်များ အကွက်များရိုက်သတ်မှတ်ပြီးတော့ ဈေးပြိုင်အဆိုပြုလွှာများဖော်ယူလုပ်ကိုင်ခွင့် ချထားပေးခဲ့တယ်ဆိုတာသိရပါတယ်။ ဒီလိုဖြစ်စဥ်နဲ့ ပတ်သက်လို့ပြန်လည်စိစစ်သုံးသပ်ကြည့်တဲ့အခါမှာ ၂၀၀၄ ခုနှစ်တုန်းက ဒေသခံများရဲ့အကျိုးစီးပွားအတွက် တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်တွေ ပေးခဲ့စဥ်က လုပ်ကွက်လျှောက်တဲ့သူများဟာ၊ ဒေသခံများဟာ မိုးကုတ်မြို့ပေါ်အပါအဝင် ကျေးရွာရပ်ကွက်တွေမှာ လုပ်ကွက်တွေလျှောက်ထားပါတယ်။ဒီလို လုပ်ကွက်လျှောက်တဲ့အခါမှာ အိမ်မြေကွက်များ၊ ခြံမြေကွက်များ အဲဒီအထဲတွေမှာပါ လျှောက်တဲ့အတွက် လုပ်ကွက်တွေ အပြန်အလှန် ထပ်ပြီးတော့မှ မြေပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေရှိခဲ့ပါတယ်။ ကန့်ကွက်မှုတွေရှိခဲ့ပါတယ်။ လုပ်ကွက်လျှောက်သူအချင်းချင်း အပြန်အလှန်တိုင်ကြားမှုတွေရှိခဲ့ပါတယ်။ ဒီလိုရှိတဲ့ဖြစ်စဥ်တွေကို တာဝန်ရှိသူများက အကြိမ်ကြိမ်ညှိနှိုင်းပေးခြင်း၊ ဖြေရှင်းပေးရခြင်းများရှိခဲ့ကြောင်းသိရှိရပါတယ်။ ဒါ့အပြင် အချို့ဖြစ်စဥ်များဟာ ဖြေရှင်းညှိနှိုင်းပေးလို့မရဘဲနဲ့ ဥပဒေအရအရေးယူဆောင်ရွက်ခဲ့ရတဲ့ဖြစ်စဥ်များလည်း ရှိကြောင်းသိရပါတယ်။ဒီဖြစ်စဥ်တွေထဲမှာ အထူးသဖြင့် မိုးကုတ်မြို့အနောက်ပိုင်း ပန်းမရွာ ကျောက်တူးဖော်မှုဖြစ်စဥ်ဖြစ်ပါတယ်။ ခြံကွက်တစ်ကွက်ကတူးသွားပြီးတော့မှ တခြားခြံကွက်တစ်ကွက်ကို မြေအောက်ကရောက်ပြီးတော့တူးတဲ့အတွက် အပြန်အလှန် တိုင်ကြားမှု၊ ကန့်ကွက်မှုဖြစ်စဥ်တွေရှိခဲ့ပါတယ်။ အလားတူပဲ မိုးကုတ်မြို့ လယ်ဦးရွာ စာသင်ကျောင်းဝန်းအတွင်းမှာ တခြားဘက်ကတူးလာပြီးတော့မှ စာသင်ကျောင်းအောက်ရောက်ပြီး တူးတဲ့အထိဖြစ်စဥ်တွေဖြစ်တဲ့အတွက် ဥပဒေ

ကြောင်းအရအရေးယူဖြစ်ခဲ့ကြောင်းသိရပါတယ်။ ဒါ့အပြင် အချို့သော ပုဂ္ဂိုလ်များဟာ မိုးကုတ်မြို့နယ်မှာရှိတဲ့ အထင်ကရ ရေကန်ကြီးအောက်ခြေကိုလည်း အလယ်တိုင်မှာရေငုတ်ဝတ်စုံတွေဝတ်ပြီးတော့မှ ကန်အောက်ခြေကြမ်းပြင်မှာ ကျောက်တူးတဲ့ဖြစ်စဉ်တွေရှိတဲ့အတွက် အချင်းချင်းအပြန်အလှန် တိုင်ကြားမှုတွေ၊ ကန့်ကွက်မှုတွေ ရှိတဲ့ဖြစ်စဉ်များရှိပြီးတော့ ဥပဒေကြောင်းအရ အရေးယူမှုများဖြစ်ခဲ့ပါတယ်။ ဒီလိုဖြစ်စဉ်တွေမှာလည်း အငြင်းပွားမှုတွေ၊ ကန့်ကွက်မှုတွေ၊ ရှုပ်ထွေးမှုတွေဟာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားပြီးတော့မှ ဒီဖြစ်စဉ်တွေဟာ တရားမမှုတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနဲ့တောင်ဖြေရှင်းလို့မရဘဲနဲ့ တရားမမှုအရ၊ တရားမကြောင်းအရ ဥပဒေနဲ့ အတန်ကြာတဲ့အထိ ဖြေရှင်းခဲ့ရတဲ့ ဖြစ်စဉ်များရှိခဲ့ကြောင်းသိရပါတယ်။ ဒီလို ဖြစ်စဉ်များအရ ၂၀၀၅ ခုနှစ်မှာ တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်တွေကို ရုပ်သိမ်းလိုက်ပြီးတော့ သတ်မှတ်ချက်များနှင့်လွတ်ကင်းသောနေရာများတွင်သာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက လုပ်ကွက်များ အကွက်ရိုက်သတ်မှတ်ပြီးတော့ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊နည်းဥပဒေများနှင့်အညီ ဈေးပြိုင်အဆိုပြုလွှာများကိုခေါ်ယူပြီးလုပ်ကိုင်ခွင့်များချထားပေးခဲ့ကြောင်း သိရပါတယ်။ ဒီဖြစ်စဉ်များကိုလည်းမေးမြန်းသူ မိုးကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘငွေးမှ သိရှိမယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ဒီ မိုးကုတ်မြို့ရဲ့ ကျောက် တူးဖော်မှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အကျဉ်းမျှတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီ မိုးကုတ်မြို့ဟာ မြန်မာဘုရင်များ လက်ထက်ကစပြီးတော့မှ တန်ဖိုးကြီး မြန်မာ့ပတ္တမြားကျောက်မျက်ရတနာများ၊နီလာရတနာများနဲ့ အခြားရတနာများထွက်တဲ့ဒေသဖြစ်ကြောင်း သမိုင်းအစဉ်အဆက်အရ ကျွန်တော်တို့ မှတ်တမ်းတင်ထားတာဖြစ်ပါတယ်။ ၁၈၈၇ ခုနှစ် နောက်ပိုင်း ဗမာပြည်အထက်ပိုင်းကို ဗြိတိသျှနယ်ချဲ့တွေသိမ်းပိုက်ပြီးတဲ့နောက် သူတို့ဟာ မိုးကုတ်နယ်မြေမှာ Burma Ruby Mine လို့ဆိုပြီးမှထောင်ပါတယ်။ထောင်ပြီးတော့ဒီဟာမှာ ကျောက်ထွက်တဲ့ လုပ်ကွက်ကောင်းတဲ့နေရာတွေကိုယူပြီးတော့ Burma Ruby Mine ဧရိယာအဖြစ် သတ်မှတ်ပြီးတော့သူတို့ကျောက်တူးပါတယ်။ အလားတူပဲ မိုးကုတ်ဒေသခံတွေကိုလည်း အခြားသောနေရာဒေသတွေမှာ ကျောက်မျက်တူးဖော်မှုတွေပေးထားခဲ့ပါတယ်။သို့သော် အခြားသောဒေသက တိုင်းရင်းသားပြည်သူများကတော့ မိုးကုတ်မြို့မှာလာပြီးတော့ ကျောက်မျက်တူးဖော်ခွင့် မရှိကြောင်း၊ ကန့်သတ်ထားကြောင်းပိတ်ပင်ထားကြောင်း ကျွန်တော်တို့သိရပါတယ်။ အဲဒီနောက် ၁၉၄၈ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း မိုးကုတ်ဒေသမှာ ကျောက်မျက်တူးဖော်ခွင့် လိုင်စင်များချပေးခဲ့ပြီးတော့ ဒေသခံ

လုပ်ငန်းရှင်များနှင့် မိုးကုတ်ဒေသခံများကသာ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းတွေ လုပ်ကိုင်ခွင့် ရရှိခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်၊တော်လှန်ရေး ကောင်စီခေတ်နောက်ပိုင်းမှာ ပြောင်းလဲလာတဲ့စီးပွားရေးစနစ်အရ၊ အဲဒီတုန်းကတော့ ဆိုရှယ်လစ် စီးပွားရေးစနစ်အရ မိုးကုတ်ဒေသကျောက်မျက်တူးဖော်ရေးလုပ်ငန်းကို ပုဂ္ဂလိကများလုပ်ကိုင်ခွင့်မပေးတော့ဘဲနဲ့ အစိုးရကျောက်မျက်တူးဖော်ရေးဌာနကသာ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်းသိရပါတယ်။ သို့သော်လည်း မိုးကုတ်ဒေသခံများကတော့ ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တရားမဝင်ပူးပေါင်းပြီးတော့မှ တရားမဝင် ကျောက်မျက်တူးဖော်မှုလုပ်ငန်းများရှိခဲ့ကြောင်းသိရပါတယ်။ အဲဒီနောက် ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ တာဝန်ယူပြီးတဲ့နောက်မှာတော့ ပြောင်းလဲကျင့်သုံးခဲ့တဲ့ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပါတယ်။ ဒီဈေးကွက် စီးပွားရေးစနစ်နဲ့အညီ နိုင်ငံတော်မှ ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းကို လုပ်ဆောင်ခြင်းမရှိတော့ပါဘူး။ ဒီလိုမရှိတော့ဘဲနဲ့ မိုးကုတ်ဒေသမှာ ဈေးကွက်စီးပွားရေးစနစ်အရ တိုင်းရင်းသားလုပ်ငန်းရှင်တွေ ကိုလည်းချပေးပါတယ်။ မိုးကုတ်ဒေသခံများကိုလည်းချပေးပါတယ်။ အခြားသောဒေသမှ တိုင်းရင်းသားလုပ်ငန်းရှင်များကိုလည်း ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လာရောက်လုပ်ကိုင်ခွင့်၊ ကျောက်မျက်တူးဖော်ခွင့်များပေးခဲ့ကြောင်းသိရပါတယ်။ ဒီလိုပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေးစနစ်အရ မိုးကုတ်ရတနာနယ်မြေမှာ ကျောက်မျက်လုပ်ငန်းရှင်များ၊ မိုးကုတ်ဒေသခံများအပါအဝင် မြန်မာနိုင်ငံအနှံ့အပြားက ကျောက်မျက်လုပ်ငန်းလာရောက်လုပ်ကိုင်သူများစနစ်တကျဆောင်ရွက်ချက်ကြောင့် ဒေသမှာတရားမဝင် ကျောက်မျက်တူးဖော်ရောင်းဝယ်ခြင်းလုပ်ငန်းဟာ ချုပ်ငြိမ်းပပျောက်ခဲ့ကြောင်း ကျွန်တော်တို့တွေ့ရပါ တယ်။ ဒါ့ကြောင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းကစပြီးတော့မှ မိုးကုတ်ဒေသတွင် နိုင်ငံတော်တစ်ဝန်း မှာရှိတဲ့ ဒေသပေါင်းစုံမှတိုင်းရင်းသားလုပ်ငန်းရှင်များသည် မိုးကုတ်ဒေသခံများနှင့်အတူ တန်းတူကျောက်မျက်တူးဖော်ခွင့်လုပ်ငန်းများ လုပ်ကိုင်ခွင့်များရရှိပြီးတော့မှ ယနေ့တိုင်လုပ်ဆောင်နေကြောင်းသိရပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ပုဂ္ဂလိကတူးဖော်ခြင်းများ၊ အစိုးရနှင့်အကျိုးတူပူးပေါင်း တူးဖော်ခြင်းများခွင့်ပြုလာတဲ့အတွက် မိုးကုတ်ရတနာနယ်မြေမှ ကျောက်မျက်တူးဖော်မှုနှုန်းထားများဟာ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာကြောင်းတွေ့ရပါတယ်။ သို့သော်လည်း ယနေ့ခေတ်ကာလအတွင်းမှာတော့ တစ်နှစ်၊ နှစ်နှစ် အတွင်းမှာတော့ မိုးကုတ်ဒေသရဲ့ ကျောက်မျက်ရှားပါးမှုအရ အထွက်နှုန်းများ ကျဆင်းနေကြောင်းလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါ့အပြင် ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ် သဘောတရားအရ မိုးကုတ် ဒေသခံများပါဝင်သော စီးပွားရေးအားကောင်းတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များကတော့

မိုးကုတ်ရတနာမြေကျောက်မျက် တူးဖော်ခြင်းလုပ်ငန်းများကို ဦးဆောင်နေရာယူလာကြောင်းတွေ့ရပါတယ်။ အချို့သော စီးပွားရေးအားနည်းတဲ့ မိုးကုတ်ဒေသခံလက်လုပ်လက်စား လုပ်ငန်းရှင်များကတော့ တဖြည်းဖြည်းနဲ့ လုပ်ငန်းအခွင့်အလမ်းများ ဆုတ်ယုတ်သွားခဲ့တယ်ဆိုတာကိုလည်း ကျွန်တော်တို့တွေ့ရကြောင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့မိုးကုတ်မြို့နယ်မှာ ဒေသခံ မိုးကုတ်သူ၊ မိုးကုတ်သား၊ချက်မြုပ်ဒေသခံများအပြင် မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်အခြေချ နေထိုင်ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များ အလုပ်လုပ်ကိုင်သူများရဲ့ အင်အားစာရင်းကို ကျွန်တော်တို့စိစစ်ကြည့်တဲ့ အခါမှာ ၂၀၁၁ ခုနှစ်၊ မတ်လ မိုးကုတ်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရဲ့ စာရင်းအရ မိုးကုတ်မြို့မှာ ဒေသခံ လူဦးရေဟာအမျိုးသား ၇၇၀၃၈ ယောက်၊ အမျိုးသမီး ၇၉၈၆၁ ယောက်၊ စုစုပေါင်း ဒေသခံ ၁၅၆၈၉၉ ယောက်ရှိပြီးတော့ မြန်မာနိုင်ငံအနှံ့အပြားမှ ပြောင်းရွှေ့လာရောက်အခြေချနေထိုင်သူ စုစုပေါင်းကတော့ အမျိုးသား ၆၂၂၈ ယောက်၊အမျိုးသမီး ၆၆၃၄ ယောက်၊ စုစုပေါင်း ၁၂၈၆၂ ယောက် ရှိကြောင်းတွေ့ရပါတယ်။ ဒါကြောင့် မိုးကုတ်မြို့နယ်တစ်ခုလုံးမှာ ဒေသခံများနှင့် နိုင်ငံအနှံ့အပြားမှ လာရောက်နေထိုင်သူစုစုပေါင်း ၁၆၉၇၆၁ ယောက်ရှိကြောင်းသိရပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ ကျွန်တော်တို့ ဒီစိစစ်သိရတဲ့လူဦးရေတွေဟာ ဝင်ရောက်သူအများစုဟာ ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ကိုင်လျက်ရှိတဲ့ ကုမ⊞ပဏီမျိုးစုံရဲ့ လုပ်ကွက်လုပ်ငန်းတွေမှာ ဝင်ရောက် လုပ်ကိုင်နေကြောင်း၊ လုပ်သားအဖြစ်ဆောင်ရွက်နေကြောင်းသိရပါတယ်။ တချို့ကတော့ ဒေသမှာ ဖြစ်ထွန်းတဲ့ စီးပွားရေး၊ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ အခြားသောကုန်သွယ်ရေးလုပ်ငန်းများနှင့် အချို့ကတော့ အစိုးရဝန်ထမ်းများအဖြစ် အသက်မွေးဝမ်းကြောင်းပြုနေကြောင်း သိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုးကုတ်ရတနာနယ်မြေမှာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက် တူးဖော်ရေးဌာနက အကွက်ရိုက်သတ်မှတ်ခဲ့တဲ့ သတ်မှတ်လုပ်ကွက်အသစ်များ၊ ဒေသခံပြည်သူများက ရှာဖွေလျှောက်ထားပြီးတော့မှ ကန့်သတ်ချက်၊ သတ်မှတ်ချက်များနဲ့ လွတ်ကင်းသဖြင့် လုပ်ပိုင်ခွင့်ချထားပေးသော ဖော်ထုတ်လုပ်ကွက်အသစ်များဖြင့် သတ်မှတ်လုပ်ကွက်၊ ဖော်ထုတ်လုပ်ကွက် ဒီစာရင်းကတော့ ကျွန်တော်တို့စုစုပေါင်း ဖော်ထုတ်လုပ်ကွက် ၆၅၄ ကွက်ရှိပါတယ်။ သတ်မှတ်လုပ်ကွက် ၁၅၀၇ ကွက်ရှိပါတယ်။ ချထားပေးတဲ့ လုပ်ကွက်ပေါင်းကတော့ ဒီနေ့ထိစုစုပေါင်း ၅၃၅ ကွက်ရှိပါတယ်။ သတ်မှတ်လုပ်ကွက် ၁၁၁၉ ကွက်ရှိပါတယ်။ အဲဒီ လုပ်ကွက်တွေထဲမှာ

တူးဖော်ခြင်းမရှိတဲ့ လစ်လပ်လုပ်ကွက်ကလည်း ၁၁၉ ကွက်ရှိပါတယ်။ ဒီအင်အားတွေဟာ အခု မိုးကုတ်မြို့နယ်အတွင်းမှာ ဒေသပေါင်းစုံက လုပ်ငန်းရှင်များဟာ ဒေသခံမိုးကုတ်က လုပ်ငန်းရှင်များနည်းတူ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မိုးကုတ်ရတနာနယ်မြေမှာ ကျောက်ထွက်ရှိနိုင်တဲ့ မြေနေရာများကို ဒေသခံများရဲ့အကူအညီ၊ စီးပွားရေးကျောက်မျက် တူးဖော်နေတဲ့လုပ်ငန်းရှင်များရဲ့ အကူအညီနဲ့ သတ်မှတ်လုပ်ကွက်အသစ်များအဖြစ် အကွက်ရိုက်သတ်မှတ်ပြီး ကြေညာခေါ်ယူခြင်း ယခင်လုပ်ပိုင်ခွင့်ချထားပေး သောလုပ်ကွက်များမှ ယခုအခါ တူးဖော်လုပ်ပိုင်ခြင်းမရှိသည့် လစ်လပ်လုပ်ကွက်များကျန်ရှိနေခြင်း တို့ကြောင့်မိုးကုတ်ရတနာနယ်မြေမှာ ဖော်ထုတ်လုပ်ကွက်အသစ်များကိုတော့ လောလောဆယ် ကျွန်တော်တို့ ကြေညာခေါ်ယူထားခြင်းမရှိသေးပါဘူး။ ပုံမှန်အားဖြင့် နှစ်လတစ်ကြိမ်ကြေညာခေါ်ယူခြင်းရှိပါတယ်။

ဒီဖြစ်စဉ်နှင့်ပတ်သက်ပြီးတော့လည်း နိုင်ငံတော်သမ္မတရုံးသို့ မန္တလေးတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ရုံးမှ မိုးကုတ်မြို့ရဲ့ စီးပွားရေးကျောက်လုပ်ငန်းအခြေအနေကိုတင်ပြခဲ့ပြီး ပေါက်ထမ်းဆေးလုပ်ကိုင်ခြင်း၊ ခနွဲစေးခြင်း၊ စကာချခြင်း၊ ခဲစာထုခြင်း ဒါတွေကိုတင်ပြပြီးတော့မှ မိုးကုတ်မြို့ရဲ့ဒေသခံပြည်သူများ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသခံပြည်သူများမှ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခွင့်နှင့် လုပ်ကွက်ကြီးများမှာ စွန့်ပစ်သော ရေနှင့်ခဲမှုန့်ပစ်စာများအား ရှာဖွေလုပ်ကိုင်စားသောက်ခွင့်တို့ကိုတင်ပြခဲ့ပါတယ်။ ဒီလိုတင်ပြချက်အပေါ် နိုင်ငံတော်သမ္မတရုံးမှ နိုင်ငံတော်သမ္မတက လုပ်ထုံးလုပ်နည်းများ နှင့်အညီခွင့်ပြုပေးရန် မှတ်ချက်ပြုပြီးတော့ ကျွန်တော်တို့သတ္တုတွင်းဝန်ကြီးဌာနကို လမ်းညွှန်ထားပါတယ်။ အထက်ပါလမ်းညွှန်ချက်အရ မိုးကုတ်မြို့နယ်ရှိဒေသခံပြည်သူများမှ ကျောက်မျက်တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခွင့်နှင့် လုပ်ကွက်ကြီးများမှစွန့်ပစ်တဲ့ ရေနှင့်ခဲမှုန့်ပစ်စာများအား ရှာဖွေလုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်ဖို့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနက စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို စိစစ်ဆောင်ရွက်တာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ အကျဉ်းတင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့စောစောက မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘငွေးကလည်း အကြမ်းဖျင်းပြောသွားတာဖြစ်ပါတယ်။ ဒါကိုမူတည်ပြီးတော့ ကျွန်တော်တို့ဒီလုပ်ငန်းရဲ့ သဘောသဘာဝကို အဓိပ္ပာယ်ဖော်နိုင်မှ ကျွန်တော်တို့ စိစစ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒါကတော့ မိုးကုတ်မှာရှိတဲ့ အရင်တုန်းကဒေသခံများလုပ်ခဲ့တဲ့ ကျောက်မျက်တူးဖော်မှု နည်းလမ်းတွေဟာ ပေါက်ထမ်းဆေးလုပ်ကိုင်ခြင်းဆိုတဲ့လုပ်ငန်းကတော့လုပ်သားတစ်ယောက်ကနေ

ငါးယောက်ထိပူးပေါင်းပြီးတော့မှ တောင်ကုန်းတွေ၊ လွတ်လပ်တဲ့နေရာတွေ၊ ချုံနွယ်တွေကိုသွား၊ သွားပြီးတော့မှတွေ့တဲ့ မြေကြီးကို၊ သူတို့ယူဆတဲ့နေရာကို ပေါက်ပြားနဲ့ပေါက်၊ အိတ်ထဲထည့် အဲဒါတွေကို ရေရှိတဲ့ချောင်း၊ မြောင်း နေရာကိုသယ်ပြီးတော့ ဇကာနဲ့ဆေး ကျောက်မျက်ရှာဖွေခြင်းကိုဆိုလိုပါတယ်။ ပေါက်ထမ်းဆေးလုပ်ကိုင် ခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ ခနွဲဆေးခြင်းဆိုတာဖြစ်ပါတယ်။ အဲဒါကတော့ စောစောကလို ကုမ္ပဏီ များက ကျောက်တွင်းတွေတူးပြီးတော့မှ နုံးတွေဆေးထွက်လာတဲ့ ရေပိုရေလျှံတွေကို ဒါကို ရွှံ့ရေခနွဲ လို့ခေါ်ပါတယ်။ ဒါတွေကို ဒေသခံများက ဇကာနဲ့ခံယူပြီးတော့မှ အဲဒီထဲကနေပြီးတော့မှ ကျောက်ကြွင်း၊ ကျောက်ကျန်များကိုရှာဖွေခြင်းကို ခနွဲဆေးတယ်လို့ခေါ်ပါတယ်။ နောက်တစ်ခုက ဇကာချခြင်းလုပ်ငန်း ဖြစ်ပါတယ်။ ဒါတွေကတော့ စောစောကလုပ်ငန်းရှင်များက သူ့လုပ်ငန်းကျောက်တွင်းကကျောက်တွေတူး၊ နုံးမြေကိုရေဆေး၊ နောက်ပြီးတော့ ကျန်တဲ့ကျောက်တွေကို ပါမသွားဖို့အတွက် သံဇကာဖြင့်ကာထား လေ့ရှိပါတယ်။ အဲဒီသံဇကာကနေ ရေနဲ့လျှံပြီးတော့ကျော်လာတဲ့ ကျောက်တိုကျောက်စတွေကို ဒေသခံ များက ကောက်ယူပြီးတော့မှ ရှာဖွေခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခဲစာထုခြင်းဖြစ်ပါတယ်။ ဒါတွေကိုတော့ လုပ်ငန်းရှင်များက သူတို့တူးတဲ့ကျောက်တွင်းများက ထွက်လာတဲ့ကျောက်ကြောတွေကို ခဲကြောခေါ်ပါတယ်။ ဒါတွေကို ယမ်းနဲ့ခွဲ၊ ထုခွဲပြီးတော့ ဒီထဲမှာ တန်ဖိုးရှိကျောက်မျက်များ ပါ၊ မပါ ရှာပါ တယ်။ မပါတော့ဘူးလို့ယူဆတဲ့အခါမှာ ဒီကျောက်ခဲအပိုင်းအစတွေကို ပြန်လည်စွန့်ပစ်လိုက်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ခဲအမှုန့်ပစ်စာ၊ ခဲစာလို့ခေါ်ပြီးတော့မှ ဒီခဲစာတွေကို ဒေသခံများက ရှာဖွေပြီးတော့ မှ ကျောက်မျက်၊ ကျောက်ကောင်းများရှိလို့ရှိငြား ရှာဖွေရေးလုပ်တဲ့လုပ်ငန်းကို ခေါ်ဆိုပါတယ်။ ဒါကြောင့် ပေါက်ထမ်းဆေး လုပ်ကိုင်တာ ခနွဲဆေးတာ၊ ဇကာချတာ၊ ခဲစာပစ်တာဆိုတာဟာ ဒေသခံများက လုပ်တာ ဖြစ်ပါတယ်။ ဒ့ါအပြင် တွင်းလုံးဆိုတာရှိပါတယ်။ အဲဒါကတော့ သူ့နေရာဒေသမှာ အခုကျွန်တော်တို့ မိုးကုတ်မြို့ကအိမ်မှာပဲ ဖြစ်ဖြစ်၊ ခြံမှာပဲဖြစ်ဖြစ် လူတစ်ယောက်စာအဝင်ကျယ်တဲ့ မြေကြီးကိုတူးပြီးတော့ ကျွန်တော်တို့ Vertical Sharp လို့ခေါ်ပါတယ်။ မဲဇာကျင်းလို့ လည်းခေါ်ပါတယ်။ မြေအောက်စိုက်ပြီး တော့တူးပါမယ်။ သူတူးပြီးတော့ ပြုန်းချော မရောက်မခြင်း သူ့နည်းသူဟန်နဲ့ သူတူးသွားပြီးတော့မှ ပြုန်းချောတွေ့တဲ့နေရာမှာ သူအလျားလိုက်သော်လည်းကောင်း၊ တောင်သော်လည်းကောင်း၊ မြောက်သော် လည်းကောင်း၊ အရှေ့သော်လည်းကောင်း၊ အနောက်သော်လည်းကောင်း ကြွက်တွင်းလိုတူးပြီးတော့မှ ကျောက်ရှာတာကိုဒါကို ဆိုလိုပါတယ်။ နောက်တစ်ခုက လေးပေဖြစ်ပါတယ်။လေးပေကတော့

လေးထောင့်ကျကျမြေကိုတူးပါတယ်။ ဘေးမှာမြေသားတွေပြိုမကျဖို့အတွက် ပတ်လည်မှာသစ်သားတွေ ဝါးတွေနဲ့ဘောင်ခတ်ပြီးကာပါတယ်။ ပြီးရင် သူကအဲဒါတွေကို ကြိမ်၊ အထူးသဖြင့် ဝါးနဲ့ ဘောင်ခတ်ပြီး တော့မှ တစ်ခွေတစ်ခွေကိုငါးပေ၊ ဆယ်ပေ၊ ဆယ့်ငါးပေစသဖြင့်ထားပြီးတော့မှ တွင်းတောင်းသမျှနက် အောင်တူးပါတယ်။ ငွေတွေချပါတယ်။ ရေတွင်းတူးသကဲ့သို့ပါပဲ။ တူးဖော်ပြီးလုပ်ပါတယ်။ နောက်တစ်ခါ ကိုးပေမြင့်ပါတယ်။ ကိုးပေကတော့ စောစောကကျွန်တော်တင်ပြတဲ့ လေးပေစနစ် ထက်ပိုပြီးတော့စနစ်ကျ ပါတယ်။ လူတွေ၊ လုပ်အားတွေပိုကောင်းလာပါတယ်။ ဒါကြောင့် သူကတော့ ဘေးမြေနေရာတွေပါ ကူးစက်သွားနိုင်ပါ တယ်။ ဒါကြောင့် ကျွန်တော်တို့ ၂၀၀၄ခုနှစ်က တစ်ကွက်နဲ့တစ်ကွက် တစ်ကွက်ကတူး၊ အောက်ရောက်တော့ အရှေ့အနောက်တောင်မြောက်တူး၊ ကျောက်ကြောပေါ်မူတည်ပြီးတော့မှ တူးသွားတဲ့ အတွက်သူများ ခြံအောက်ရောက်၊ ကျောင်းဝင်းအောက်ရောက်၊ ကျောင်းတွေအောက်ရောက်ပြီးတော့မှ မြေယာပြဿနာတွေဖြစ်ခြင်းဖြစ်ပါတယ်။ နောက်မျောဖြစ်ပါတယ်။ ဒါကတော့ တောင်ကမ်းပါးယံမှာရှိတဲ့ ဖြုန်းတွေကို ရေနဲ့တိုက်ပြီးတော့မှကျလာတဲ့ အသားတွေကိုမြောင်းခံပြီးတော့မှ ရှာတဲ့နည်းဖြစ်ပါတယ်။ နောက်လူး၊ လက်ကြားဆိုတဲ့နည်းလမ်းဖြစ်ပါတယ်။ ဒါကတော့ သဘာဝဖြစ်နေတဲ့လှိုဏ်ခေါင်းတွေထဲမှာ တစ်ကိုယ်စာ လူတစ်ကိုယ်စီဒေသခံများ ဝင်ရောက်ပြီးတော့မှ လှိုဏ်ခေါင်းတွေ၊ ဂလိုင်တွေမှာ ရေတိုက် စားမှုကြောင့် ကပ်နေတဲ့ ကျောက်စရစ်တွေ၊မျောနေတဲ့ မြေတွင်းတွေမှာရှာဖွေပြီးတော့မှ တွေ့ရှိတဲ့ တန်ဖိုးရှိတယ်လို့ ယူဆရတဲ့ ကျောက်များကို ရှာဖွေခြစ်ထုတ်ယူတဲ့ စနစ်ဖြစ်ပါတယ်။ နောက်တစ်ခု ကတော့ **(အေးဒီးယမ့်)** စနစ်ဖြစ်ပါတယ်။ဒါကတော့ကုမ္ပဏီများကတော့ ဧရိယာကျယ်ပြန့်စွာ တူးပြီးတော့မှ ရေစုပ်ထုတ်ပြီးတော့ ရှာဖွေတဲ့နည်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခဲတွင်းဖြစ်ပါတယ်။ဒါကတော့ တောင်ကြီးများကို မိုင်းခွဲ၊ တူးဖောက် ကုမ္ပဏီများကဆောင်ရွက်တဲ့ နည်းတွေဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ကျောက်တူးတဲ့နည်း ဖြစ်ပါတယ်။ အဲဒီထဲမှာဒေသခံများလုပ်တဲ့နည်းများကလည်း ကျွန်တော်တင်ပြတဲ့ အတိုင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီနည်းတွေပေါ်မူတည်ပြီးတော့မှ ဒီနေ့ဒီအချိန်မှာ မိုးကုတ်မြို့နယ်မှာ မိုးကုတ်ဒေသခံများပါ မကတော့ပါဘူး။ ဈေးကွက်စီးပွားရေးစနစ်အရ မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက် နေထိုင် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံကလည်း ရှိနေတာဖြစ်ပါတယ်။ ဆောင်ရွက်မယ်ဆိုရင် ဒီလုပ်ကွက်ကြီးများက စွန့်ပစ်တဲ့ရေနဲ့ခဲစာမှုန့်များကို ရှာဖွေ ခွင့်ပေးမယ်ဆိုရင် ၂၀၀၄ခုနှစ်၊ တစ်ပိုင်တစ်နိုင် လုပ်ပိုင်ခွင့်များပေးခဲ့စဥ်တုန်းက ဖြစ်ပေါ်ခဲ့တဲ့ဖြစ်စဥ်တွေ၊ တစ်ဦးလုပ်ကွက် ကိုတစ်ဦးက မြေအောက်ကနေ လှိုဏ်ခေါင်းဖောက်တူးဝင်ကျူးကျော်မှုတွေ၊ အငြင်းပွား

မှုတွေ၊ မလိုလားအပ်တဲ့ပြစ်မှုတွေဟာ ယခုကာလမှာပိုပြီးတော့ဖြစ်ပွားလာနိုင်ကြောင်းလည်း ယူဆရပါတယ်။ ဒါ့ကြောင့် ဒီလိုအငြင်းပွားမှုတွေ၊ တိုင်ကြားမှုတွေ၊ ပြစ်မှုတွေ ဒီ့ထက်ကြီးကျယ်ပြီးတော့ တရားမမှုသာမက တရား ရာဇဝတ်မှုတွေပါ မဖြစ်ပွားရေးအတွက် ကျွန်တော်တို့ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ တကယ်လို့ ဖြစ်ပွားလာပါကလည်း မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနဲ့အညီဖြေရှင်းပေးနိုင်ရေး၊ အရေးယူ ဆောင်ရွက်ပေးနိုင်ရေး လိုအပ်ပါကဥပဒေအရပါ ဆောင်ရွက်ပေးနိုင်ရေးကိုလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက မိုးကုတ်ရတနာနယ်မြေရှိ လုပ်ကွက်များမှ သက်တမ်းကုန် သတ်မှတ်လုပ်ကွက်များ၊ သက်တမ်းကုန်ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များကိုလုပ်ထုံးလုပ်နည်းများနဲ့အညီ နှစ်လတစ်ကြိမ်သတင်းစာမှာလည်း ကြေညာခေါ်ယူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ဒီလိုကြေညာခေါ်ယူတဲ့အခါမှာလုပ်ငန်းလုပ်ကိုင်လိုသူများသည် ကျောက်မျက်တူးဖော်ခွင့်ရှိသောကုမ္ပဏီများ၊ သမဝါယမအသင်းများ၊အဖွဲ့အစည်းများက သတ်မှတ်ချက်များနဲ့ အညီ လျှောက်ထားလုပ်ငန်းလုပ်ဆောင်နိုင်တဲ့အခွင့်အရေးများလည်း ရှိနေတာဖြစ်ပါတယ်။ ဒါ့အပြင်အခုကျွန်တော်တို့အလားတူ မိုးကုတ်ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး အတွက်ကိုလည်း လက်ရှိကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ၊ ဈေးကွက်စီးပွားရေးစနစ်ဆိုတော့ ကျွန်တော်တို့ဒေသခံတွေမကပါဘူး။ တစ်နိုင်ငံလုံးက မည်သူမဆိုလာရောက်လုပ်နိုင်ပါတယ်။ အဲဒီဈေးကွက်စီးပွားရေးစနစ်နဲ့အညီ၊ တစ်ပိုင်တစ်နိုင်လုပ်ပိုင်ခွင့်နှင့် လုပ်ကွက်ကြီးများမှ စွန့်ပစ်သောရေနှင့် ခဲမှုန့်ပစ်စာများ ရှာဖွေလုပ်ကိုင်ခွင့်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနဲ့အညီ ခွင့်ပြုပေးသွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ တချို့လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရေးအရပေါ့လေ။ အနားယူဖို့လိုလည်း အားမနာပါနဲ့။ တချို့ဆိုရင်ပေတေပြီးနားထောင်ရတဲ့ သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးချို့တဲ့၊ ယာယီချို့တဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော့်အနေနဲ့ ခွင့်ပြုပေးပါတယ်။ ဆက်လက်ပြီး နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့

ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၊ တောင်ခမ်းကျေးရွာမှာရှိတဲ့ အင်းကြီးကန်အားဆည်အဖြစ် တည်ဆောက်ပေးရေးနဲ့ ပတ်သက်ပြီး မေးခွန်းများမေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်အတွင်းရှိ အင်းကြီးကန်ရေကို ပတ်ဝန်းကျင်ကျေးရွာ ၃၅ ရွာ၊ နယ်မြေခံတပ်ရင်းလေးရင်းမှ မိသားစုများအပါအဝင် လူဦးရေ ၂၀၀၀၀ ကျော်ခန့် သောက်သုံးရေ၊ ကျွဲ၊ နွားရေ၊ စိုက်ပျိုးရန်ရေအတွက် မှီခိုအားထား နေရတာကို တွေ့ရှိရပါတယ်။ နွေဥတုမှာပြင်းထန်ပြီး အပူချိန်များတဲ့အတွက် ၎င်းရေကန်ဟာ ခန်းခြောက်လေ့ရှိပါ တယ်။ အထူးသဖြင့် ၁၀ နှစ်၊ ၁၅ နှစ် တစ်ကြိမ်မှာ အမြဲတမ်းလိုလိုခန်းပါတယ်။ သို့ဖြစ်ပါ၍ အဲဒီရေမှာမှီခို အားထားနေရတဲ့ ပတ်ဝန်းကျင် ပြည်သူများဟာ ရေရှားတဲ့အခက်အခဲတွေနဲ့ ကြုံတွေ့နေရပါ တယ်။ အထက်ပါတင်ပြခဲ့တဲ့ တောင်ခမ်း ရွာရှိ အင်းကြီးကန်ရေအား ဆည်အဖြစ်တည်ဆောက်ပေးမည် ရှိပါက သောက်သုံးရေ၊ ကျွဲ၊ နွားအတွက်ရေ၊ စိုက်ပျိုးရန်ရေအတွက် လုံလောက်စွာရရှိသည့်အပြင် နယ်မြေမှာလည်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်အတွင်းရှိ တောင်ခမ်းဒေသ အင်းကြီးရေကန်အား ဆည်အဖြစ်တည်ဆောက်ပေးရန် ရှိ၊ မရှိ သိရှိလိုကြောင်းတင်ပြ အပ်ပါတယ်ခင်ဗျား။ နောက်တစ်ခု အစီအစဥ်ကတော့ ကျွန်တော်တို့ နွေစပါးဖြစ်ထွန်းမှု၊ အောင်မြင်မှု နည်းပါးတဲ့အတွက်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဟာ ရေ၊ မြေ အနေအထား၊ ရာသီဥတုထူးခြားတဲ့ဒေသ မြေပြန့်လွင်ပြင်များနည်းပါးခြင်းတောင်များထူထပ်သည့် နယ်မြေဖြစ်ပါတယ်။ မိုးရွာသွန်းမှုများသော်လည်း ဆည်မြောင်း၊ တာတမံများ မရှိသည့်အတွက် မိုးရေရွာချမှုရေများဟာ တောင်အောက်မြေပြန့် များသို့ စီးဆင်းသွားပါတယ်။ သို့ဖြစ်ပါ၍ နွေစပါးစိုက်ပျိုးရာမှာ စိမ့်စမ်းရေ၊ ဂနိုင်ရေများကိုသာ မှီခိုအားထား နေရပါတယ်။ နွေအချိန်မှာ စိုက်ပျိုးရန်နွေစပါးကို ရည်ရွယ်ထားသော်လည်း စိမ့်စမ်းရေ၊ ဂနိုင်ရေများ ခြောက်ကပ်လျော့နည်းမှုအတွက်ကြောင့် ရေမရှိမှုကြောင့်လည်းကောင်း၊ အအေးလွန်ကဲမှုကြောင့် လည်းကောင်း လျာထားသလောက်ဖြစ်ထွန်းအောင်မြင်မှုမရှိပါဘူး။ သို့ဖြစ်ပါ၍ နွေစပါးဖြစ်ထွန်းမှု နည်းပါသော ရှမ်းပြည်နယ်တွင် တောင်သူလယ်သမားများနှင့် နိုင်ငံတော်အတွက်ပါ အကျိုးရှိစေမည့် သင့်တော်သောသီးနှံများ အစားထိုးစိုက်ပျိုးခွင့်ပြုပါရန် စီစဥ်ပေးနိုင်မှုရှိ၊ မရှိသိရှိလိုကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်။လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းထားတဲ့မေးခွန်းနှစ်ခုနဲ့ပတ်သက်ပြီးတော့ ပထမမေးခွန်း ဖြစ်တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စု၊ တောင်ခမ်းကျေးရွာရှိ အင်းကြီးကန်အား ဆည်တည်ဆောက်ပေးရန် ရှိ၊ မရှိ အစီအစဉ်နဲ့ပတ်သက်၍ အဆိုပါရေကန်ကို ပတ်ဝန်းကျင်ကျေးရွာ ၃၅ ရွာနဲ့နယ်မြေခံတပ်ရင်းလေးရင်း၊ မိသားစုများအပါအဝင် လူဦးရေ ၂၀၀၀၀ ခန့်မှ သောက်ရေ၊ သုံးရေ၊ ကျွဲ၊ နွားအတွက်ရေနှင့် စိုက်ပျိုးရေအတွက်ပါ မှီခိုအားထားအသုံးပြုနေရကြောင်းသိရှိရပါတယ်။ အင်းကြီးကန်ကို ဆည်အဖြစ် တည်ဆောက်ပေးမည်ဆိုပါက ရေလုံလောက်စွာရရှိမှာဖြစ်ပြီး နယ်မြေမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်တဲ့အတွက် ဆောင်ရွက်သင့်သောလုပ်ငန်းဖြစ်တယ်လို့ ယူဆပါတယ်။ သို့သော်လည်း အင်းကြီးသဘာဝရေကန်ကို ဆည်အဖြစ်တည်ဆောက်နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ စူးစမ်းလေ့လာမှုများကို ဦးစွာဆောင်ရွက်ရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ မြေပြင်တိုင်းတာခြင်း၊ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းများကို ဆောင်ရွက်ပြီးမြောက်နိုင်စွမ်း ရှိ၊ မရှိ စူးစမ်းလေ့လာသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အနေနဲ့ နွေစပါးစိုက်ပျိုးမှုကို စီမံကိန်းသီးနှံအဖြစ်မှ ဖျက်သိမ်းပြီးအမှန်တကယ်ဖြစ်ထွန်းတဲ့ မြေအခြေအနေပေးတဲ့မြို့နယ်များ၌ စိုက်ပျိုးရန်နှင့် နွေစပါးဖြစ်ထွန်းမှု မရှိသေးသောမြို့နယ်များတွင် တောင်သူနှင့်နိုင်ငံတော်အတွက်အကျိုးရှိစေတဲ့ အခြားအစားထိုး သီးနှံများ စိုက်ပျိုးခွင့်ပြုရန် စီစဉ်ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုပါကြောင်းမေးခွန်းနဲ့ပတ်သက်၍ နိုင်ငံတော်ဟာ ပြည်သူအများအဓိကစားသုံးနေတဲ့ဆန်စပါးကို စိုက်ပျိုးထုတ်လုပ်မှုစီမံဆောင်ရွက်ရာမှာ စားနပ်ရိက္ခာဖူလုံမှု၊ အရန်ဆန်ထားရှိမှု ၊ပိုလျှံသည်များကိုနိုင်ငံခြားဝင်ငွေရရှိရေး အတွက်ပြည်ပတင်ပို့မှုစတဲ့ လိုအပ်ချက်တွေကို ပြည့်ဝစေဖို့ မိုးစပါး၊ နွေစပါးစိုက်ပျိုးရေးများကိုအားပေး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒေသအလိုက် ဆန်ဖူလုံရေးများကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဆန်စပါးတိုးတက်

ထုတ်လုပ်နိုင်ဖို့ အထွက်ကောင်းမျိုးကောင်း၊ မျိုးသန့်တွေစိုက်ပျိုးနိုင်အောင်လည်း ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးမှုအပြင် နွေစပါးစိုက်ပျိုးရာမှာတော့ ဒေသရေမြေ၊ ရာသီဥတု အခြေအနေနဲ့ ကိုက်ညီတဲ့ နယ်မြေဒေသတွေမှာ ဖြစ်ထွန်းအောင်စိုက်ပျိုးသူတွေအတွက် အကျိုးဖြစ်ထွန်းနိုင်တဲ့ နေရာဒေသတွေမှာသာ သင့်တော်တဲ့စပါးမျိုးတွေကို နွေစပါးအဖြစ် ရွေးချယ်စိုက်ပျိုးနိုင်အောင် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ရော၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေနဲ့ပါ ကူညီဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ရေမြေရာသီဥတုနဲ့ သင့်တော်မှုမရှိတဲ့ ၊ မဖြစ်ထွန်းနိုင်တဲ့နေရာတွေမှာ နွေစပါးစိုက်ပျိုးခြင်းကို အားပေးတာမျိုးမရှိခဲ့ပါဘူး။ အဲဒီနေရာမျိုးတွေမှာ အခြားသင့်လျော်တဲ့ ဒေသရေမြေ၊ ရာသီဥတုနဲ့ကိုက်ညီ ဖြစ်ထွန်းအောင်မြင်တဲ့ အကျိုးအမြတ်ရှိမယ့် တွက်ခြေကိုက်မယ့် သီးနှံတွေကို စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်မှုအပါအဝင် သက်ဆိုင်ရာ စိုက်ပျိုးရေးနည်းပညာများကို အကူအညီပေး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ယခုကဲ့သို့ အချိန်ကို ငဲ့ညာသောအားဖြင့် အကျဉ်းချုပ်ဖြေကြားခြင်းကို နားလည်ပေးပါရန် မေတ္တာရပ်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကိုတစ်နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွါပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အစည်းအဝေးကိုနေ့လယ်တစ်နာရီတွင်ပြန်လည်စတင်ပါမယ်။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းကို လွှတ်တော်က ၉-၉-၂၀၁၁ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီထံ စိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားပါတယ်။ ဒီဥပဒေကြမ်းကိုလာမယ့်အပတ်အတွင်းမှာပဲ ဆွေးနွေးရန်လျာထားပါတယ်။

ဥပဒေကြမ်း ကော်မတီအနေနဲ့ ယင်းဥပဒေကိုစိစစ်ပြီး ကော်မတီရဲ့အစီရင်ခံစာနဲ့အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာ အချက်အလက်တိကျစွာဖော်ပြ၍ ၁၄-၉-၂၀၁၁ ရက် ဗုဒ္ဓဟူးနေ့ နောက်ဆုံးထားပြီးပြည်သူ့လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၁၅ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ စပါးစိုက်ပျိုးရမည့်မြေဧရိယာ၊ မိုးစပါး၊ နွေစပါးကို မူဝါဒတစ်ရပ် သတ်မှတ်ဆောင်ရွက် သင့်ကြောင်း အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ငါးဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါ တယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာစိုက်ပျိုးရေးကိုအခြေခံပြီးတော့ စက်မှုနိုင်ငံကို တည်ဆောက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဆန်စပါးထုတ်လုပ်မှုကို အဓိကထားပြီးတော့ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့နေရာမှာ ပြည်ပဈေးကွက်ဝင် နိုင်ငံခြားငွေရရှိရေးအတွက် ပဲမျိုးစုံကိုလည်း ပိုမိုစိုက်ပျိုးထုတ်လုပ်ဖို့လို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ခေတ်မီဖွံ့ဖြိုးတိုးတက် တဲ့ နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရေးအတွက် မြို့ရွာ လူနေအိမ်ခြေများကို တိုးချဲ့ခြင်း၊ အခြေခံအဆောက် အအုံကြီးဖြစ်တဲ့ Infrastructure တွေကိုဆောက်လုပ်တယ်။ စက်ရုံ၊ အလုပ်ရုံတွေ ဆောက်လုပ်တယ်။ ဒီလို ဆောက်လုပ်တဲ့နေရာမှာ စိုက်ပျိုးတဲ့ လယ်မြေတွေကို လယ်ယာလက်ရှိတည်ဆဲဥပဒေနဲ့အညီ သိမ်းဆည်း ရတဲ့အတွက်ကြောင့်မို့လို့ လယ်မြေအချို့ဟာလည်း သိမ်းဆည်းတဲ့အထဲမှာ ပါသွားပါတယ်။ ပါသွားတဲ့ လယ်မြေတွေအတွက်ကို လယ်မြေသစ်များပြန်လည်ဖော်ထုတ်ဖို့ တစ်ဖက်မှကြိုးစားရသလို တစ်ခြား တစ်ဖက်မှာလည်း တိုးတက်လာတဲ့ ပြည်သူလူထုတွေရဲ့ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် သီးနှံမျိုးစုံ ကို ပိုမိုစိုက်ပျိုးခြင်း၊ တစ်ဧက စပါးထွက်နှုန်းတင်း ၁၀၀ ကျော်ထွက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိတာကိုလည်း အားလုံး အသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဆိုလို့ရှိရင် အဓိကစားကုန်ဖြစ်တဲ့

ဆန်စပါးကို စိုက်ပျိုးတဲ့နေရာမှာ စပါးစိုက်ဧကအနေနဲ့ မိုးစပါး ၁၇ သန်း၊ နွေစပါး ၃ သန်း၊ စုစုပေါင်း သန်း ၂၀ ကို စိုက်ပျိုးလျက်ရှိ ပါတယ်။ ထွက်ရှိလာတဲ့ဆန်စပါးကို ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် ထားရှိတယ်။ တစ်ခါ အရန် ရိက္ခာတွေအတွက်လည်းထားရှိတယ်။ ပိုလျှံတဲ့ဆန်စပါးသီးနှံကို နိုင်ငံခြားငွေ ရရှိရေးအတွက် ပြည်ပကိုပို့ပါတယ်။ လျော့သွားတဲ့မြေယာတွေကို အသစ်ပြန်လည်ဖော်ထုတ်တဲ့နေရာမှာ မြေယာဖော်ထုတ်ရေးစနစ်အရ သဘာဝအလျောက်ဆန်စပါးစိုက်ပျိုးတဲ့ လယ်မြေကိုဖြစ်စေတဲ့ သဘာဝ မြေဆီ၊ ဩဇာကိုဖြစ်စေတဲ့ နွားချေးတွေ၊ မြေဆွေးတွေကို ထည့်ပြီးတော့ မြေယာဖော်ထုတ်တဲ့နေရာမှာ လယ်သမားစိုက်တဲ့ မြေကိုအထောက်အကူဖြစ်စေတဲ့ ပဲမျိုးစုံကိုစိုက်ပျိုးခြင်းအားဖြင့် လယ်ယာစိုက်ပျိုးတဲ့ ဆန်စပါးစိုက်ပျိုးတဲ့မြေအဖြစ် တဖြည်းဖြည်းယဉ်ပါးလာပြီးတော့ အဲဒီလိုလယ်မြေဖြစ်ဖို့အတွက်၊ အ ထောက်အကူဖြစ်ဖို့လို့အတွက် နှစ်အနည်းငယ်စောင့်ဆိုင်းရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ လယ်ယာမြေအသစ်တွေကို ဖော်ထုတ်မယ့်အစားလက်ရှိ၊ ရှိပြီးတဲ့ လယ်ယာမြေတွေ လျော့နည်းမသွားအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည်သာလျှင် ကျွန်တော်တို့ တောင်သူ လယ်သမားများရဲ့ လူနေမှုဘဝတွေ တည်ငြိမ်အေးချမ်းလာပြီး စားနပ်ရိက္ခာတွေဖူလုံလာမယ်။ လူမှုစီးပွား ဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမှာအတွက်ကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွန်းသီ တင်သွင်းသွားတဲ့ မိုးစပါး စိုက်ဧက၊ ဆန်စပါးစိုက်ဧက၊ မိုးစပါးနွေစပါးနဲ့ ပတ်သက်ပြီးတော့ မူဝါဒတစ်ရပ်ချမှတ်သင့်ကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်တင့်(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ ကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်တင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး ကွမ်းခြံကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီ အဆိုပြု တင်သွင်းခဲ့တဲ့ စပါးစိုက်ပျိုးရမယ့်ဧရိယာ မိုးစပါး၊ နွေစပါးကို မူဝါဒတစ်ရပ် သတ်မှတ်ဆောင်ရွက် သင့်ကြောင်းအဆို ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိန်းဂဏန်းများနှင့် တင်ပြရမှာဖြစ်တဲ့အတွက် စာတမ်းဖတ်ခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ လွန်ခဲ့တဲ့ ၂၀၀၉-၂၀၁၀ ခုနှစ်စာရင်းများအရ မိုးစပါးစိုက်ဧက ၁၇ သန်းနဲ့ နွေစပါးစိုက်ဧက ၃ သန်းစိုက်ပျိုးနိုင်ခဲ့ပြီးတော့ စပါးတင်းအထွက်ပေါင်း သန်းပေါင်း ၁၅၀၀ ကျော် ထွက်ရှိခဲ့တယ်လို့လေ့လာသိရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံးလူဦးရေ သန်း ၆၀ ရှိတဲ့အရာမှာ လူတစ်ဦး တစ်နှစ်လျှင်စပါး ၁၅ တင်းနှုန်း စားသုံးမှုအရ စပါးတင်းသန်း ၉၀၀၊ ရိုးရာဓလေ့အရ လှူဒါန်းမှုနှင့် မုန့်ပဲသွားရေစာများအတွက် သုံးစွဲမှုစပါးတင်းသန်း ၃၀၀ ရှိတဲ့အတွက် စပါးတင်းသန်း ၃၀၀ ပိုလျှံမှုရှိပါတယ်။ နိုင်ငံတော်အတွက် အရန်အဖြစ်ထားရှိနိုင်သလို ပြည်ပပို့ကုန်လုပ်ငန်းအတွက် အထောက်အကူလည်းဖြစ်ခဲ့ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်အရ ဗီယက်နမ်နိုင်ငံမှာ ၎င်းရဲ့ လူဦးရေအရ စပါးစိုက်ဧက ဟတ်တာ ၄ သန်းစိုက်ပျိုးနိုင်မှ စားသုံးမှုနှင့် ပိုလျှံမှုရှိမည်ကို တွက်ချက်ပြီး ဟက်တာ ၄ သန်းစိုက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားသည်ကိုလည်း သိရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းအရ လူဦးရေသန်း ၆၀ ရှိရာမှာ လူဦးရေရဲ့ နေ့စဉ်ပျမ်းမျှ အတိုးနှုန်း ၁.၈ ရာခိုင်နှုန်းရှိတဲ့အတွက် ၎င်းနှုန်းအတိုင်း ဆက်လက်လူဦးရေ တိုးမယ်ဆိုပါက ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စားသုံးမှုနှင့် စပါးထွက်ရှိမှု နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၀-၂၀၁၁ ခုနှစ်က ပိုလျှံခဲ့တဲ့ စပါးတင်းသန်း ၃၀၀ ဟာ စားသုံးမှုမှာပါဝင်ပြီး နိုင်ငံတော်အတွက် စားသုံးမှုဖူလုံမှု ရှိတော့မှာဖြစ်ပါတယ်။

ဥပမာအားဖြင့် တင်ပြရလျှင် ဧရာဝတီတိုင်းဒေသကြီး ကျွန်တော်တို့ရဲ့ ဓနုဖြူမြို့နယ်မှာ လွန်ခဲ့တဲ့ ၂၀၁၀-၂၀၁၁ ခုနှစ်က မိုးစပါး ၉၈၃၆၅ ဧက၊ နွေစပါး ၂၆၄၀၂ ဧက စုစုပေါင်း ၁၂၄၇၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ သို့ရာတွင်ယခု ၂၀၁၁-၂၀၁၂ ခုနှစ်တွင် လူသွားလမ်းဖောက်လုပ်မှု အတွက် ၉ ဧက၊ အခြားနည်းလမ်းအသုံးပြုမှုအတွက် ၆ ဧက၊ မီးရထားလမ်းဖောက်လုပ်မှုအတွက် ၁၈၄ ဧက စုစုပေါင်း လယ်မြေဧက၂၉၉ ဧက လျော့နည်းသွားတဲ့အတွက် ၂၀၁၀-၂၀၁၁ ခုနှစ်က စိုက်ပျိုးမြေဧကထက် စိုက်ပျိုးနိုင်မှုလျော့နည်းသွားပြီဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မြို့ပြသာယာလှပရေး၊ ခရီးလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကို တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှုအပေါ် နိုင်ငံသူ၊ နိုင်ငံသားများကလည်း ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုလျက်ရှိပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ ဧရာဝတီတိုင်း ဒေသကြီးမှာ မြို့နယ်ပေါင်း ၂၆ မြို့နယ်ရှိရာမှာ ကျွန်တော်တို့ဓနုဖြူမြို့နယ်ကဲ့သို့ လယ်ယာမြေစိုက် ဧကများလျော့နည်းမှုများရှိနေမယ်လို့ဖြစ်ပါတယ်။ထို့အတူနိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးရှိလှတဲ့လယ်ယာမြေကို

မိမိကိုယ်ကျိုးအတွက်ခွင့်ပြုချက်မရှိဘဲကျူးကျော်နေကြတဲ့ကိစ္စများကိုလက်ရှိအခြေအနေမှာ သက်ဆိုင်ရာဌာနများက ဥပဒေနဲ့အညီအရေးယူ ဆောင်ရွက်နေတာကိုလည်း အပြည့်အဝ ထောက်ခံအပ်ပါတယ်။

မြန်မာနိုင်ငံတော်မှာ နှစ်စဉ်လူဦးရေတိုးပွားလာသည့်အတွက် မြို့မြေများအဖြစ်သတ်မှတ် လိုက်တဲ့ လယ်ယာမြေဧကများလည်း ရှိမှာဖြစ်ပါတယ်။ ဓနုဖြူမြို့နယ်မှာ ၁၉၈၃ ခုနှစ်က အမှတ် ၁၇ ရပ်ကွက်ကို မြို့မြေအဖြစ် အသုံးပြုခဲ့တဲ့အတွက် လယ်ယာမြေ ၇၀ ဧက၊ အမှတ် ၁၈ ရပ်ကွက်အတွက် လယ်ယာမြေဧက ၁၁၁ ဧက လျော့နည်းခဲ့တာ ရှိခဲ့ဖူးသလို ယခုလာမယ့်နှစ်မှာလည်း အမှတ် ၁၉ ရပ်ကွက်အတွက် တိုးချဲ့ရန်ရှိတဲ့အတွက် လယ်ယာမြေ ၁၀၈ ဧက ထပ်မံလျော့နည်းမှာဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာတစ်နိုင်ငံလုံးမှာလည်း အလားတူကိစ္စရပ်များ ရှိလာမယ်ဆိုတာ မလွဲဧကန်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အထက်မှာဆွေးနွေးခဲ့တဲ့ အချက်အလက်များအရ တိုးပွားလာမယ့် လူဦးရေအတွက် မြို့မြေများ သတ်မှတ်ရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးပြုရခြင်း ကိစ္စများမှာလည်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နိုင်ငံတော်အနေဖြင့် စပါးစိုက်ပျိုးရမယ့်ဧရိယာ မိုးစပါး၊ နွေစပါးကို မူဝါဒတစ်ရပ်သတ်မှတ် ဆောင်ရွက်သင့်ကြောင်းအဆိုကို ဆွေးနွေးထောက်ခံရင်း နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွန်းသီ တင်သွင်းသည့်အဆိုတွင်ပါဝင်သော သီးနှံအဓိကစိုက်ပျိုးရန်၊ စားနပ်ရိက္ခာများဖူလုံရန် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ရန် စိုက်ပျိုးရေးမူဝါဒများ ထားရှိသင့်ပါကြောင်း အဆိုကိုဘက်စုံထောင့်စုံမှ ပြည့်စုံအောင်တင်ပြဆွေးနွေး ထောက်ခံသွားပါမယ်ခင်ဗျား။ ကျွန်တော်ရဲ့ ဆွေးနွေးတင်ပြခြင်းကိုဖိတ်ကြား တင်ပြခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤလွှတ်တော် အစည်းအဝေးခန်းမအတွင်းသို့ စုဝေးရောက်ရှိနေကြတဲ့ တစ်နိုင်ငံလုံးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကိုယ်စားလှယ်များ အားလုံးဟာ

၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေအရ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တို့ကို ဖော်ဆောင်ရန်အလို့ငှာ ဒီမိုကရေစီနိုင်ငံနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ပီပြင်အောင်ဆောင်ရွက်ရန် လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဥပဒေပြုခြင်းအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့ကို အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း၍ လွှတ်တော်နဲ့ အစိုးရတို့ဟာ ပြည်သူများမျှော်လင့်လျက်ရှိသော နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေး လွတ်လပ်မှုတို့ကို ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိစေရန် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖော်ဆောင်ပေးကြရမှာ ဖြစ်ပါတယ်။ ဒီလို ဖော်ဆောင်ရာမှာ စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင် နိုင်အောင် ဖန်တီးပေးကြရမှာလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံ၏ လူဦးရေ သန်း ၆၀ ကြီးပွားချမ်းသာတိုးတက်ဖို့၊ စားနပ်ရိက္ခာ ဖူလုံဖို့ဆိုတာ မိမိတို့နိုင်ငံမှာရှိတဲ့ စိုက်ပျိုးမြေများ၊ သယံဇာတများ အလုံအလောက်ရှိပါတယ်ဆိုပြီး ထိုင်နေ လို့မရပါဘူး။ ကျွန်တော်တို့အားလုံး အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ မိမိတို့ တိုင်းပြည်ကို သဘာဝ တရား ကလည်းကောင်း၊ ပထဝီဝင်အနေအထားကလည်းကောင်း၊ စိုက်ပျိုးမြေ၊ လူဦးရေ၊ အဖိုးတန်လှတဲ့ သဘာဝ ဓာတ်ငွေ့၊ ကျောက်မျက်ရတနာ၊ သတ္တုရိုင်း၊ သစ်တော၊ ရေအရင်းအမြစ်နှင့် ကောင်းမွန်သော ရာသီဥတု အစရှိသည်တို့ကို ဖန်တီးပေးထားပြီးဖြစ်ရာ ၎င်းတို့ကို နိုင်ငံနှင့်လူမျိုး အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်မှသာ ပြည်သူများ မျှော်လင့်ချက်ပြည့်ဝလာကြမှာဖြစ်ပါတယ်။ အဆိုရှင် တင်ပြခဲ့တဲ့ရိက္ခာဖူလုံဖို့နဲ့ နိုင်ငံခြားငွေ ရရှိဖို့ သီးနှံများအဓိကစိုက်ပျိုးရန် ဆိုသည့်အချက်ဟာ အင်မတန်မှကျယ်ဝန်းလှပါတယ်။ ပြည်သူများ အတွက် အကျိုးရှိအောင် လုပ်ဆောင်နိုင်တဲ့ စိုက်ပျိုးရေးအခြေခံ မူဝါဒများဟာလည်းပဲ လွန်စွာအရေးကြီး သည့်အချက်အဖြစ် ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတော်၏ GDP ဟာ ၃၂ ရာခိုင်နှုန်း တစ်နည်းအားဖြင့် သုံးပုံတစ်ပုံသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ပါဝင်နေသည်ကို အဆိုရှင် တင်ပြသွားတာကိုလည်း သတိပြုမိပါတယ်။လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး တင်ပြသွားတဲ့ တစ်နိုင်ငံလုံးတွင် စိုက်ပျိုးဧက ၅၈.၇၆ သန်းအထိ စိုက်ပျိုးလုပ်ကိုင် နေတာဆို တာလည်းသိရှိခွင့်ရပါတယ်။ဒါကြောင့်စီးပွားရေးကဏ္ဍတစ်ခုလုံး တိုးတက်မြင့်မားလာစေရန် ခေတ်စနစ်နဲ့ အညီ စိုက်ပျိုးရေးမူဝါဒများ ပေါ်ပေါက်လာစေရန် စီးပွားရေးပုံစံပြုရေးဆွဲကြရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများ မြင်သာထင်သာရှိစေရန်အတွက် အတိုချုပ်ရှင်းလင်းတင်ပြ လိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သီးနှံစိုက်ပျိုးဧကသန်း ၃၀ ထုတ်လုပ်နေသည်ဟု မှတ်ယူကြပါစို့။ (၁)တစ်ဧက စိုက်စရိတ်ကုန်ကျငွေကျပ် ၁.၅ သိန်း(၂) တစ်ဧက ကုန်ထုတ် ထွက်ကုန်ရောင်းရငွေကျပ်

သုံးသိန်း (၃)အသားတင်တစ်ဧက ဝင်ငွေကျပ် ၁.၅ သိန်း ဖြစ်ပါတယ်။ (၄)စိုက်ဧကသန်း ၃၀ မှ အသားတင် ဝင်ငွေကျပ် သိန်းပေါင်း ၄၅ သန်း ၄၅၀၀ ဘီလီယံကျပ် တစ်နည်းအားဖြင့် US ဒေါ်လာ ၄.၅ ဘီလီယံကျပ်ဖြစ်ပါတယ်။ (၅)စိုက်ပျိုးရေးကဏ္ဍ၏ စုစုပေါင်းဝင်ငွေကျပ် သိန်းပေါင်း သန်း ၉၀၊ ၉၀၀၀ ဘီလီယံကျပ် တစ်နည်းအားဖြင့် US ဒေါ်လာ ၉ ဘီလီယံဖြစ်ပါတယ်။ (၆)နိုင်ငံ့လူဦးရေသန်း ၆၀ နဲ့တွက်ချက် ကြည့်ပါက လူတစ်ဦးပျမ်းမျှဝင်ငွေ ပျမ်းမျှတစ်နေ့ဝင်ငွေ ၁.၅ သိန်းကျပ် US ဒေါ်လာ ၁၅၀ ကို လယ်ယာကဏ္ဍတစ်ခုတည်းမှရရှိပါတယ်။ ယခုတင်ပြချက်ဟာသာမန်လုပ်ဆောင်မှုကိုပကတိအနေအထား အတိုင်း ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတော်အခွန်ငွေ တိုးတက်လာစေရန် ရည်ရွယ်၍ လူတစ်ဦးပျမ်းမျှ တစ်နှစ်ဝင်ငွေကျပ် ၅သိန်းမှ ၁၀ သိန်းအထိ US ဒေါ်လာ ၅၀၀ မှ ၁၀၀၀ အထိ ရောက်ရှိစေရန် စိုက်ပျိုးရေးကဏ္ဍကို အောက်ပါအတိုင်းပြုပြင် ပြောင်းလဲရင်းနှီးလုပ်ကိုင်ကြဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲလာသော နိုင်ငံရေးစနစ်နဲ့အတူ စီးပွားရေးစနစ်များကိုလည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြောင်းလဲနိုင်မည်ဆိုပါက တိုးတက်ပြီးသောနိုင်ငံများတွင် ခံစားလျက်ရှိ သည့် အခွင့်အလမ်းများကို ကျွန်တော်တို့ပြည်သူများလည်း ရရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့်လက်ရှိမြေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွင် ငွေကြေးအရင်းအနှီးများထည့်သွင်းပြီး အောက်ပါနည်းပညာရပ်များနှင့် ပူးပေါင်း ဆောင်ရွက်ပါကမြေကြီးကရွှေသီးလာပြီးအခွန်ဘဏ္ဍာတွေတိုးတက်ရရှိလာမှာဖြစ်ပါတယ်။ (၁) စက်စွမ်း အားအသုံးပြု၍ ထွန်ယက်စိုက်ပျိုးနည်းစနစ်များ၊ (၂)အထွက်ကောင်းမျိုးသန့်စိုက်ပျိုးနည်းစနစ်များ၊ (၃) မြေဩဇာနှင့်သဘာဝမြေဩဇာသုံးစွဲမှုနည်းစနစ်များ၊ (၄) ပြုစုစောင့်ရှောက်ရေးနည်းပညာများ၊ (၅) ရိတ်သိမ်းရေးနှင့်နည်းပညာများ၊ (၆) ထုပ်ပိုးခြင်းနှင့်သိုလှောင်ခြင်းနည်းပညာများ၊ (၇) သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းနည်းပညာများ၊ (၈) ကုန်ထုတ်လမ်းဖောက်လုပ်မှုနည်းစနစ်များ၊ (၉) နိုင်ငံတကာ ကုန်သွယ်မှုနည်းစနစ်များနှင့်စံချိန်စံညွှန်းများ၊ (၁၀) ကျန်းမာရေးအတွက် ယုံကြည်စိတ်ချရသောနည်း ပညာများ၊ (၁၁) အရည်အသွေးပြည့်ဝသော ကုန်ပစ္စည်းများထုတ်လုပ်ရန် စက်ရုံများအတွက် လိုအပ်သော နည်းပညာများ၊ (၁၂) အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးစနစ်နည်းပညာများ၊ (၁၃) တန်ဖိုးမြင့်ထုတ်လုပ် သည့်နည်းပညာများ၊ (၁၄) ကမ္ဘာ့စားနပ်ရိက္ခာနှင့် ဈေးကွက်မဟာဗျူဟာ လိုအပ်ချက်နည်းပညာများ၊ (၁၅) ဆင်းရဲချမ်းသာနိုင်ငံများ၏ နိုင်ငံတကာကုန်သွယ်မှုအခွင့်အရေးပညာရပ်များ၊ (၁၆) သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှ ဝင်ငွေရရှိသည့်နည်းပညာရပ်များ၊ (၁၇)ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့် ငွေကြေးများလွယ်ကူစွာရရှိနိုင်သည့်နည်းစနစ်များ၊ (၁၈) ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန် စုငွေချေးငွေ

ဘဏ်တိုးနှုန်းများနှင့် ဝန်ဆောင်မှုစရိတ်များကို ထိန်းညှိဆောင်ရွက်ပေးသော ဘက်စုံပူးပေါင်း အဖွဲ့အစည်းပေါ် ပေါက်လာစေရန် စသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပူးပေါင်း၍ ပြည်သူများအလုပ်အကိုင်ရရှိစေရန် လက်ရှိဥပဒေများကို အသုံးတည့်အောင် ဖြေလျှော့ပေးခြင်း၊ ဥပဒေနဲ့အညီနည်းဥပဒေသစ်များ ပြဋ္ဌာန်းပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ လက်ရှိဖြစ်စဉ် များကို အတွေ့အကြုံယူ၍ တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးကိုအမှီလိုက်ရန် ပြည်သူတစ်ရပ်လုံး အကျိုးရှိမယ့်စိုက်ပျိုးမြေမူဝါဒ၊ စိုက်ပျိုးမြေမူဝါဒအသစ်များကို အကြိမ်ကြိမ် လုပ်ဆောင်နိုင်ပါက လွှတ်တော်နှင့်အစိုးရသက်တမ်း ၅ နှစ် အတွင်းမှာပဲ ချက်ချင်းလက်ငင်းမြင်တွေ့တိုးတက်ပြောင်းလဲလာမှာ အမှန်ဖြစ်ပါကြောင်းလေးစားစွာ ဆွေးနွေးတင်ပြ အပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေရာမှာ အနည်းငယ်မီးမောင်းထိုးပြလိုတာကတော့ မိမိတို့ နိုင်ငံ စိုက်ပျိုးမြေတစ်ဝက် ဧက သန်း ၃၀ ကို ဖော်ပြပါအစီအမံများ ထည့်သွင်းဆောင်ရွက်ပြီးတော့ မြေတစ်ဧကသွင်းရသည့် US ဒေါ်လာ ၅၀၀ သို့မဟုတ် ကျပ် ၅ သိန်း ရင်းနှီးမြှုပ်နှံ လုပ်ဆောင်ပါ၍ ၎င်းကုန်ထုတ်လုပ်ငန်းမှ ဝင်ငွေတစ်ဧကလျှင် US ဒေါ်လာ ၁၀၀၀ သို့မဟုတ် ကျပ် ၁၀ သိန်း ရရှိရန်မျှော်မှန်းပြီးတော့ အမျိုးသားစီးပွားရေးပုံစံပြု စီမံကိန်းရေးဆွဲ၍ ပြည်သူများအားလုံး အလုပ်လုပ်ကိုင်နိုင်လာအောင် အခွင့်အလမ်းသစ်များ ဖန်တီး ဖော်ဆောင်ပေးမည်ဆိုလျှင် အမျိုးသား ထုတ်လုပ်မှုတန်ဖိုးတွင် နှစ်တိုင်းတိုးမြှင့်လာမည်ကို လက်တွေ့မြင်ကြရမှာဖြစ်ပါတယ်လို့ ယုံကြည်ပါတယ်။ စိုက်ပျိုးရေးအခြေခံ စက်မှုကဏ္ဍတစ်ခုတည်းမှာ အမျိုးသား ထုတ်လုပ်မှု စုစုပေါင်းဝင်ငွေ US ဒေါ်လာဘီလီယံ ၃၀ အထိရောက်ရှိလာပြီး အသားတင်ဝင်ငွေမှာလည်း US ဒေါ်လာ ၁၅ ဘီလီယံအထိရရှိလာမှာဖြစ်ပါတယ်။ သို့ပါ၍ စိုက်ပျိုးရေးအခြေခံ စက်မှုကဏ္ဍတစ်ခု တည်းမှာပင် လူတစ်ဦးတစ်နှစ်ပျမ်းမျှဝင်ငွေဟာ US ဒေါ်လာ ၅၀၀၊ ကျပ် ၅ သိန်း ဖြစ်လာပြီးတော့ အခြား ကဏ္ဍများနှင့်ပူးပေါင်းလျှင် US ဒေါ်လာ ၁၀၀၀ ကျော်ရရှိလာမည်ဖြစ်၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးလာသည့်အပြင် နိုင်ငံ့ရိက္ခာဖူလုံစေပြီး အရန်ဆန်အပြင် ဈေးကြီးတဲ့သီးနှံ များပါအလိုအလျောက် လုံလောက်လာခြင်းမှတစ်ဆင့် ပြည်ပတင်ပို့သည့် ဈေးကွက်များဖြစ်ပေါ်လာ၍ ပြည်သူများအားလုံး အလုပ်အကိုင်သစ်များရရှိလာပြီး နိုင်ငံ့အပေါ်ယုံကြည်လေးစားမှု အပြည့်အဝဖြင့် နိုင်ငံ့သားကောင်း Good Citizen များကို မွေးထုတ်လာနိုင်မည်ဟုယုံကြည်ပါတယ်။ အလျဉ်းသင့်တုန်း ကျွန်တော်တို့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ဆက်လက်ဆွေးနွေး တင်ပြချင်တာကတော့ စောစောတုန်းက

ပြည်ထောင်စုဝန်ကြီး ဆွေးနွေးတဲ့အထဲမှာ ကျွန်တော်တို့ စိုက်ပျိုးရေးကဏ္ဍနဲ့ယှဉ်တွဲ ပြီးတော့ ဆွေးနွေးတင်ပြအပ်ပါတယ်။ ပညာတတ်နဲ့ ကျွမ်းကျင်သင်္ဘောသားများ ၇၅၀၀၀ တစ်နှစ်ဝင်ငွေ US ဒေါ်လာ သန်း ၃၆၀ ရရှိသည်ကိုသိရပါ၍ တစ်ဦးချင်းဝင်ငွေကို တွက်ချက်ကြည့်တဲ့အခါကြတော့ တစ်နှစ်ဝင်ငွေ US ဒေါ်လာ ၄၈၀၀ ရရှိကြောင်းကိုတွေ့ရပါတယ်။ စိုက်ပျိုးရေးကဏ္ဍအနေနဲ့ ကျွန်တော်တို့ စုပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် လယ်တစ်ဧကစပါး ၁၂၀ တင်း၊ နှစ်သီး စိုက်ပါက စပါးတင်း ၂၄၀မှ ဆန်သုံးတန်အထိ ထွက်ရှိပြီးတော့ US ဒေါ်လာ ၁၅၀၀ မှ ၁၈၀၀ အထိ ရရှိနိုင်ပါတယ်။ ယာတစ်ဧကမှာ ကြံတန် ၄၀ ထွက် ရှိအောင်စိုက်ပျိုးပြီး သကြား လေးတန် ထုတ်လုပ် နိုင်ပါက တစ်ဧကဝင်ငွေ US ဒေါ်လာ ၂၀၀၀ မှ ၂၄၀၀ အထိရရှိနိုင်ပါတယ်။ နိုင်ငံတော်ရှိ စိုက်ပျိုးမြေများကို တစ်ဧကဝင်ငွေ US ဒေါ်လာ ၁၀၀၀ ရရှိအောင် ဘက်ပေါင်းစုံမှပံ့ပိုးစီမံပေးနိုင်မယ်ဆိုလို့ရှိရင် စိုက်ပျိုးမြေဧကသန်း ၅၀ ကို အလုပ် လုပ်ကိုင်နိုင်သည့် အရွယ်အသက် ၁၈ နှစ်မှ အသက် ၆၀ အတွင်းမှာရှိတဲ့ လူဦးရေ ၁၀ သန်းကို စိုက်ပျိုးရေးလုပ်ငန်း များတွင်ယုံကြည်သက်ဝင်လာစေရန်အတွက် ပညာပေးလုပ်ငန်းများနှင့် လုပ်နိုင်ကိုင် နိုင်သောအခွင့်အလမ်းများကို ဖန်တီးပေးပါ၍ လုပ်ကိုင်စေခြင်းဖြင့် လူတစ်ဦးဝင်ငွေ US ဒေါ်လာ ၅၀၀၀ Per Year အထိရနိုင်ပါတယ်။ အလားတူ အလုပ်များရရှိနေသည်ကိုလည်းပဲ သင်္ဘောသား ၄၈၀၀ ရတဲ့ ကျွန်တော်တို့ လယ်ယာလုပ်ငန်းရှင်တွေလည်း တစ်နှစ်ကို ၅၀၀၀ ရတယ်ဆိုတဲ့ အလားတူလုပ်ငန်းမျိုး ကျွန်တော်တို့ နိုင်ငံမှာရှိပါတယ်ဆိုတာကို သတိပြုဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ အမျိုးသားစီးပွားရေး စီမံကိန်းများ ရေးဆွဲဆောင်ရွက်သင့်ပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ လိုအပ် ပါကလွှတ်တော်အနေဖြင့် အမျိုးသားစီးပွားရေး ကောင်စီကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီးတော့ကျယ် ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးမူဝါဒများ ဖော်ဆောင်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်ရန် အတွက်နိုင်ငံနဲ့အစိုးရနဲ့ လွှတ်တော်အရပ်ရပ်တို့သည် စိုက်ပျိုးရေးအခြေခံစက်မှုဖွံ့ဖြိုး တိုးတက်ထွန်းကားသော နိုင်ငံတော်ဖော်ဆောင်ရန်အတွက် ကျယ်ဝန်းပြည့်စုံစွာနဲ့ လွယ်ကူစွာဆောင် ရွက်နိုင်မည့် စိုက်ပျိုးရေးမြေ ဝါဒအသစ်များကို ဥပဒေနဲ့အညီပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင် ရွက်သင့်ပါကြောင်းတင်ပြရင်းကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီတင်ပြသွားသည့်အဆိုအား လေးလေး နက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)။** ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီ အဆိုတင်သွင်းသွားတဲ့ စပါးစိုက်ပျိုးရမည့် ဧရိယာကိုမူဝါဒတစ်ရပ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ထောက်ခံဆွေးနွေးမှုအားစာဖြင့်ဖတ်ကြား ဆွေးနွေးခွင့်ပြုပေးပါရန်လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကအရေးကြီးဆုံးကတော့ စိုက်ပျိုးမြေဖြစ်ပါတယ်။ အဲဒီအထဲမှာ စပါးစိုက်ပျိုးတဲ့လယ်မြေကတော့ ပြန့်ပြူးညီညာသောမြေများဖြစ်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကစားနပ်ရိက္ခာဟာလည်း ဆန်ပဲဖြစ်လို့လယ်မြေများ ဆုံးရှုံးလျော့နည်းမှုမရှိရေး၊ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးရေးများကိုလည်း မူဝါဒများချမှတ်ကာဆောင်ရွက်သင့်ပါတယ်။ အဆိုရှင်ကလည်း စပါးစိုက် ဧရိယာ မိုးစပါး ၁၇ သန်း၊နွေစပါး ၃ သန်းနဲ့ စပါးစိုက်ဧကစုစုပေါင်း သန်း ၂၀ သန်းရှိကြောင်း ကြားသိရပါတယ်။ စပါးအထွက်နှုန်းမှန်ကန်ရေးနဲ့စိုက်ဧကမှန်ကန်ရေးဟာ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာအတွက် အလွန်အရေးကြီးတဲ့အချက်ဖြစ်လို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကလည်း နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီလယ်စိုက်ဧကများ မှန်ကန်ရေးအတွက် မြေစာရင်းအမှန်ရရှိရေး အတွက်ကို ကောင်း၊ သင့်၊ ညံ့ အမျိုးအစားခွဲကာမြေယာစာရင်းများကိုလည်း ကောက်ခိုင်းထားပြီး ဖြစ်ကြောင်းသိရှိရပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်ရဲ့လူဦးရေဟာ သန်းပေါင်း ၆၀ ခန့် ရှိနေပြီဖြစ်ကြောင်းသိရပါတယ်။ လူဦးရေဟာ နောင်အနှစ် ၃၀ ကြာ လာရင် လူဦးရေပေါင်း သန်း ၁၂၀ ခန့် ရှိလာမည်ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ လူဦးရေ တစ်ဖြည်းဖြည်းတိုးလာတာနှင့်အမျှ စားနပ်ရိက္ခာဖြစ်တဲ့ ဆန်စပါး ပိုမိုထွက်ရှိရေးကိုလည်းပဲ စီမံဆောင်ရွက်နေကြရတော့မှာဖြစ်ပါတယ်။ ယနေ့ကာလမှာ လူဦးရေတိုးပွားလာမှုများကြောင့် မြို့ရွာများမှာ လူနေအိမ်ရာများ တိုးချဲ့လာခြင်း၊ စက်ရုံ အလုပ်ရုံနဲ့စီမံကိန်းကြီးများ တည်ဆောက်မှုကြောင့် လယ်မြေများ ဆုံးရှုံးနေတာတွေကိုလည်း တွေ့မြင်နေကြရပါတယ်။ မိမိလယ်မြေ ဈေးကောင်းကောင်းရလို့ ရောင်းလိုက်ခြင်းဟာ လယ်အဖြစ်အသုံးမပြုဘဲ အခြားကိစ္စ

အတွက် အသုံးပြုလျှင်တော့ နိုင်ငံတော်အတွက် စားနပ်ရိက္ခာလျော့သွားအောင် လုပ်လိုက်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ တစ်ဦးတစ်ယောက် ကောင်းစားရေးအတွက်မကြည့်ဘဲ တစ်မျိုးသားလုံးအကျိုးစီးပွားအတွက်အလေးထားကြရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားများအတွက် လိုအပ်ချက်များဖြစ်တဲ့ စားရေး၊ ဝတ်ရေး၊ နေရေးဆိုတဲ့ အချက်သုံးချက်ထဲမှာ စားရေးဟာ အသက်ရှင်ရပ်တည်ရေးအတွက်ဖြစ်လို့ အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ ယခုကာလမှာ လယ်မြေများ တိုးချဲ့ဖော်ထုတ်ဖို့ဆိုတာလည်း ပြန့်ပြူးညီညာပြီး လယ်လုပ်ဖို့ သင့်လျော်တဲ့မြေများဟာ လွန်စွာရှားပါးနေပြီဖြစ်ပါတယ်။ အချို့ဒေသများမှာ စားရေးအတွက် လယ်ယာမြေဖော်ထုတ်ရန် သင့်တော်တဲ့မြေရှားပါးမှုကြောင့် နိုင်ငံတော်ပိုင် သစ်တောကြိုးဝိုင်းများအတွင်းမှာ လယ်ယာမြေများဖော်ထုတ်ပြီး လုပ်ကိုင်စားသောက်နေကြရတာတွေလည်း များစွာရှိပါတယ်။ သာဓကအားဖြင့်ပြောရရင် ကျွန်တော်တို့ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော မြို့နယ်များအတွင်းမှာ သစ်တောကြိုးဝိုင်းများအတွင်းမှာ လယ်ယာမြေဧကစုစုပေါင်း ၁၂၆၈၈ ဧကရှိကြောင်းလေ့လာတွေ့ရှိရပါတယ်။ အလားတူ နိုင်ငံအဝှမ်း အခြားမြို့နယ်များမှာလည်း သစ်တောကြိုးဝိုင်းများအတွင်းမှာစာရင်းမပေါ်တဲ့ လယ်ယာမြေများ များစွာရှိမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း ယခင်က စပါးတစ်ဧကစိုက်လျှင် စိုက်စရိတ် ၂၀၀၀၀ ထုတ်ချေးပေးရာ မှ ယခု ၄၀၀၀၀ အထိ တိုးမြှင့်ထုတ်ချေးပေးနေတာတွေကလည်းပဲ စပါးစိုက်ဧကများကို တိုးပွားစေရေးနဲ့ စပါးအထွက်နှုန်း တိုးပွားရေးတို့အတွက်ပဲဖြစ်ပါတယ်။ စပါးပေါ်ချိန်မှာလည်း တောင်သူများအရှုံးမရှိရေးအတွက် အခြေခံဈေးနှုန်းတစ်ခုသတ်မှတ်ကာ ဝယ်ယူပြီး နိုင်ငံတော်၏ဆန်အဖြစ် ထားရှိမှာဖြစ်ကြောင်း သိရှိရပါတယ်။ အလားတူ တောင်သူလယ်သမားများအား လုပ်ပိုင်ခွင့်ပေးထားတဲ့ လယ်မြေများကို ဥပဒေနဲ့အညီ စိတ်ချလက်ချသားစဉ်မြေးဆက် စိုက်ပျိုးနိုင်အောင်လည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကိုလည်း ပဲသိရှိရပါတယ်။ စပါးနဲ့ပတ်သက်ပြီးတော့မှ နိုင်ငံတော်မှလည်း အလေးထားစီမံနေမှုများကိုလည်း ပဲတွေ့မြင်နေရပါတယ်။ ဒါ့အပြင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှလည်း စိုက်ပျိုးရေးထုတ်ကုန်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ကြီး ငါးချက် ချမှတ်ဆောင်ရွက်နေတာကို တွေ့ရှိပါတယ်။ အဲဒါတွေကတော့ (၁) အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ အသုံးပြုရမည်။(၂) သိပ္ပံနည်းကျ စိုက်ပျိုးနည်း

စနစ်များအသုံးပြုရမည်။ (၃) သွင်းအားစုစိုက်ပျိုးရေအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကိုအချိန်ကိုက် အချိုးကျအသုံးပြုရမည်။ (၄)မျိုးစေ့သွင်းအားစုအပါအဝင် အပင်စိုက်ပျိုးချိန်မှရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရမည်။ (၅) ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးရမည်ဆိုတဲ့ အချက်တို့ပဲဖြစ်ပါတယ်။ အဲဒီအချက်ငါးချက်အပြင် စိုက်ပျိုးရေးအတွက် အဓိကမရှိမဖြစ်လိုအပ်သော လယ်ယာမြေများကို အခြားနည်းလမ်းများမှာ အသုံးမပြုရေးအတွက် မူဝါဒတစ်ရပ်ချမှတ်ပြီး ကာကွယ်ပေးရန်နှင့် လယ်ယာမြေများတိုးချဲ့ဖော်ထုတ်လုပ်ကိုင်နိုင်ရန် မူဝါဒများချမှတ်ပေးရမည်ဆိုတဲ့ အချက်တစ်ချက် နံပါတ် (၆) အဖြစ်ထပ်ထည့်ပေးရန်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က စပါးစိုက်ဧရိယာဧကများ လျော့နည်းမသွားစေရေးနဲ့တိုးပွားလာသောလူဦးရေနဲ့ နိုင်ငံတော်အကျိုးစီးပွားအတွက် စပါးပိုလျှံစေလိုသော စေတနာထက်သန်စွာဖြင့်ဆွေးနွေးထားခြင်းဖြစ်တဲ့အတွက် အဆိုရှင် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီရဲ့ စပါးစိုက်ပျိုးရမည့်ဧရိယာကို မူဝါဒတစ်ရပ် သတ်မှတ်ကာ ဆောင်ရွက်သင့်ကြောင်း အဆိုအားကျွန်တော့်အနေဖြင့် လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း တင်ပြရင်းလေးစား စွာဖြင့် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြင့်(မိုးမိတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် (ခ) ဦးဖိုးထူး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီတင်သွားတဲ့ စပါးစိုက်ပျိုးမည့်ဧရိယာ မိုးစပါး၊ နွေစပါးကို ဥပဒေတစ်ရပ်သတ်မှတ်ဆောင်ရွက်သင့်ကြောင်းအဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူဦးရေ ၇၀

ရာခိုင်နှုန်းဟာ တောင်သူလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုပြီး စားဝတ်နေရေးကိစ္စအဝဝကို ဖြေရှင်းနေကြတဲ့သူပဲဖြစ်ပါတယ်။ ဒီလို တောင်သူအနေနဲ့စားဝတ်နေရေးကို တောင်သူလုပ်ငန်းအဖြစ်ဖြေရှင်းတဲ့ အခါမှာစပါးစိုက်ပျိုးမှုဟာ အဓိကကျလှပါတယ်။ စပါးစိုက်ပျိုးမှုဆိုတာကလည်း နိုင်ငံတော်မှ ဆည်မြောင်းတာတမံတွေတည်ဆောက်ပြီး လုပ်ကိုင်နေတဲ့ တောင်သူလယ်သမားတွေရှိသလို မိုးကောင်း ရေရချောင်းငယ်၊ မြောင်းငယ်များကို သစ်ခက်ဝါးချွန် ကိုယ်တို့ဖြင့် လှည်းဆင်ပြုလုပ်ပြီး လုပ်ကိုင်နေကြတဲ့ တောင်သူတွေလည်း နိုင်ငံနဲ့အဝှမ်းရှိပါတယ်။ ဒါ့အပြင် တောင်ကျရေကိုအားကိုးပြီး လုပ်ကိုင်နေတဲ့ လယ်သမားတွေလည်း နောက် မိုးကောင်းစလယ်သမားတွေစသဖြင့် လယ်လုပ်ငန်းကို မိမိမိသားစု စားဝတ်နေရေးအတွက်ဖြေရှင်းနေကြရပါတယ်။ ဒီလိုစိုက်ပျိုးလုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမားတွေဟာနိုင်ငံတော်ရဲ့ ဆန်စပါး စိုက်ပျိုးရေးမူဝါဒအရ တစ်နှစ်ကို စပါးတစ်သီးမှနှစ်သီး စိုက်ပျိုးလုပ်ကိုင်မယ်ဆိုတဲ့အခါမှာ ဆည်ရေသောက်သောသူများအနေနဲ့ ဝန်ထုပ်ဝန်ပိုးမဖြစ်သော်လည်း လှည်းဆည် တောင်ကျရေကို အားကိုးပြီးလုပ်ကိုင်နေကြသော တောင်သူများအတွက် ကြီးမားသောအခက်အခဲတွေဖြစ်စေပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ရဲ့ ဆန်စပါးစိုက်ပျိုးရေးမူဝါဒအရ တစ်နှစ်ကို စပါးတစ်သီးစားမှနှစ်သီးစား လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ ကျွန်တော်တို့လယ်သမားတွေအတွက် ဝင်ငွေတိုးပြီး စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးစတာတွေ အတိုင်းအတာတစ်ခုအထိ အဆင်ပြေတယ်ဆိုတာဝန်ခံပါတယ်။

အချို့သောတိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ မိုးစပါးရော၊ နွေစပါးရောပါ အောင်မြင်ဖြစ်ထွန်းနေသော်လည်း အချို့သောတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာတော့ ရေမြေအနေအထား၊ ရာသီဥတုအနေအထားများနှင့် မတူညီသည်ကြောင့် အောင်မြင်မှုမရှိတာလည်းတွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အနေနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်များကို စပါးစိုက်ပျိုးမည့်ဧရိယာ မိုးစပါး၊ နွေစပါးများကို စီမံချက်ရေးဆွဲပြီး ပုံသေကားချပ်သတ်မှတ်ခြင်းမပြုဘဲ ဖြစ်နိုင်သောနေရာ၊ ဖြစ်သင့်သောနေရာများတွင်သာပြုလုပ်သင့်ကြောင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံတဲ့နိုင်ငံဖြစ်သလို နိုင်ငံတော်ရဲ့ ရေရှည်အကျိုးစီးပွားကို ကြည့်ပြီးဆန်စပါးအထွက် တိုးရေးလုပ်ငန်းတွေကို မိုးရော၊နွေပါ ကြိုးစားလုပ်ကိုင်နေလျက်ရှိတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်လည်း တစ်ဧကအထွက်တိုးရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရေး၊ ဈေးကွက် ခိုင်ခိုင်မာမာရှိလာ

စေရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စွမ်းစွမ်းတမံ လုပ်ဆောင်နေတာကို လည်းလက်တွေ့သိမြင်ရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့စားနပ်ရိက္ခာဖူလုံရုံသာမက အာဆီယံဒေသတွင်းနိုင်ငံ အတွက်ပါ အရန်ဆန်များ ထုတ်လုပ်ပေးနိုင်ကြောင်းလည်းသိရပါတယ်။ ပြည်တွင်းစားသုံးမှုဖူလုံရေးနဲ့ ပြည်ပကို ရောင်းချနိုင်ရေးအတွက် ဆန်စပါးတိုးတက်ထုတ်လုပ်ရာမှာ စိုက်ဧကစာရင်းဇယားအမှန် မှန်ကန်တိကျမှသာ ဆန်စပါးအထွက်နှုန်းကိုမှန်ကန်စွာ တွက်ချက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုစာရင်းဇယား မှန်ကန်အောင်လည်းအောက်ခြေမှကောက်ယူရတဲ့ အမှန်စာရင်းကိုအခြေခံပြီး ဆန်စပါးအထွက်နှုန်းကို မှန်ကန်စွာ တွက်ချက်နိုင်မှာဖြစ်ပါတယ်။ ဒါမှလည်း ပြည်တွင်းစားသုံးမှု ပိုလျှံတာကိုပြည်ပသို့ပို့ပေး စသည်ဖြင့် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အောက်ခြေအဖွဲ့အစည်းများအနေနဲ့လည်း ဆန်စပါး စိုက်ပျိုးမည့် ဧရိယာများကို စာရွက်ပေါ်မှာရေးခြင်းမဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ မြေကြီးမြေပုံ ဆောင်ရွက်ချက်အတိုင်းမှန်ကန်တိကျစွာ ကွင်းဆင်းဆောင်ရွက်မှသာ စိုက်ပျိုးဧရိယာအမှန် ပေါ်ထွက်လာမှာဖြစ်ပါ တယ်။ ဒီလို စပါးစိုက်ပျိုးမြေဧရိယာအမှန် ရရှိမှလည်းနှစ်အလိုက် မိုးစပါး၊ နွေစပါး စိုက်ဧကကို တွက်ချက်ပြီး တစ်ဧက အထွက်တိုးနှုန်းတို့ဖြင့်ပေါင်းစည်းကာ ပြည်တွင်းစားသုံးမှုကိုဖူလုံစေပြီး ပိုလျှံတာကို ပြည်ပသို့ တင်ပို့မှုအမှန်ကို တွက်ချက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆန်စပါး စိုက်ပျိုးရေး မူဝါဒတစ်ရပ်ကို သတ်သတ်မှတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် စပါးစိုက်ပျိုးရေးဧရိယာ မိုးစပါး၊ နွေစပါး ကိုဥပဒေတစ်ရပ်သတ်မှတ်သင့်ကြောင်းအဆိုကို ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အဆိုနဲ့စပ်လျဉ်းပြီးသက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဘဦးလွန်းသီ၏ စပါးစိုက်ပျိုးရမည့်ဧရိယာ (မိုးစပါး၊နွေစပါး)ကို ဥပဒေတစ်ရပ်သတ်မှတ် ဆောင်ရွက်သင့်ကြောင်း အဆိုပြုချက်အပေါ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးခရီးထွက်ခွာ၍ ခွင့်ပန်ထားပါသဖြင့်ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ဂါရဝ ရှေ့ထားပြီး

ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏အဆိုပြုချက်တွင် မြန်မာနိုင်ငံသည်ဆန်ကို အဓိကစားသုံးသော နိုင်ငံတစ်နိုင်ငံဖြစ်၍ ဆန်စပါးစိုက်ပျိုးမြေနှင့်ပတ်သက်သောမူဝါဒများကို ချမှတ်ကျင့်သုံးဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံ၏ဆန်စပါးထွက်ရှိမှု ပြည်တွင်းစားသုံးမှုနှင့် အရန်ရိက္ခာထားရှိမှုတို့ကို မြေဧရိယာအခြေအနေ၊ တိုးတက်လာမယ့်လူဦးရေအခြေအနေတို့အရ စနစ်တကျတွက်ချက်၍ စပါးစိုက်ပျိုးရမည့်ဧရိယာသတ်မှတ်ချက်ကို ဥပဒေတစ်ရပ်သတ်မှတ် ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း စပါးစိုက်ပျိုးရမည့်ဧရိယာ မိုးစပါး၊ နွေစပါးကို ဥပဒေတစ်ရပ်သတ်မှတ် ဆောင်ရွက်သင့်ကြောင်းဖြင့်ဖော်ပြပါရှိချက်အားတွေ့ရှိရပါတယ်။ ၂၀၀၈ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ စာမျက်နှာ ၇ ပုဒ်မ ၂၃တွင် နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က)အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊ (ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်ပေးရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ကြောင်း ဖော်ပြပြဋ္ဌာန်းထားရှိပါတယ်။ မြန်မာနိုင်ငံဟာ ဆန်ကိုနေ့စဥ် အဓိက အစားအစာအဖြစ်စားသုံးနေတဲ့နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံမှု Food Security လိုအပ်ချက်အပေါ် အမျိုးသားရေးအကျိုးစီးပွားအဖြစ် တွက်ချက် စီမံ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။၂၀၁၀ -၂၀၁၁ ခုနှစ်၊ကိန်းဂဏန်းများအရ မိုးစပါး၁၇ သန်း၊ နွေစပါး သုံးသန်း စုစုပေါင်းစိုက်ဧက သန်း၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်းနဲ့ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၇၈.၈၁တင်း ရှိ ကြောင်းဖော်ပြချက်အရ စပါးတင်းသန်းပေါင်း ၁၅၇၆.၁ တန်ထွက်ရှိကြောင်းတွေ့ရှိရပါတယ်။ လူဦးရေ သန်း ၆၀ ရဲ့ တစ်နှစ်တစ်ဦး စားသုံးမှုလိုအပ်ချက် ၁၅ တင်းနှုန်းဖြင့်တွက်ချက်ပါက တင်းသန်းပေါင်း ၉၀၀ ကျော် လိုအပ်ချက်ရှိပြီး ပိုလျှံမှုတင်းပေါင်းဟာ ၆၀၀ ကျော်ရှိသော်လည်းပဲ ပိုလျှံတဲ့ကိန်းဂဏန်းများကို မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးရဲ့ စိုက်ဧကနဲ့အထွက်နှုန်း ကိန်းဂဏန်းများ မှန်ကန်ဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဧက အထွက်နှုန်း နဲ့ စိုက်ဧကများ မှန်ကန်မှုရှိလာလို့ရှိလျှင် ပြည်တွင်းစားသုံးမှု၊ ပိုလျှံမှုနှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အရန်ဆန်လိုအပ်ချက်များတွက်ချက်ပြီး နိုင်ငံတော်၏နိုင်ငံခြားငွေရရှိရန် တင်ပို့ရောင်းချနိုင်ရေးအတွက် မှန်မှန်ကန်ကန် သုံးသပ်စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ အခြား

တဘက်မှလည်းပဲ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်၏ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နည်းလမ်းနှစ်သွယ်ဖြင့်ဆောင်ရွက်လျက်ရှိပါတယ်။

နံပါတ်တစ် နည်းလမ်းကတော့ စိုက်ဧရိယာတွေကို ဖြစ်နိုင်သမျှတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ နံပါတ်နှစ်ကတော့ တစ်ဧကအထွက်နှုန်းတိုးအောင်ဆောင်ရွက်ရေးဆိုတဲ့ နည်းလမ်းတွေနဲ့ ဆောင်ရွက်လျက်ရှိရာမှာ တစ်ဧကအထွက်နှုန်းတိုးတက်ရေးလုပ်ငန်းအတွက် အထွက်ကောင်းမျိုးများ ပြောင်းလဲသုံးစွဲခြင်း၊ ခေတ်မီသိပ္ပံနည်းကျနည်းစနစ်များ ပြောင်းလဲသုံးစွဲခြင်းစသည့် နည်းလမ်းငါးသွယ်ဖြင့်ဆောင်ရွက် လျက်ရှိတဲ့ နည်းလမ်းထဲမှာ အဓိကထွက်ရှိလာတဲ့သီးနှံများကို တွက်ခြေကိုက်ပြီးဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးခြင်းနည်းလမ်းဟာ အဓိကကျတဲ့နည်းလမ်းတစ်ရပ်လို့ တင်ပြလိုပါတယ်။ ဒါ့ကြောင့်မို့လို့ နည်းလမ်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျှက်ရှိရာမှာ တောင်သူများလက်တွေ့လိုက်နာဆောင်ရွက် နိုင်သည်နှင့်အမျှ တစ်ဧကအထွက်နှုန်း အမှန်တကယ်တိုးတက်ထွက်ရှိ လာစေနိုင်မှာဖြစ်ပါတယ်။ သို့ရာတွင် ကျင်းပလျက်ရှိတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများမှ စပါးသီးနှံစိုက်ပျိုးရာတွင် တောင်သူများတွက်ခြေမကိုက်မှုကြောင့် အခြားသီးနှံများကို စိုက်ပျိုးလိုသည့် တင်ပြချက်များမေးခွန်းများလည်းတွေ့ရှိရပြီး နိုင်ငံတော်၏ အမျိုးသားရေးတာဝန်အဖြစ် အမျိုးသားအကျိုးစီးပွား နှင့်ဝမ်းစာဖူလုံမှုကို သုံးသပ်ဆောင်ရွက်နိုင်ရန်နှင့် ဆန်စပါးထုတ်လုပ်နေကြသည့် တောင်သူများအနေဖြင့် အခြားသောသီးနှံများနှင့်နှိုင်းယှဥ်ပါက ဝင်ငွေတိုးတက်ရရှိစေနိုင်မည့် နည်းလမ်းများကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ ဆန်စပါးသီးနှံတစ်ဧကအပေါ်အခြားသီးနှံများနှင့်နှိုင်းယှဥ်ပါက ဝင်ငွေအကျိုးခံစားရမှုပိုမို တိုးတက် ရရှိနိုင်အောင်၊တစ်ဧကအထွက်နှုန်းပိုမိုတိုးတက်ထွက်ရှိအောင်ဆောင်ရွက်ပေးခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်အား လျှော့နည်းသက်သာအောင်ဆောင်ရွက်ပေးခြင်း၊ စပါးဈေးနှုန်းအား တောင်သူများ (Market Price)ဈေးကွက်တန်ဖိုး၏အကျိုးကိုခွဲဝေခံစားနိုင်အောင် တည့်မတ်ထိန်းကျောင်းပေးခြင်း စသည့်နည်းလမ်းများဖြင့် စပါးစိုက်တောင်သူများဟာ တွက်ခြေကိုက်အောင်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ စပါးဟာ သက်တမ်းကာလအားဖြင့် ရက်ပေါင်း ၁၁၀ ကျော်၊ ၁၂၀ခန့် ဝင်ငွေပေါ်သည့်အတွက် ကာလတိုအတွင်း အရင်းရောအမြတ်ပါ ပြန်လည်ရရှိနိုင်ပါတယ်။ ဈေးနှုန်းတွက်ခြေကိုက်ပါက စပါးစိုက်ရန်တောင်သူများဟာ အမှန်ပျော်ရွှင်နေကြမှာဖြစ်ပါတယ်။ ယခင်မိမိတို့ ဘိုးဘွားများ ကာလက စပါးတင်းတစ်ရာမှာ ရွှေတစ်ကျပ်သားတန်ဖိုးနှင့်ညီမျှကြောင်း၊ မည်မျှပင်ရွှေဈေးပြောင်းလဲစေကာမူ စပါးတင်းတစ်ရာတန်ဖိုးနဲ့ကိုက်ညီနေ

ကြောင်းမှတ်သားကြားသိခဲ့ရပါတယ်။ ယခု ရွှေတစ်ကျပ်သား တန်ဖိုးကျပ် ၇၀၀၀၀၀ ကျော်နေသော်လည်း စပါးတင်းတစ်ရာရဲ့တန်ဖိုးဟာ ရွှေတစ်ကျပ်သားတန်ဖိုး ရဲ့ထက်ဝက်ခန့်မျှပင် တောင်သူများမခံစားကြရကြောင်းတွေ့ရှိနေရပါတယ်။ သို့ဖြစ်နေသော်လည်း ကမ္ဘာ့ဆန်စျေးကွက်တွင် ဆန်တစ်တန်၏တန်ဖိုးမှာ US $ အမြင့်ဆုံး ၅၈၀ ဖြစ်နေပြီး မိမိတို့၏အနိမ့်ဆုံးဆန်မှာ ပြည်ပစျေးကွက်စျေးနှုန်း US $ ၄၁၀ ဖြစ်နေပါတယ်။ လယ်သမားများအပိုင်းမှ ဆန်စပါးအရည်အသွေး ကောင်းမွန်အောင်ထုတ်လုပ်နိုင်ရေး ကြိုးစားကြရန်လိုအပ်သကဲ့သို့ ကုန်သည်များအပိုင်းကလည်း စျေးကွက်တန်ဖိုးခွဲဝေခံစားနိုင်ရေး မျှတစွာဆောင်ရွက်ကြရန် ထိန်းကျောင်းပေးကြရမှာဖြစ်ပါတယ်။ ဆန်စပါးအထူးပြု ကုန်သည်ကြီးများအနေဖြင့် တောင်သူလယ်သမားများအား ထောက်ထားညှာတာကြရန် လိုအပ်မည်ဖြစ်ပါတယ်။ နိုင်ငံတော်မှကျင့်သုံးလျက်ရှိတဲ့စျေးကွက်စီးပွားရေးစနစ်ကို ပို၍ပို၍ခိုင်မာအောင်ဖွင့်ပေးရမည့် ခေတ်ကာလတွင် တောင်သူလယ်သမားများ စပါးသီးနှံမှ ဝင်ငွေတိုးတက်ရရှိနိုင်အောင်၊ တွက်ခြေကိုက်အောင်ဆောင်ရွက်ပေးခြင်းနည်းလမ်းအားဖြင့် စပါးစိုက်လိုအားကိုဆန္ဒအရ ပိုမိုတိုးတက်အောင်ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် ပဲမျိုးစုံစိုက်တဲ့အနေအထားကိုကြည့်မယ်ဆိုရင် ၁၉၈၉ နောက်ပိုင်းစျေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင်ဆောင်ရွက်လာတဲ့အခါမှာ ဒီနေ့ပဲမျိုးစုံစျေးကွက်ဟာ ပီပီပြင်ပြင်ဖြစ်ပေါ်လာပြီး အာဆီယံနိုင်ငံမှာ Leading Country မြန်မာနိုင်ငံဟာ ဦးဆောင်နိုင်ငံအဖြစ်နဲ့ရှိလျက်ရှိပြီး ကမ္ဘာမှာဒုတိယအများဆုံး ပဲတင်ပို့နိုင်တဲ့နိုင်ငံအဖြစ်ရပ်တည်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးတော့ စပါးစိုက်ဧကအား သတ်မှတ်ပေးမည်ဖြစ်ပါက စိတ်ဆန္ဒမပါသောလုပ်ငန်းအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲရန် ခက်ခဲနိုင်မည်ဖြစ်သကဲ့သို့ ဆန်စပါးကဏ္ဍအရည်အသွေးတိုးတက်ရေးနှင့် ထုတ်လုပ်မှုတိုးတက်ရေးကိုလည်းဖော်ဆောင်ရန် အဟန့်အတားဖြစ်လာနိုင်ဖွယ်ရာရှိလာမယ်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး၏ အဆိုပြုတင်ပြချက်သည် မိုးစပါး၊ နွေစပါးစိုက်ဧကကို ဥပဒေတစ်ရပ်သတ်မှတ်ပြဋ္ဌာန်းရန် အဆိုအပေါ် တောင်သူလယ်သမားများစိတ်ဆန္ဒဖြင့် စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုပိုမို တိုးတက်အောင် စပါးတစ်သီး၊ စပါးနှစ်သီးကိုယ်တိုင်ဆန္ဒဖြင့် ပါဝင်စိုက်ပျိုးလာစေရေး၊ အခြားသောသီးနှံများနှင့် နှိုင်းယှဉ်ပါကပိုမိုဝင်ငွေအကျိုးအမြတ်တွက်ခြေကိုက်ရေးအတွက် လက်တွေ့နည်းလမ်းဖြင့်သာ အားပေးဆောင်ရွက်ကြရန်လျော်ကန်သင့်မြတ်မည်ဟုထင်မြင်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနရှုထောင့် အနေအထားသိရှိနိုင်ပါရန်နှင့် လက်ခံပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ်။ အားလုံးကျေးဇူးတင်ရှိပါတယ်။(ကြိဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးလွန်းသီက စပါးစိုက်ပျိုးရမည့် ဧရိယာ(မိုးစပါး၊နွေစပါး)ကို မူဝါဒတစ်ရပ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်း အဆိုနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်ငါးဦးဆွေးနွေးသွားပါတယ်။ ငါးဦးစလုံးသူ့နည်းသူ့ဟန်နဲ့ ထောက်ခံတင်ပြပါတယ်။ ဒီနေရာ မှာပြန်လေ့လာတဲ့အခါမှာ ပြည်ထောင်စုအဆင့်သက်ဆိုင်ရာဌာနတာဝန်ခံက ရှင်းလင်းပြောကြားတဲ့ နေရာမှာ စပါးစိုက်ပျိုးရမည့် ဧရိယာ(မိုးစပါး၊နွေစပါး)ကို ဥပဒေတစ်ရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းရခြင်း ပြန်လည်စဉ်းစားသင့်တယ်ဆိုတဲ့ သဘောပါပါတယ်။ မိမိအနေနဲ့ ဒီအစီအစဉ်မှာပါတဲ့ စာသားအတိုင်းပြော မယ်ဆိုရင်တော့ ဥပဒေတစ်ရပ်ချမှတ်ဆောင်ရွက်ဖို့ မဟုတ်ဘဲ မူဝါဒတစ်ရပ်ချမှတ်ဆောင်ရွက်သင့်တယ် ဆိုလို့ရှိရင်တော့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ညီညွတ်မျှတတယ်လို့ပဲပြောရမှာဖြစ်ပါတယ်။ အဲလိုမှ မဟုတ်ဘဲ ဥပဒေတစ်ရပ် အဖြစ်သတ်မှတ်ဆောင်ရွက်ပါဆိုလို့ရှိရင်တော့ လက်ရှိမြန်မာနိုင်ငံရဲ့အခြေ အနေ၊ တောင်သူလယ်သမားများရဲ့ဆန္ဒနဲ့ ကိုက်ညီမှုမရှိတဲ့အတွက်ဒီဥပဒေဟာ လယ်သမားများကို အကျိုးမပြုသလို နိုင်ငံတော်ကိုလည်းမကျိုးမပြုမှာဖြစ်တဲ့အတွက် ဥပဒေတစ်ရပ်အဖြစ် သတ်မှတ်ဆောင် ရွက်ခြင်းကတော့ဒီအဆိုမှာ ဆိုမယ်ဆိုလို့ရှိရင်လည်း မသင့်တဲ့အဆိုဖြစ်ပါတယ်၊ သို့ရာတွင် ဦးလွန်းသီ၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်ရဲ့ မူလအဆို စာဖြင့်တင်ပြထားတာကတော့ စပါးစိုက်ပျိုးရမည့် ဧရိယာကို မူဝါဒတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်းသာဖြစ်တဲ့အတွက် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဒီနေ့နိုင်ငံတော်မှာလည်း ဆောင်ရွက်နေတဲ့ကိစ္စဖြစ်တဲ့အတွက် သီးခြားထပ်မံ ဆောင်ရွက်ရန်မလိုတော့ တဲ့အဆိုလို့ပဲမှတ်ယူပါတယ်။ ဆက်ပြီးရှင်းရမယ်ဆိုရင်တော့ ခုနက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်က ဆွေးနွေးသွားတဲ့အခါမှာ စိုက်ပျိုးရေးဝန်ကြီးဌာနမှာ မူလစပြီးတာဝန်ထမ်းဆောင်ကတည်းက ဒီနေ့ ဒုတိယဝန်ကြီးဖြစ်တဲ့အထိ စိုက်ပျိုးရေးလုပ်ငန်းများကို ခြေခြေငံငံ၊ ဖြစ်ဖြစ်မြောက်မြောက် အားလုံး သိထားဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်လည်းစပါးစိုက်ပျိုးရေးနဲ့ ပတ်သက်လို့ မူဝါဒတွေ၊ လယ်သမားများရဲ့ဆန္ဒတွေ၊ ယာသမားများရဲ့ဆန္ဒတွေကို သိရှိပြီးဖြစ်သလိုပဲ သက်ဆိုင်ရာဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ဖော်ညွှန်းထားတာတွေလည်း ဖော်ပြထားတဲ့အတွက် ပြန်လည်ရှင်းလင်းဆွေးနွေးမှုများဟာ လည်းအင်မတန်မှကောင်းမွန်တဲ့ကိစ္စဖြစ်တဲ့အတွက် မိမိအနေနဲ့ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ဦးလွန်းသီ ကွမ်းခြံကုန်းမဲဆန္ဒနယ်ရဲ့ စပါးစိုက်ပျိုးရမည့် ဧရိယာကို မူဝါဒတစ်ရပ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်း

သည်လွှတ်တော်မှာ မှတ်တမ်းထားရှိရမယ့်အဆိုဖြစ်ပါတယ်။ သီးခြားထပ်မံမဲခွဲ ဆောင်ရွက်ရမယ့်ကိစ္စ မဟုတ်တဲ့အတွက် ဦးလွန်းသီ တင်သွင်းတဲ့အဆိုကို လွှတ်တော်မှာ မှတ်တမ်းထားရှိ ဆောင်ရွက်မှုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ဒါကြောင့် ဦးလွန်းသီ အဆိုပြုတဲ့စပါးစိုက်ပျိုးရမည့်ဧရိယာကို မူဝါဒတစ်ရပ်အဖြစ် သတ်မှတ်သင့်ကြောင်းအဆိုကို လွှတ်တော်မှာ မှတ်တမ်းထားရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အစီအစဉ်၁၀ ကိုဆောင်ရွက်ရမှာဖြစ်သော်လည်း သက်ဆိုင်ရာပြန်လည်ဖြေကြားမယ့်ဝန်ကြီးက အမျိုးသားလွှတ်တော်ဘက်မှာ ဆွေးနွေးနေတဲ့အတွက် ဒါပြင်ဆင်ပါတယ်။ ဒါကြောင့် ဦးမောင်ဦး၊ တပ်ကုန်းမဲဆန္ဒနယ်ရဲ့ ကုမ္ပဏီများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရေး အဆိုကို နန့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက စတင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နန့်ခမ်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နန့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယပုံမှန်အစည်းအဝေးရဲ့ န၀မနေ့ အစီအစဉ်မှာအဆိုတင်သွင်းခဲ့တဲ့ တပ်ကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးရဲ့ အများပိုင်ကုမ္ပဏီများကို ဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရေးအဆိုနဲ့ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ဆွေးနွေးတင်ပြချက်ကို ဖတ်ပြီးတင်ပြခွင့်ပြုပါရန် ခွင့်ပန်အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနေ့က ကိုယ်စားလှယ်တော်ကြီး ဦးမောင်ဦး တင်ပြခဲ့တဲ့အချက်များထဲမှာ ကျွန်တော်တို့နိုင်ငံတော်ထဲမှာ လက်ရှိအများပိုင်ကုမ္ပဏီစုစုပေါင်း ၂၁ ခုသာရှိသေးကြောင်း သိရှိခဲ့ရပါတယ်။ ဒီအရေအတွက်ဟာ အကန့်အသတ်ရှိ ကုမ္ပဏီလီမိတက်များနှင့်နှိုင်းစာလျှင် အလွန်နည်းပါးနေတာကို တွေ့မြင်နေကြရပါတယ်။ ဒါကိုဆန်းစစ်ကြည့်မယ်ဆိုရင် ၁။ ပြည်သူများ အများပိုင်ကုမ္ပဏီနဲ့ပတ်သက်ပြီးတော့ အသိဉာဏ်ပညာဗဟုသုတနည်းပါးနေခြင်း ၂။ အများပိုင်ကုမ္ပဏီတည်ထောင်ရန်လျှောက်ထားသူ အရေအတွက်နည်းပါးနေခြင်း ၃။ သက်ဆိုင်ရာအစိုးရဌာနမှ ခွင့်ပြုပေးတဲ့ အရေအတွက်နည်းပါးနေခြင်း စတဲ့အချက်သုံးချက်ကြောင့်ပဲလို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။

ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ နန့်ခမ်းမဲဆန္ဒနယ်ထဲမှာ အခုလက်ရှိဧည့်ကြိုနဲ့ ခရီးသွားကုမ္ပဏီလီမိတက် လေးခုသာရှိပြီးတော့ အများပိုင်ကုမ္ပဏီတစ်ခုမှ မရှိသေးပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ အများပိုင်ကုမ္ပဏီမှာ အစုရှယ်ယာဝင်ဦးရေ အနည်းဆုံးခုနစ်ဦးရှိရပြီးတော့ အကန့်အသတ်မရှိပါဝင်နိုင်တဲ့အတွက် ၎င်းရဲ့ သဘောသဘာဝမှာ ငွေအရင်းအနှီးနည်းပါးသူများဖြစ်တဲ့ အငြိမ်းစားဝန်ထမ်းများ၊ မရှိဆင်းရဲသားများရဲ့ ရင်းနှီးငွေများ စုစုပေါင်းမှသည် ထုထည်ပမာဏကြီးမားတဲ့ မတည်ငွေကို ရရှိစေပြီးတော့ ကိုယ်လုပ်ကိုင် ဆောင်ရွက်လိုတဲ့ စီးပွားရေးအခွင့်အလမ်းများကို ဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်မှာဖြစ်တဲ့အပြင် အစု ရှယ်ယာဝင်များဟာလည်း ကိုယ်အရေးတကြီးငွေ အသုံးလိုတဲ့အခါမှာ အစုရှယ်ယာကို လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိတဲ့အတွက် Stock & Share ဆိုတဲ့အစုရှယ်ယာ ဈေးကွက်ကိုလည်း အစပြုပုံဖော်လာ စေနိုင်မှာဖြစ်ပြီး နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး စီမံချက်ကိုလည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ အခုလိုလည်းပဲ အများပိုင်ကုမ္ပဏီများကို အကာကွယ်ပြုပေးဖို့ လူတစ်ဦးတစ်ယောက် ဒါမှမဟုတ်လူတစ်စုရဲ့ လက်ဝါးကြီးအုပ်မှုနဲ့ ဩဇာလွှမ်းမိုးမှုအောက်မရောက်ရှိ စေအောင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ညီညွတ်မှုရှိစေအောင်အထူးကြပ်မတ်ပေးဖို့ လိုအပ်ပါလိမ့် မယ်လို့အကြံပြုလိုပါတယ်။ ဒါကြောင့် လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်မှာ အများပိုင်ကုမ္ပဏီများ များစွာပေါ်ထွန်းလာလေ နိုင်ငံတော်ကောင်းကျိုးများ လေလေဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ယူဆတဲ့အတွက်ကြောင့် တပ်ကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ဦးတင်သွင်းခဲ့တဲ့ အများပိုင်ကုမ္ပဏီများကို ဥပဒေနဲ့အညီစိစစ် ဆောင်ရွက်ခွင့်ပြု ရေးအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ရေဖြူမဲဆန္ဒနယ်မှဦးဝင်းဦးအားဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်ကြီးများအား လေးစားစွာဂါရဝပြုပါတယ်ခင်ဗျား။ နေပြည်တော် တပ်ကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးတင်သွင်းထားတဲ့ အများပိုင်ကုမ္ပဏီ များကို ဥပဒေနှင့်အညီစိစစ်ခွင့်ပြုရေးအဆိုကို ကျွန်တော် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်၊ တနင်္သာရီတိုင်း ဒေသကြီးမှ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ အကျဉ်းချုပ်ပဲတင်ပြဆွေး နွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ကာလများတုန်းက အများပိုင်ကုမ္ပဏီများကို ကန့်သတ်ပြီး

တော့စိစစ်ခွင့်ပြုခဲ့တယ်ဆိုပေမယ့်၊ ယနေ့တိုးတက်လာတဲ့စီးပွားရေးကဏ္ဍနဲ့အညီ အများပိုင်ကုမ္ပဏီများ များစွာလိုအပ်လာတာတော့ အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၅ ခုနှစ်လောက်ကနေစပြီး Stock Exchange Market ကျွန်တော်တို့ စတော့ရှယ်ယာဈေးကွက်များစတင်ပြီးတော့ ကျင့်သုံးနိုင်ဖို့ ပြင်ဆင် နေတယ်ဆိုတာလည်း ကျွန်တော်တို့သိရှိရပါတယ်။ တကယ်လို့ Stock Exchange Market ဖြစ်လာရင် ဒီရှယ်ယာဈေးကွက်မှာ စည်းကမ်းဥပဒေနဲ့အညီတင်နိုင်မယ့် Public Listed ကုမ္ပဏီ ဖြစ်လာနိုင်မယ့်အများပိုင်ကုမ္ပဏီများလိုအပ်နေပါတယ်။ ယခုကနေစတင်ခွင့်ပြုပေးနိုင်ခဲ့ရင်ဖြင့်ဒီကာလအတွင်းမှာ အများပိုင်ကုမ္ပဏီများဟာ ကျွန်တော်တို့နိုင်ငံရဲ့ဘဏ္ဍာရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ကုန်သွယ်မှုမူဝါဒ တွေနဲ့အညီ တရားဝင်ဥပဒေဘောင်အတွင်းမှ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်း၊ စာရင်းဇယားများ ကိုမှန်ကန်စွာတင်ပြပြီး အခွန်ငွေဆောင်ခြင်းတို့ဖြင့် ပြည်သူများယုံကြည်မှုရရှိအောင် အကောင်အထည် ဖော်ဆောင်ရွက်သွားရာမှာ ခိုင်မာအောင်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ပြည်သူများက ယုံကြည်လို့ ရှယ်ယာများဝယ်ယူပြီးတော့ ထည့်ဝင်လာမယ့်အရင်းအနှီး Capital Market တစ်ခုအနေနဲ့ ရရှိလာရင် ဒီကုမ္ပဏီများဟာ ရေရှည်အကျိုးစီးပွားဖြစ်နိုင်ရေး၊ ပြည်သူများရဲ့ထည့်ဝင်ငွေ အရင်းအနှီးများ လေလွင့် ဆုံးရှုံးမှုမဖြစ်နိုင်ရေးအတွက် အကောင်အထည်ဖော်ပြီးတော့ အကျိုးရှိအောင် ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ အဲဒီလိုစီမံကိန်းများချပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုရှိလာပြီး လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ ယခုအချိန်မှာ ကုမ္ပဏီ များကို One Stop Service နဲ့တောင်မှတ်ပုံတင်နိုင်ဖို့ လုပ်ပေးနေတယ်ဆိုသော်လည်းပဲ အများပိုင်ကုမ္ပဏီများကိုခွင့်ပြုတဲ့နေရာမှာတော့ အချိန်တိုကာလတစ်ခု တိကျစွာ ယူပြီးတော့ စိစစ်ခွင့်ပြုပေးသင့်ပါတယ်။ တစ်ဖန်ယခုကျွန်တော်တို့လုပ်နေရသလိုပဲ ကုမ္ပဏီများရဲ့ သက်တမ်းသည် နှစ်နှစ်မဟုတ်ဘဲနဲ့ ကျွန်တော်တို့နှစ်နှစ်တစ်ခါ ကုမ္ပဏီရဲ့သက်တမ်းကိုတိုးရပါတယ်။ နှစ်နှစ် မဟုတ်ဘဲနဲ့ ရေရှည်တည်တံ့နိုင်မဲ့ခွင့်ပြုချက်မျိုးရှိဖို့လိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ ကုမ္ပဏီများဟာ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဌာနများနဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမှုများ စာချုပ်ချုပ် လုပ်ကိုင်တဲ့အခါမှာ ဥပမာ - ၁၀နှစ်၊ ၁၅နှစ် တစ်ချို့ဆိုရင် ကျွန်တော်တို့ နှစ် ၃၀ B.O.T ၊ နှစ် ၆၀ B.O.T စသည်ဖြင့် စာချုပ်ချုပ် ပြီးတော့လုပ်ကိုင်တဲ့အခါမှာ ကျွန်တော်တို့ ကုမ္ပဏီများရဲ့ သက်တမ်းကို နှစ်နှစ်တစ်ခါ သက်တမ်းတိုး နေရတာမျိုးမဖြစ်သင့်ဘူးလို့ ယုံကြည်တဲ့အတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့ အာဆီယံဒေသအတွင်း Stock Exchange Market များမှလုပ်ဆောင်ချက်များကို လေ့လာ ကြည့်တဲ့

အခါမှာ ထိုင်းနိုင်ငံမှာဆိုရင် အများပိုင်ကုမ္ပဏီ ၆၀၀ ကျော်ရှိပါတယ်။ အင်ဒိုနီးရှားမှာဆိုရင် ၃၀၀ ကျော်ရှိပါတယ်ခင်ဗျား။ မလေးရှား မှာဆိုရင် ၁၂၀၀ ကျော်ရှိပါတယ်။ စင်္ကာပူမှာဆိုရင် ၇၀၀ ကျော်ရှိပြီးတော့ ၊ ဗီယက်နမ် နိုင်ငံမှာတောင် ၃၀၀ ကျော်ရှိနေတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ လောလောဆယ်အချိန်အထိ အများပိုင် ကုမ္ပဏီ ၂၁ ခု သာရှိသေးတဲ့အတွက် အများပိုင်ကုမ္ပဏီများကို ဥပဒေနဲ့အညီစိစစ် ခွင့်ပြုရေးဆိုတဲ့ တပ်ကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်ဦးရဲ့အဆိုကို ကျွန်တော်လေးနက်စွာထောက်ခံပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ နေပြည်တော်၊ တပ်ကုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး တင်သွင်းခဲ့တဲ့ အများပိုင်ကုမ္ပဏီ Public Company များကို ဥပဒေနဲ့အညီစိစစ်၍ ဆောင်ရွက်ခွင့်ပြုပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်၏အဆိုကို ဖတ်ကြားတင်သွင်းခွင့်ပြုပါခင်ဗျာ။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ ပုဒ်မနဲ့ (၁)၊ ပုဒ်မခွဲ ၁၃ (က)တွင်အများပိုင် ကုမ္ပဏီ Public Company မှတ်ပုံတင်ခွင့်လျှောက်ထားနိုင်ကြောင်း အတိအလင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ယခင်အခါများက ကန့်သတ်ခြင်းများ ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီကနေ့မှာတော့ ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေတွင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ဖော်ပြထားပြီးဖြစ်၍ ပြည်သူများက အများပိုင်ကုမ္ပဏီတည်ထောင် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာပါက ခွင့်ပြုပေးသွားရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် စည်းကမ်းစည်းမျဉ်း လိုက်နာခြင်းမရှိသူများကို တည်ဆဲဥပဒေအရ စိစစ်အရေးယူပြီးဆောင်ရွက်ရမည်ဖြစ်သလို စည်းကမ်းနဲ့ညီညွတ်ပြီးတော့ စနစ်တကျ တိုင်းပြည်နဲ့ ပြည်သူ့အတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်သော အများပိုင်ကုမ္ပဏီ တည်ထောင်လိုသူများကိုလည်း ဥပဒေနှင့်အညီအကာအကွယ်ပေး၍ စီးပွားရေးလုပ်ငန်းတစ်ရပ်လုံး အောင်မြင်ဖြစ်ထွန်းလာပြီးတော့ ပြည်သူများသက်ဝင်ယုံကြည်ရသော အများပိုင်ကုမ္ပဏီများ ပေါ်ပေါက် တိုးတက်တဲ့အားပေးကြမှာဖြစ်ပါတယ်။ ပြည်သူများသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိရန်နှင့်

မိမိပိုင်ငွေပိုငွေလျှံများကို စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့်ဆန္ဒ အသီးသီးရှိကြပါတယ်။ အောင်မြင်သောအများပိုင်ကုမ္ပဏီများ ပေါ်ထွက်လာရန်အတွက်လည်းပဲ စောင့်မျှော်လျက်ရှိကြပါတယ်။ မိမိတို့တစ်ဦးချင်း၊ တစ်ယောက်ချင်း ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ပူးပေါင်းလုပ်ဆောင် အောင်မြင်နိုင်မှုကိုလည်းယုံကြည်စောင့်စားလျက်ရှိကြပါတယ်။ စျေးကွက်စီးပွားရေးအရ ဘဏ်စနစ်များ ပြုပြင်ပြောင်းလဲခြင်း၊ ပွင့်လင်းလာသော စီးပွားရေးစနစ်များ ဖြစ်ပေါ်လာခြင်းတို့ကြောင့် ပြည်သူများဟာ စီးပွားရေးကို အာရုံစိုက်မှု၊ စိတ်ဝင်စားမှုများကိုတွေ့မြင် နေကြရပြီဖြစ်ပါတယ်။ အငြိမ်းစားများနှင့်ပညာ သင်အရွယ်ကလေးငယ်များဟာ ယခင်က ဘဏ်သို့ငွေများအပ်နှံပြီး ဘဏ်တိုးတစ်ခုတည်းကိုသာအား ထားနေရသည့်အခြေအနေမှ မိမိကြိုက်နှစ်သက်ရာ အများပိုင်ကုမ္ပဏီများကိုရွေးချယ်ပြီး အစုရှယ်ယာ များကိုတရားဝင်ဝယ်ယူနိုင်ခြင်းဖြင့် မျှော်လင့်ချက်အလင်းရောင်များ ရွေးချယ်စရာများရှိပြီးတော့ စီးပွားရေးတစ်ခုလုံးကို ယုံကြည်အားကိုးလာကြမှာဖြစ်၍ စီးပွားရေးလုပ်ငန်းကြီးများ မြောက်မြားစွာ ပေါ်ထွက်လာနိုင်မှာဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများမှာလည်း ဥပဒေနှင့်အညီပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးလျက် ပြည်သူများအားကိုးအားထားပြုနိုင်သော စီးပွားရေး လုပ်ငန်းကုမ္ပဏီကြီးအဖြစ် ကြိုးစားဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုဆောင်ရွက် နိုင်ပြီးတော့ ဒီကနေ့ကမ္ဘာမှာခေတ်စားနေတဲ့ Win-Win Situation, Global Economy သို့ ကျွန်တော်တို့ အရောက်လှမ်းနိုင်ကြမှာဖြစ်ပါတယ်။ ထိုမှတစ်ဆင့် Stock Market သို့တက်လှမ်းပြီးတော့ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသော အရင်းအနှီးစျေးကွက် Capital Market ကိုလည်းဖော်ဆောင် နိုင်ကြမှာဖြစ်ပါတယ်။ မြန်မာပြည်တွင် Stock Exchange ပေါ်ပေါက်လာစေရန် အစိုးရရယ်၊ ပြည်သူရယ်၊ အများပိုင်ကုမ္ပဏီတို့ရယ် ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်ပါတယ်။ Stock Share Market များပေါ်ပေါက်လာသည်နှင့်အမျှ ပြည်သူများ လွယ်ကူစွာဝင်ရောက်လုပ်ကိုင်နိုင်မည့် စီးပွားရေးအခွင့် အလမ်းအသစ်များနှင့် ဝင်ငွေရရှိသည့် နည်းလမ်းများလည်း ပေါ်ပေါက်လာကြမှာဖြစ်ပါတယ်။ တစ်ဖက် တွင်လည်းပဲ အများပိုင်ကုမ္ပဏီများဟာ အရင်းအနှီးတောင့်တင်းခိုင်မာလာပြီးတော့ မိမိတို့လုပ်ကိုင်နိုင် သောအပေါ်မှာမူတည်ပြီးတော့ ယုံကြည်မှုရရှိလာသည်နှင့်အမျှ ဒေသတွင်းမှာရှိတဲ့ ကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်လာပြီးတော့ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများမှာရှိတဲ့ ပြည်ပကုမ္ပဏီကြီးများနှင့် စီးပွားရေးရင်ပေါင်တန်းလုပ်ကိုင်နိုင်မည် ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာပြီးတော့ ခိုင်မာတောင့်တင်းသော လုပ်ငန်းစုအဖြစ်ရပ်တည်နိုင်ရန် ဥပဒေများဖြင့်

အကာအကွယ်ပေးပြီး အုပ်ချုပ်ရေးအာဏာဖြင့် လုပ်ကိုင်ပေးခြင်းများကို နိုင်ငံတော်မှ စနစ်တကျ ပုံစံချထားဆောင်ရွက်ဖို့ လိုအပ်တဲ့ အချိန်အခါလည်း ရောက်ရှိနေပြီလို့ယူဆပါတယ်။ ကျွန်တော်တို့ နိုင်ငံတွင် စိုက်ပျိုးသည့်မြေများ များစွာ ကျန်ရှိနေသေး၍ ခေတ်မီစိုက်ပျိုးရေးစနစ်များ ဆောင်ရွက်ရန်လိုအပ်သလို လက်ရှိစိုက်ပျိုးလျှက်ရှိသော လယ်ယာမြေများကို လည်းသီးနှံ အထွက်ကောင်းစေရန်နှင့် တစ်ဧကဝင်ငွေတိုးစေရန် ရည်ရွယ်ပြီးတော့ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များပြောင်းလဲပေးခြင်း ၊ ရေရရှိအောင်ဖန်တီးပေးခြင်း၊ ဓာတ်မြေသြဇာ သုံးစွဲမှုများကျယ်ပြန့် လာစေအောင်ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သော သွင်းအားစုများ တင်သွင်းခြင်း တို့၊ ထည့်သွင်းခြင်းတို့ကို အများပိုင်ကုမ္ပဏီများမှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူ လယ်သမား၊ အလုပ်သမားများ၏ ဘဝကို ချက်ချင်းလက်ငင်းတိုးတက် ပြောင်းလဲလာစေမည်ဟု ယုံကြည် ပါတယ်။ အများပိုင်ကုမ္ပဏီများအနေဖြင့် ထွက်ရှိလာသောသီးနှံများကိုဝယ်ယူသိုလှောင်ခြင်း၊ ဈေးနှုန်း အာမခံမှုပေးခြင်း Value Added ဆောင်ရွက်နိုင်တဲ့ စက်ရုံများတည်ဆောက်ပြီးတော့ အာမခံချက်ရှိ သောဈေးကွက် Guarantee Market ကိုနိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တည်ထောင်ကြပြီးတော့ နည်းပညာနှင့် ငွေကြေးအရင်းအနှီးများကို ပြည်တွင်းပြည်ပမှရယူပြီးတော့ စနစ်ကျတဲ့ အများပိုင်ကုမ္ပဏီ များကို တည်ထောင်လာနိုင်ခြင်းဖြင့် တိုင်းပြည်၏စီးပွားရေးတစ်ရပ်လုံးကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင် ရွက်နိုင်လာမည့်အပြင် နိုင်ငံ၏လိုအပ်ချက်ဖြစ်တဲ့ ဘဏ္ဍာငွေနှင့်အခွန်အခများကိုလည်းပဲ စနစ်တကျပေး ဆောင်လာနိုင်ကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသည် သဘာဝဓာတ်ငွေ့ပေါများသည့် နိုင်ငံဖြစ်သည့် အတွက်သဘာဝဓာတ်ငွေ့ကိုအသုံးချ၍ နိုင်ငံ့စီးပွားရေးတိုးတက်လာအောင် အသားပေးဆောင်ရွက်ရန် လိုအပ်ပါတယ်။ ယင်းလိုအပ်ချက်များကို ကွက်လပ်ဖြည့်ရန်အတွက် အများပိုင်ကုမ္ပဏီများ များစွာပေါ် ပေါက်လာဖို့လိုအပ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်ချက်များစွာရှိသော ဓာတ်မြေသြဇာ စက်ရုံ၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်လျက်ရှိသော ဓာတ်အားပေးစက်ရုံ၊ ခရီးသည်များ သွားလာမှုလွယ်ကူစေရေး၊ ကုန်စည်ပို့ဆောင်မှုများ စရိတ်စက သက်သာအောင် ဆောင်ရွက်နိုင်ရေး အတွက် CNG ကိုထုတ်လုပ်နိုင်တဲ့စက်ရုံ၊ အိမ်ရှင်မတွေ၊ စားသောက်ဆိုင်တွေ အလွယ်တကူအသုံးပြု နိုင်မယ့် LPG Gas ထုတ်လုပ်တဲ့စက်ရုံတွေ၊ Plastic နဲ့ Chemical ပစ္စည်းများ ထုတ်လုပ်နိုင်တဲ့ Downstream စက်ရုံများနှင့်၊ အဆင့်မြင့် Octane ဓာတ်ဆီများထုတ်လုပ်နိုင်တဲ့ Refinery စက်ရုံများကို ပြည်တွင်းအများပိုင်ကုမ္ပဏီများကို ခွင့်ပြုတာဝန်ပေးလုပ်ဆောင်စေခြင်းဖြင့် နိုင်ငံခြား

ကုမ္ပဏီများအပေါ်တွင်သာအားကိုးရမည့်အနေအထားမှ လွတ်ကင်းလာတဲ့အပြင် ပြည်တွင်းတွင် စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်လာပြီး စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်မှုများနှင့်အတူ ပြည်သူများအလုပ်အကိုင်အသစ်များရရှိပြီး ဝင်ငွေတိုးပွားလာကြမှာဖြစ်ပါတယ်။ နိုင်ငံသားများပိုင်အများပိုင်ကုမ္ပဏီကြီးများတည်ထောင်၍ သဘာဝဓာတ်ငွေ့နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ခွင့်ဖန်တီးပေးခြင်းဖြင့် အစိုးရတစ်ခုတည်းမှတာဝန်ယူရသော ပြည်သူများ၏ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်လာပြီး ပိုမိုအရေးကြီးသောလုပ်ငန်းများကို လုပ်ဆောင်အကောင်အထည်ဖော်လာခြင်းဖြင့် တိုင်းပြည်ရဲ့ စီးပွားရေးအင်အားတောင့်တင်းလာသည်နှင့်အမျှ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစစအရာရာ ကောင်းမွန်လာမည်ဟုယုံကြည်ပါတယ်။ အများပိုင်ကုမ္ပဏီများ တိုးတက်ဖြစ်ထွန်းအောင်မြင်မှုများရရှိလာသည်နှင့်အမျှ ပြောင်းလဲလာသော ငွေရေး၊ ကြေးရေးစနစ်နှင့် ဘဏ်စနစ်တို့ပေါ်မူတည်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လုပ်ကိုင်နိုင်ခြင်းကြောင့် ကမ္ဘာ့စျေးကွက် Stock Exchange သို့ဝင်ရောက်နိုင်သည်အထိဆောင်ရွက်လာနိုင်မည်လို့ယုံကြည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံစီးပွားရေးကို အာဆီယံနိုင်ငံများနဲ့ ကမ္ဘာ့နိုင်ငံများအဆင့်သို့ရောက်ရှိရန် လွှတ်တော်အရပ်ရပ်မှသဘာဝအရင်းအမြစ်များကို ပြည်သူတစ်ရပ်လုံးပါဝင်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ပြီး ဥပဒေများပြဋ္ဌာန်းပြီးအစိုးရမှ ပြည်သူများလုပ်ချင်ကိုင်ချင်လာအောင် အခွင့်အရေးများပေးခြင်း၊ မက်လုံးများပေးခြင်းစသည့်ဆွဲဆောင်မှုများဖြင့် နိုင်ငံသားအများပိုင် စီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာပြီး ပြည်သူများတွေ့ကြုံနေရသည့်အခက်အခဲများကို ဖြေရှင်းပြီးဖြစ်ရုံမက တည်ငြိမ်အေးချမ်းရေးနှင့် ကာကွယ်ရေးလုပ်ငန်းတွေပါ အထောက်အကူဖြစ်စေမယ်လို့ယူဆပါတယ်။ ကျွန်တော်တို့ရဲ့တိုင်းပြည်သည် စိုက်ပျိုးရေးအခြေခံပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရမည်ဖြစ်၍ အစားပြန်မရသောမြေအရင်းအမြစ်များနှင့် ရေအရင်းအမြစ်များကို ပြည်ပကုမ္ပဏီများအား ရာနှုန်းပြည့်ခွင့်ပြုခြင်းထက် ပြည်တွင်းကုမ္ပဏီများကို အများပိုင်ကုမ္ပဏီများတည်ထောင်စေပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာစေရန် စီမံပေးခြင်းသည်လက်တွေ့ကျရုံသာမက ပြည်တွင်းစီးပွားရေးတောင့်တင်းကြံ့ခိုင်မှုနှင့် ပြည်သူများအလုပ်အကိုင်ရရှိမှုတို့ကို ဖန်တီးပေးရာလည်းရောက်ပါတယ်။ CMP လက်ခစားလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းသဘာဝထက် လုပ်သားများ၏ဘဝကို ပို၍အာမခံချက်ရှိစေပါတယ်။ ပြည်တွင်းကုမ္ပဏီများအနေဖြင့်အရှုံးအစားသေးငယ်ပြီး နိုင်ငံတကာနှင့်ယှဉ်လျှင်အရင်းအနှီးများ၊ အတွေ့အကြုံများနှင့် နိုင်ငံတကာ

ဈေးကွက်များ လိုအပ်လျှက်ရှိနေပါသေး၍ ဘက်ပေါင်းစုံမှအခွင့်အလမ်းများ ဖန်တီးပေးပြီး နိုင်ငံခြား ကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာအောင် အစိုးရမှပံ့ပိုးကူညီပေးဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးအောင်မြင်မှုရှိခြင်းဖြင့် တိုင်းပြည်တစ်ခု နှင့် တစ်ခု အဆင့်အတန်းခွဲခြားလာနိုင်ပြီး စီးပွားရေးအောင်မြင်ရန် နိုင်ငံတော်မှကိုယ်တိုင်ဝင်ရောက်လုပ်ကိုင် မည့်အစား နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများကို ပြည်သူများပါဝင် လုပ်ကိုင်နိုင်ရန် ဖိတ်ခေါ်၍ လုပ်သာကိုင်သာရှိသော အခွင့်အလမ်းများကို ဖော်ဆောင်ပေးပြီး ပြည်သူများ၏ဘဝကို တိုးမြှင့်ပေးသော နိုင်ငံများဟာစီးပွားရေးအလျင်အမြန်တိုးတက်လာသည်ကို တွေ့မြင်ကြရပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဥပဒေပြုရေးအာဏာအပ်နှင်းခြင်း ခံရသော လွှတ်တော်အရပ်ရပ်နှင့် အုပ်ချုပ်ရေးအာဏာအပ်နှင်းခြင်းခံရသောအစိုးရတို့ အတူယှဉ်တွဲ ပူးပေါင်းပြီး နိုင်ငံ့စီးပွားရေးကိုလုပ်ဆောင်ရာတွင် အများပိုင်ကုမ္ပဏီ တည်ထောင်ခွင့်ပြုရေးသာမကပဲ လုပ်နိုင်သည့်အရာမှန်သမျှကို စဉ်းစားတွေးခေါ်ပြီး ပြောင်းလဲလုပ်ကိုင်ရမည့် အချိန်ကာလ ရောက်ရှိနေပြီ လို့လည်းယူဆမိပါတယ်။ ကျွန်တော်တို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများကဲ့သို့ပင်စီးပွားရေးအမြင်၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်တို့ကို အတွေးသစ်အမြင်သစ်တို့ဖြင့် ဖော်ဆောင်ပြီးအရှိန်အဟုန်ဖြင့် ပေါ်ထွန်းလာသော Information Technology (I.T) ပညာရပ်များဖြင့်တစ်နာရီ၊ တစ်မိနစ်နောက်မကျစေပဲ အမီလိုက်၍ နိုင်ငံတော်အဖွဲ့ အစည်းအသီးသီးမှ ဦးစီးဦးဆောင် ဆောင်ရွက်ပြီးတော့ စီးပွားရေးအခင်းအကျင်းသစ်များကို ပုံစံချရေးဆွဲ ရမည့်အချိန်အခါရောက်ပြီလို့လည်း ထင်မြင်ယူဆအပ်ပါတယ်။ သို့ပါ၍ နေပြည်တော်၊ တပ်ကုန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး တင်သွင်းသော အများပိုင်ကုမ္ပဏီ Public Company ကိုဥပဒေနှင့်အညီစိစစ်ဆောင်ရွက်ခွင့်ပြုပါရန်အဆိုအား လှိုက်လှိုက်လှဲလှဲထောက်ခံအပ်ပါ တယ်ခင်ဗျား။ အာလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်ရဲ့ကျန်းမာ ခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းဂါရဝပြုပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ စစ်ကိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါ

တယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ တပ်ကုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး တင်သွင်းခဲ့တဲ့ အများပိုင်ကုမ္ပဏီများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ရေးအဆိုနဲ့ ပတ်သက်ပြီးဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာဒီနိုင်ငံကျင့်သုံးတဲ့ စီးပွားရေးစနစ်အပေါ်မှာ အခြေခံတာကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး သိရှိကြပြီးဖြစ်ပါတယ်လို့ယူဆပါတယ်။ တနည်းအားဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ လက်ရှိကမ္ဘာ့စီးပွားရေးအရှိန်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ စီးပွားရေး စနစ်ကျင့်သုံးခြင်းပဲဖြစ်တဲ့အတွက်၊ ကမ္ဘာ့နဲ့မျက်ခြေပြတ်လို့ မရတဲ့အတွက် အထူးသတိထားရန်လိုအပ် ကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅ မှာ နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်ဟုပြဋ္ဌာန်းထား တဲ့အပြင် ပုဒ်မ ၃၆၊ အပိုဒ်ခွဲ (က) မှာအမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဒေသ ဆိုင်ရာအဖွဲ့အစည်းများ၊သမဝါယမပိုင်အဖွဲ့အစည်းများ၊ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစတဲ့ စီးပွားရေး အင်အားစုအားလုံး စီးပွားရေးလုပ်ငန်းများတွင် ပါဝင်အောင်ခွင့်ပြုထားကြောင်း အပိုဒ်ခွဲ(ခ)မှာ စီးပွားရေး လုပ်ငန်းများတွင်တရားသဖြင့် ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေလက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားခြင်းပြုလုပ်မှုဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်ဖြစ်ကြောင်း အပိုဒ်ခွဲ (ဂ) မှာအများ ပြည်သူရဲ့နေထိုင်မှု အဆင့်အတန်းမြင့်မားရေးနဲ့ အထွေထွေအရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးကိုရှေးရှု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြဋ္ဌာန်းခဲ့တာ လေ့လာတွေ့ရှိ ရတာဖြစ်ပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းထားတဲ့ စီးပွားရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ဟာကျွန်တော်တို့နိုင်ငံသားများ လူမှုဘဝမြင့်မားရေးအတွက် စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ နိုင်ငံတော်ကဥပဒေနဲ့အညီ ထိန်းသိမ်းပေးမယ့် အကူအပံ့အကာအကွယ်များဖြစ် ကြောင်းသုံးသပ်တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ဒီ အကာအကွယ်နဲ့အခွင့်အရေးများကို အထောက်အပံ့များနဲ့ ကျွန်တော်တို့နိုင်ငံသားများရဲ့ လူနေမှုဘဝ မြင့်မားရေး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးလာအောင် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့် အနေနဲ့ ဆွေးနွေးတင်ပြချင်တဲ့အချက်က နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဟာ ဒီနိုင်ငံရဲ့အသက်သွေးကြော ဖြစ်တယ်။ စီးပွားရေးလုပ်ငန်းလုပ်ရာမှာ စီးပွားရေးလုပ်ကိုင်ကြသူများ စီးပွားရေးလုပ်ငန်းကို စုပေါင်း

လုပ်ကိုင်ရန်၊ စုပေါင်းဖွဲ့စည်းရန် အဖွဲ့အစည်းဝင်များ အဓိကကျကြောင်း စီးပွားရေးအပြင်စီးပွားရေး လုပ်ငန်းအတွေ့အကြုံများရှိရမယ့်အပြင် မိမိလုပ်ကိုင်မယ့်စီးပွားရေးလုပ်ငန်းရဲ့ ဈေးကွက်အခြေအနေပါ ဆက်စပ်တွေးခေါ်ပြီးမိမိတို့ ပိုင်ဆိုင်တဲ့ငွေကြေးအရင်းအနှီးတွေကို နိုင်ငံတော်ပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ် များမှာစုဆောင်းငွေအဖြစ် အပ်နှံထားခြင်းထက် မိမိတို့ဆောင်ရွက်မယ့် စီးပွားရေးလုပ်ငန်းမှာ ယုံယုံကြည် ကြည်နဲ့အရင်းအနှီး Investment အဖြစ် လှည့်ပတ်သုံးစွဲရန်အတွက် တွက်ချက်စွန့်စားခြင်းလုပ်ငန်း Calculated Risk လုပ်ကိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်တဲ့နည်းတူ အများပိုင် ကုမ္ပဏီများဖွဲ့စည်းလုပ်ကိုင်ရန်လိုအပ်ပါကြောင်းတင်ပြလိုပါတယ်။ ဒါမှသာ နိုင်ငံသားတစ်ဦးချင်းစီရဲ့ ဝင်ငွေတိုးပွားရေးအတွက် အထောက်အကူဖြစ်လာမယ့်အပြင် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးလာမယ့် လုပ်ငန်းတစ်ရပ်ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့နိုင်ငံ အသီးသီးဟာ Globalization ကမ္ဘာရွာ အဖြစ်တည်ရှိနေပြီဖြစ်တဲ့အတွက် မိမိနိုင်ငံတစ်နိုင်ငံတည်း ရပ်တည်လို့မရဘဲ ကမ္ဘာ့နိုင်ငံများရဲ့ရင်ဆိုင် နေရတဲ့လုံခြုံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နိုင်ငံရေးရာနဲ့ စီးပွားရေးရာပြဿနာများရဲ့ ရောင်ပြန်ဟပ်မှု တို့ကိုခံကြရမှာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးမတည်ငြိမ်မှုဟာ နိုင်ငံရေးကို သွားရောက်ထိခိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေး၊ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွား ရေးတိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်ရာမှာ ပုဂ္ဂလိကကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများကို ဥပဒေနှင့် အညီဖွဲ့စည်းပြီး Win-Win သီအိုရီနှင့်အညီ လွတ်လွတ်လပ်လပ်ဆောင်ရွက်ခွင့်ပြုရန် လိုအပ်ကြောင်း တင်ပြလိုပါတယ်။ မကြာသေးမီကာလမှာ FTZ နဲ့ FTA ကိုအာဆီယံနိုင်ငံများအတွင်းမှာ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ အများပိုင်ကုမ္ပဏီများရဲ့အခန်းကဏ္ဍဟာ လွန်စွာအရေးကြီးမှာ ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ဒါကြောင့် နိဂုံးချုပ်တင်ပြလိုတာက နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုအတွက် နိုင်ငံသားတစ်ဦးချင်းပိုင် ငွေကြေးခနပစ္စည်းများအပြင် နိုင်ငံသားများစုပေါင်းဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းပိုင်ငွေကြေးခနများကို ယုံယုံကြည်ကြည်ဖြင့် အရင်းအနှီးပြုလုပ်ပြီး ဈေးကွက်စီးပွားရေး စနစ်နဲ့အညီ နိုင်ငံသားတိုင်းလွတ်လွတ်လပ်လပ် တန်းတူအခွင့်အရေးနဲ့ သွက်သွက်လက်လက် လျင်လျင် မြန်မြန်ဆောင်ရွက်နိုင်ခွင့်ဟာ နိုင်ငံသားတိုင်းလိုလားတောင့်တနေတဲ့ ဆန္ဒပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတို့၏ဆန္ဒနှင့်အညီ လွတ်လပ်စွာဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရာမှာ ပုဂ္ဂလိကကုမ္ပဏီ များရဲ့ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့်နည်းတူ အများပိုင်ကုမ္ပဏီများကို ဥပဒေနဲ့အညီစိစစ် ဆောင်ရွက်

ခွင့်ပြုရေး တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးတင်သွင်းခဲ့တဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဒဂုံမြို့သစ်မြောက်ပိုင်းမှ ဒေါ်တင်နွယ်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ ကြွရောက်လာကြတဲ့ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကြွရောက်လာကြတဲ့ဧည့်သည်တော်များ၊ ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဂါရဝဆုတောင်းပြုပါတယ်။ ကျွန်မကတော့ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ အထက်မှာ လူကြီးမင်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပြောသွားခဲ့သည့်အတိုင်း အများပိုင် ကုမ္ပဏီတွေလုပ်ခြင်းကြောင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မယ်။ စီးပွားရေးစနစ်အရ ဘယ်လိုလုပ်မလဲဆိုတာ ပြောသွားတဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ လေးမိနစ်လောက်ပဲ ပြောကြားခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဘာပဲဖြစ်ဖြစ် စီးပွားရေးလုပ်မယ်ဆိုလို့ရှိရင် ဘယ် Market Economy ပဲဖြစ်ဖြစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ပဲဖြစ်ဖြစ် သာမန်စီးပွားရေး လုပ်ငန်းလေးလုပ်မယ်လို့ ဆိုလို့ရှိရင် ပထမဦးဆုံးက ထုတ်လုပ်ရေးလုပ်ငန်းလုပ်မလား၊ ဒါမှမဟုတ်လို့ရှိရင် ရောင်းဝယ်ရေးလုပ်ငန်းလုပ်မလား၊ဒါမှမဟုတ်ရင် ဝန်ဆောင်မှုလုပ်ငန်းလုပ်မလားဆိုတဲ့ သာမန်စီးပွားရေးလုပ်ငန်းတွေကိုစဉ်းစား ကြည့်မယ်ဆိုရင် ဒီစီးပွားရေးလုပ်ငန်းထဲကနေ ကုမ္ပဏီတည်ထောင်မယ်ဆိုတဲ့အခါကြတော့ ခုနက လူကြီးမင်းများ ပြောသွားတဲ့အတိုင်းကုမ္ပဏီActနဲ့ တည်ထောင်လို့ရပါတယ်။ ဒါပေမယ့် ငွေရေးကြေးရေး ပါလာပြီဆိုတဲ့အခါကျတော့ ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့ဥပဒေများ မြန်မာပြည်မှာ ပြဋ္ဌာန်းပြီးသားရှိပါတယ်။ ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ဥပဒေကို မြန်မာနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကနေပြီးတော့ The Financial Institution Of Myanmar Law မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေဆိုပြီတော့ ဇူလိုင်လ ၄ ရက်နေ့ ၁၉၉၀ က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေရှိပါတယ်။ နောက်တစ်ခါ ဒီဥပဒေတွေနဲ့ပတ်သက်ပြီးတော့ စည်းမျဥ်း၊ စည်းကမ်းတွေအနေနဲ့ The Central Bank of Myanmar ကနေထုတ်ဝေတဲ့ The Regulations For Financial Institution ငွေရေးကြေးရေးအဖွဲ့ အစည်းနဲ့ သက်ဆိုင်သော စည်းမျဥ်းများဆိုတဲ့ စည်းမျဥ်းထုတ်ပြန်ထားတာရှိပါတယ်။ အဲဒါကတော့ ၁၉၉၂ ခုနှစ် ၊ မေလ ၂၈ ရက်မှာ ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ကျွန်မပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်တစ်ယောက် အနေနဲ့

ပြည်သူ့ငွေစာရင်းအဖွဲ့ဝင် ၁၅ ဦးကိုတော့ ဒီဥပဒေတွေဖြန့်ဝေထားတာဖြစ်လို့ PAC အဖွဲ့ဝင်များကတော့သိရှိပြီးသားဖြစ်မှာပါ။ အဲတော့ ခုနက လူကြီးမင်းများ ပြောသလို Capital Market ဖြစ်သွားပြီဆိုလို့ရှိရင် ဒီဥပဒေတွေနဲ့အမြဲတမ်းကိုက်ညီအောင်လိုက်နာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီဥပဒေတွေကိုပြဋ္ဌာန်းထားတာရှိလျက်နဲ့ မလိုက်နာတဲ့အတွက် ပြီးခဲ့တဲ့ ဥပမာ -ကုမ္ပဏီများ ပြောရမယ်ဆိုရင် မြန်မာကျုံးယွမ်၊ လင်းသစ္စာ၊ ဧရာမြေ စတဲ့အများပိုင်ကုမ္ပဏီတွေဟာ စုဆောင်းထားတဲ့ငွေကလေးတွေ ကိုယ်ရဲ့ရှယ်ယာငွေကလေးတွေဆုံးရှုံး Bank Craff ဖြစ်ခဲ့တာ လူကြီးမင်းများအားလုံးသိကြပြီးဖြစ်မှာပါ။ အဲတော့တကယ့်တကယ်ကျတော့ ဥပဒေရှိပြီးသားဖြစ်ရဲ့သားနဲ့ ဥပဒေကိုမလိုက်နာတာပါ။ ဥပဒေက Limitaion မဟုတ်ပါဘူး။ Regulation ပါ။ တိတိကျကျလိုက်နာရန်ပျက်ကွက်ခဲ့တဲ့အကြောင်းမို့လို့ ခုနက Public ကုမ္ပဏီတွေက နာမည်ပျက်ခဲ့ရတာပါ။ တကယ့်တကယ်ကျတော့ ဒီဥပဒေပြဋ္ဌာန်းချက်အတိုင်းတိတိကျကျလိုက်နာမယ်ဆိုရင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုအတွက် Capital Market ဆိုတာလည်းပေါ်လာမယ်။ Stock and Share ဈေးကွက်တွေပေါ်လာမယ်။ Money Inflationတွေကိုလည်း ထိန်းနိုင်လာမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီခုနက အများပိုင်ကုမ္ပဏီလုပ်တဲ့အခါကျတော့ ကျွန်မတို့ အဓိကဆောင်ရွက်ရမယ့်၊ သာမန်အားဖြင့် ဆောင်ရွက်ရမယ့်ဟာက ဒီကုမ္ပဏီမှာ ဘာတွေလုပ်နေလဲ ကုမ္ပဏီရဲ့ Performance တွေ၊လုပ်ငန်းဆောင်ရွက်ချက်တွေ အမြဲတမ်း လူတွေသိအောင်လို့ ဖော်ပြနေရမယ်။ နောက်တစ်ချက်ကတော့ ကုမ္ပဏီကစာရင်းဇယားတွေဟာ ထင်သာမြင်သာရှိရမယ်။ (Transparance) ဖြစ်နေရပါမယ်။ နောက်တစ်ခါ ကုမ္ပဏီနဲ့အများပိုင်ကုမ္ပဏီဆိုတာက မကြာခဏ အမြဲတမ်း ထိတွေ့နေရမယ်ဆိုတဲ့ အတွက်ကြောင့်မို့ အနည်းဆုံး သုံးလတစ်ကြိမ် အစည်းအဝေးတွေခေါ်နေရမှာဖြစ်ပါတယ်။ မြန်မာပြည်မှာရှိတဲ့အများပိုင် ကုမ္ပဏီက ပုဂ္ဂလိကကုမ္ပဏီလိုပဲ Annual Meeting ခေါ်တာပဲတွေ့ပါတယ်။ သုံးလတစ်ကြိမ်ခေါ်တဲ့ ကုမ္ပဏီခေါ်တာတော့ သိပ်မတွေ့ကြုံဘူးပါဘူး။ အဲဒီတော့ အများပိုင်ကုမ္ပဏီအနေနဲ့ ဘာလုပ်ရမလဲဆိုရင် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို၊ စည်းမျဉ်းတွေကို အမြဲတမ်း တိတိကျကျလိုက်နာကြောင်းကုမ္ပဏီရဲ့ Performance လုပ်ငန်းတွေ၊ ဘာတွေလုပ်နေကြောင်း၊ နောက် စာရင်းတွေဟာ ထင်သာမြင်သာရှိအောင် လုပ်ထားကြောင်းဆိုလျှင် အမြဲတမ်းပြည်သူတွေကို ထုတ်ဖော် ပြရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ အများပိုင် ကုမ္ပဏီတွေကို ပြုလုပ်ခြင်းအားဖြင့် Capital Market ကြီးထွားလာစေတယ်။ Stock and Share ဈေးကွက်ပေါ်လာတယ်။ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်သလို ငွေအရင်းအနှီးနည်းတဲ့ သူက ရှယ်ယာလေးတွေ

ဝယ်ပြီးတော့ ပိုက်ဆံလေးတွေစုထားနိုင်တယ်။ ငွေအရင်းအနှီးလိုတဲ့သူကလည်း ဒီ Capital Market ကနေပြီးတော့ လုပ်ငန်းအတွက် အရင်းအနှီးရနိုင်တယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်။အဲဒါကြောင့် ကျွန်မအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးစနစ်ကို မောင်းနှင်တဲ့ ငွေကြေးဈေးကွက်ရဲ့ ( liquidity Problem ) ငွေမလည်ပတ်တဲ့အတွက်ဖြစ်တဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်မယ်။ Public Company၊ အများပိုင် ကုမ္ပဏီကို ဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရန် ဦးမောင်ဦး၏အဆိုကို ထောက်ခံကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်နိုင်သိန်း (ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်းဂါရဝပြုအပ်ပါတယ်။ တပ်ကုန်း မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး အဆိုတင်သွင်းတဲ့ အများပိုင်ကုမ္ပဏီများကို ဥပဒေနဲ့ အညီစိစစ်၍ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုနှင့်စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကျွန်တော်က ရှင်းလင်းဖြေကြားတင်ပြမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ပုဂ္ဂလိကကုမ္ပဏီနှင့် အများပိုင်ကုမ္ပဏီဆိုပြီး ခွဲခြားဆောင်ရွက် လျက် ရှိကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂(၁)၊ ပုဒ်မခွဲ ၁၃ (က)အရ ၁၃-၁၂-၁၉၈၉ ရက်နေ့ကနေပြီး ၃၁-၇-၂၀၁၁ ရက်နေ့ထိ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုခဲ့တဲ့ အများနှင့်သက်ဆိုင်သော ဖွဲ့စည်းပြီးမြန်မာကုမ္ပဏီ ၁၈ ခု၊ အများနှင့်သက်ဆိုင်သောဖွဲ့စည်းပြီး ဖက်စပ်မြန်မာ့ကုမ္ပဏီ ၃ ခု၊ စုစုပေါင်း ၂၁ ခုရှိပါတယ်။ ဒီနေ့ ကမ္ဘာ့နိုင်ငံအများအပြားမှာ လူတစ်ဦးချင်းစီဟာ ၎င်းတို့၏ ငွေပိုငွေလျှံများကို စုဆောင်းခြင်း၊ အစုရှယ်ယာများဝယ်ယူပြီးရင်းနှီးမြှုပ်နှံခြင်းတို့ကို ပြုလုပ်လာကြောင်းတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ မှာလည်း ပုဂ္ဂလိကကဏ္ဍမှာ ငွေကြေးအရင်းအနှီးဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နဲ့ ဂျပန်နိုင်ငံ Daiwa Institutes of Research Ltd တို့ဖက်စပ်ပြုလုပ်ပြီး မြန်မာ့ငွေချေး သက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးလီမိတက်ကို တည်ထောင်ပြီးပြည်ထောင်စု

မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ငွေချေးသက်သေခံ လက်မှတ်များ ရောင်းဝယ်တဲ့ ဈေးကွက်ထူထောင်ခြင်းလုပ်ငန်းကို ၂၁-၃-၁၉၉၆ နေ့စွဲပါ ခွင့်ပြုမိန့်အမှတ် ၁၇၄/၉၆ နဲ့လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ လတ်တလောမှာ ပြည်ထောင်စုမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ် ကော်ပိုရေးရှင်းလီမိတက်နှင့် FMI တို့ဟာ အစုရှယ်ယာများရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ကို ဆောင်ရွက် လျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအနေနဲ့ ဈေးကွက်စီးပွားရေးကို ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ငွေကြေး မူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်လျက်ရှိပါတယ်။ ထိုသို့ဖော်ဆောင်ခြင်း အားဖြင့်ငွေကြေးအရင်းအနှီးဈေးကွက်၊ အစုရှယ်ယာဈေးကွက်များ ဖော်ဆောင်နိုင်ပါက ပုဂ္ဂလိကများရဲ့ အစုရှယ်ယာဈေးကွက်များ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ အရင်းအနှီးဈေးကွက်၊ အစုရှယ်ယာ ဈေးကွက်ဖြစ်ပေါ်တိုးတက်မှုဟာ ကနဦး Infant အဆင့်သာရှိသေးပြီး အရင်းအနှီး ဈေးကွက်ပေါ်ပေါက်လာစေရန်အတွက် အများပိုင်ကုမ္ပဏီများ များများတည်ထောင်ပြီး ရှယ်ယာရောင်းချ နိုင်ခြင်းဟာ အမှန်ကန်ဆုံးနဲ့ အသင့်လျော်ဆုံးဖြစ်ပြီး အများပိုင်ကုမ္ပဏီနဲ့ အရင်းအနှီးဈေးကွက်ဟာ အပြန် အလှန်မှီခိုမှု Interdependency ဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံတော်၏ စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိရာမှာ မိမိနိုင်ငံ အတွင်းစီးပွားရေးအရင်းအနှီးများဖြစ်ပေါ်တိုးတက်မှုမှာ ကုမ္ပဏီအချင်းချင်းပေါင်းစပ်ဖြစ်ပေါ်မှု၊ အများ ပါဝင်သောကုမ္ပဏီများနှင့် မြန်မာအမျိုးသားပိုင် စီးပွားရေးကော်ပိုးရေးရှင်းကြီးများ တိုးတက်ဖြစ်ပေါ်လာ စေရေးအတွက် စီးပွားလုပ်ငန်းများပေါင်းစည်းမှု လိုအပ်ပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်း ဖြစ်ထွန်းလာလို့ရှိရင် မြန်မာနိုင်ငံဟာ အာဆီယံကုန်စည်များ စီးဝင်မှု၊ ကမ္ဘာ့ကုန်စည် စီးဝင်မှုများရှိလာနိုင် တဲ့အတွက် မြန်မာနိုင်ငံရှိကုမ္ပဏီများအနေနဲ့လည်း ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံရှိ လုပ်ငန်းရှင်ကြီးများ ကဲ့သို့ စီးပွားရေးကော်ပိုရေးရှင်းကြီးများ တည်ထောင်ပြီးအရင်းအနှီးကြီးမားစွာဖြင့် အခြားအာဆီယံနိုင်ငံ များကိုယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန် လိုအပ်လာပါတယ်။ ထိုသို့ယှဉ်ပြိုင်နိုင်ရေးအတွက် အများပိုင်ကုမ္ပဏီ များပေါ်ထွန်းလာရေးဟာ အရေးကြီးသော ကဏ္ဍတွင်တည် ရှိနေပါတယ်။

ရှေးယခင်က အများပိုင်ကုမ္ပဏီ အချို့ခွင့်ပြုခဲ့သော်လည်း နောက်ပိုင်းမှာ အချို့အများပိုင်ကုမ္ပဏီ များက အများပြည်သူထည့်ဝင်ထားတဲ့ အစုရှယ်ယာများအပေါ်မှာ အကျိုးအမြတ်တရားဝင် ကြေညာမှု မရှိခြင်း၊ အလွဲသုံးစားပြုခြင်းဖြစ်စဉ်များကြောင့် အများပိုင်ကုမ္ပဏီများဖွဲ့စည်းခွင့် ယာယီရပ်ဆိုင်းထားခဲ့

တာကိုတွေ့ရှိရပါတယ်။ ပုဂ္ဂလိကကုမ္ပဏီများ အရင်းအနှီးနည်းပါးမှုကြောင့် အရင်းအနှီးများစုဆောင်း လုပ်ဆောင်နိုင်ရန် နိုင်ငံတော်က အများပိုင်ကုမ္ပဏီများကို အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် အဖွဲ့ဝင် ၅၀ ဦး အထိပါဝင်ခွင့်ပြုထားခဲ့တဲ့ ဆန်၊ စပါးအထူးပြုနှင့် ပဲအထူးပြုကုမ္ပဏီများဖွဲ့စည်းခွင့်ပြု ခဲ့ပြီးအစုရှယ်ယာများကို အစည်းအဝေးခေါ်ယူအသိပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်း စတဲ့အလေ့အကျင့် ကောင်းများရရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အများပိုင်ကုမ္ပဏီများအဆင့်ကို ကူးပြောင်းရေး ဆောင်ရွက်ခဲ့တာကိုတွေ့ရှိရပါတယ်။ ယခုအခါပြည်ထောင်စုအစိုးရအနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ရာမှာ ငွေကြေးဈေးကွက်၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးလာရေးဆောင်ရွက် သွားမည်ဖြစ်ရာ ယင်းသို့ဆောင်ရွက်ရာမှာ အများပိုင်ကုမ္ပဏီများဖွဲ့စည်းခြင်း၊ ငွေကြေးဈေးကွက် ထူထောင်ခြင်းဖြင့် ပြည်သူအများထည့်ဝင် ပူးပေါင်းပါဝင်လာစေရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ပါ၍ ဦးမောင်ဦးရဲ့အဆိုကို သဘောတူထောက်ခံပါကြောင်းနဲ့ ဥပဒေနှင့်အညီ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုရေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ဦးရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသူ ငါးဦး၊ သက်ဆိုင်ရာဝန်ကြီးက ပြန်လည်ရှင်းပြသူတစ်ဦး၊ အဆိုကလည်းရှင်းပါတယ်။ အဆိုရှင်းသလိုပဲ ဆွေးနွေးသွားတဲ့အခါမှာလည်း အများပိုင်ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ဖို့ဥပဒေကို ၁၈၂၄ ခုနှစ်ကတည်းကစပြီးတော့ ခွင့်ပြုထားခဲ့ တယ်။ သို့ရာတွင် အခြေအနေအကြောင်းကြောင်းကြောင့် ၂၀ ခုပဲဖွဲ့စည်းထားပြီးကျန်တဲ့ဟာ ဖွဲ့စည်းနိုင် ခြင်းမရှိဘူး။ အဲဒီလိုမရှိတဲ့နေရာမှာ တချို့အများပိုင်ကုမ္ပဏီများဟာ လုပ်သင့်လုပ်ထိုက်တာတွေမလုပ်ဘဲ နဲ့ဆောင်ရွက်ခဲ့တဲ့အတွက် နည်းနည်းနှောင့်နှေးကြန့်ကြာခဲ့ရမှုရှိကြောင်းလည်း တချို့ထဲမှာ ဖော်ပြထား တာတွေ့ရပါတယ်။ တကယ်တန်းကျတော့ လုပ်ငန်းတစ်ခုလုပ်တဲ့နေရာမှာ ခြေမ မကောင်းခြေမ၊ လက်မ မကောင်းလက်မ အရေးယူသင့်တာ အရေးယူပြီးတော့ ကျန်တဲ့ဥပဒေနှင့်အညီလုပ်တဲ့ ကုမ္ပဏီအဖွဲ့အစည်း များကိုတော့ ဥပဒေနှင့်အညီ အခွင့်အရေးများပေးရမှာဖြစ်ပါတယ်။ အခုတော့ အချိန်အခါလည်းကျ ရောက်လာပြီ။ သက်ဆိုင်ရာဝန်ကြီးကလည်း ဦးမောင်ဦး တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ထောက်ခံ ကြောင်းပြောဆိုသွားတာရှိပါတယ်။ ဒါ့ကြောင့်မို့လို့ မိမိတို့လွှတ်တော် အနေနဲ့အဆိုကို မှတ်တမ်းတင်ထား ရှိပြီး အဆိုနှင့်ပတ်သက်ပြီးလုပ်ဆောင်မှုများ စောင့်ကြည့်ပြီး တိုးတက်မှုရှိရေးအတွက် တွန်းအားပေးကူညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးတင်သွင်းတဲ့ အများပိုင်

ကုမ္ပဏီများကိုဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရေး အဆိုကို လွှတ်တော်ကမှတ်တမ်းတင်ထားမည်ကိုလွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောတူတဲ့အတွက် ဦးမောင်ဦးရဲ့အဆိုကို လွှတ်တော်မှာမှတ်တမ်းထားရှိပြီး ဒီအဆိုနဲ့ဆက်စပ်သောကိစ္စများစောင့်ကြည့်၍ တိုးတက်မှုရှိရေးတွန်းအားပေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေက အဆိုတစ်ရပ်တင်သွင်းဖို့ရှိပါတယ်။ဦးသိန်းဆွေမှ အဆိုတစ်ရပ်တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊တက်ရောက်လာတဲ့ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေဖြစ်ပါတယ်။ကျွန်တော်အနေနဲ့ ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်ကြောင်းပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရက စီမံချက်ရေးဆွဲလုပ်ဆောင်ပေးရန်အဆိုကို တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်ဟာ မေခနှင့်မေလိခမြစ်တို့ပေါင်းဆုံရာမှ ဧရာဝတီမြစ်ကြီးအဖြစ်ပေါ်ပေါက်လာပါတယ်။ မြောက်မှတောင်ဘက်သို့ မြန်မာနိုင်ငံရဲ့အလယ်ပိုင်းဒေသကိုဖြတ်သန်းစီးဆင်းလျက်ရှိ ပြီးတော့မှမြစ်ကြီးနားမှရန်ကုန်အထိရေလမ်းခရီးစုစုပေါင်း ကီလိုမီတာ ၂၀၀၀ ခန့်နှင့် ဗန်းမော်ကရန်ကုန် အထိရေလမ်းခရီး ၁၃၃၀ ကီလိုမီတာခန့်ရှိပါတယ်။အလားတူပဲ ချင်းတွင်းမြစ်ဟာလည်း ကချင်ပြည်နယ်မှာမြစ်ဖျားခံပြီးတော့မှ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့ကို ဖြတ်သန်းစီးဝင်ပြီးတော့မှ ဧရာဝတီမြစ်နှင့်ပခုက္ကူမြို့ အထက်ဘက်မှာပေါင်းဆုံပါတယ်။ ချင်းတွင်းမြစ်ဟာလည်းပဲ စစ်ကိုင်းတိုင်း၊အနောက်ဘက်ခြမ်းမြို့နယ်များနဲ့ ချင်းပြည်နယ်တို့မှာ ကုန်စည်ပို့ဆောင်ရေးအတွက် အဓိကကျတဲ့ရေလမ်းကြောင်းဖြစ်ပါတယ်။ချင်းတွင်းမြစ်ရဲ့အလျား ၁၀၀၀ကီလိုမီတာရှိသည့်အနက်ခန္တီးမြို့ ကနေမှ မြစ်ဆုံအထိ ၈၁၇ ကီလိုမီတာရှိပြီးတော့မှ ရေလမ်းခရီးအဖြစ်အသုံးပြုလျက်ရှိပါတယ်။ ဧရာဝတီမြစ်ဟာ အရှေ့တောင်အာရှမှာရှိတဲ့အရှည်ဆုံးမြစ်များတွင်ပါဝင်တဲ့မြစ်တစ်စင်းဖြစ်ပါတယ်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ဟာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန် တိုင်းနဲ့ ဧရာဝတီတိုင်းတို့ကို ဖြတ်သန်းစီးဆင်းပြီးတော့မှ ပင်လယ် ထဲသို့စီးဝင်ပါတယ်။မြန်မာနိုင်ငံအတွက်

သဘာဝမိခင်ကပေးအပ်ထားတဲ့ ကုန်စည်ပို့ဆောင်ရေး၊ ကူးသန်း သွားလာရေးနှင့်စိုက်ပျိုးရေးတို့အတွက် အဓိကကျတဲ့ပင်မရေလမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ မြစ်ကြောင်းမှကုန်စည်ပို့ဆောင်မှုဟာ စရိတ်စက အသက်သာဆုံးနဲ့ ကုန်စည်ပို့ဆောင်တဲ့နည်းလမ်းဖြစ်ပြီးတော့မှ၊ မြစ်ကြောင်းမှကုန်စည်ပို့ဆောင်မှုများ ဟာလည်းပဲ နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ရာသီဥတုသုံးမျိုးရှိတဲ့အနက် ယင်းရာသီဥတုရဲ့လွှမ်းမိုးမှုကြောင့်မြစ်များမှာ မိုးဥတု ရေများချိန်နဲ့ နွေဥတုရေနည်းချိန်ဟူ၍ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်တို့မှာ ရေများချိန်နဲ့ ရေနည်းချိန်ရေမျက်နှာပြင်ကွာခြားချက်မှာအနည်းဆုံး ၁ဝ မီတာက အများဆုံး ၁၃ မီတာခန့် အကြားမှာရှိပါတယ်။ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်တို့၏ ရေဝေဒေသအတွင်း သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများနဲ့ လူတို့ရဲ့ပြုမူ ဆောင်ရွက်မှုများဖြစ်တဲ့ တောင်ယာ ခုတ်ခြင်း၊သစ်ခုတ်ခြင်း၊ရွှေနဲ့သတ္တု တူးဖော်ခြင်း၊ ကျောက်မျက်တူးဖော်ခြင်းများကြောင့် သဲနုံးများအနည်ထိုင်မှု ပိုမိုများပြားလာပါတယ်။ ရေစီးအားကြောင့်မြစ်ညာမှ မြစ်အကြေဘက်သို့ ရွေ့လျားမှုဖြစ်ပေါ်လာကာ မြစ်ကြမ်းပြင် ပြောင်းလဲမှုများ လည်း ဖြစ်ပေါ်လာပါတယ်။ မြစ်ကြမ်းပြင်ပြောင်းလဲမှုများကြောင့် ရေနည်းတဲ့နွေရာသီမှာ မြစ်အတွင်း ရေမွှာများပေါက်၍ ဖြာခွဲစီးဆင်းခြင်း၊ ရေပြန့်ကျယ်၍ ရေပါးခြင်းတို့ကြောင့် ရေနက်ကြောင်းအတွင်း လုံလောက်တဲ့ ရေအနက်မရရှိခြင်းနှင့် ရေလမ်းကြောင်းများ တည်ငြိမ်မှုမရှိဘဲ မကြာခဏပြောင်းလဲမှု ဖြစ်ပေါ်နေရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြစ်ကြောင်းများအတွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အတွက်အကန့်အသတ်များဖြစ်ပေါ်လာပါတယ်။ ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်တို့မှာ ရေနည်းချိန် ကာလမှာ ရေယာဉ်များအတွက် ရေဆူးကန့်သတ်ထားရတဲ့အတွက် ပို့ဆောင်ရေးမှာလည်းပဲ နှောင့်နှေးကြန့်ကြာ ပြီးတော့မှ စီးပွားရေးအရ တွက်ခြေမကိုက်မှု၊ လုပ်အား၊ အချိန်၊ ငွေ၊ စက်သုံးဆီများ ပိုမိုကုန်ကျမှုများနဲ့ မတော်တဆ ထိခိုက်တိမ်းမှောက်မှုများ ဖြစ်ပေါ်နေတာကိုလည်း တွေ့ရပါတယ်။ ရေကြောင်း တည်ငြိမ်မှု မရှိတဲ့အတွက် စိုက်ပျိုးမြေများ၊ မြို့ရွာများ၊ ရှေးဟောင်းအမွေအနှစ်များရေတိုက်စားခံရတဲ့အပြင် မြစ်ကြောင်း တစ်လျှောက်မှာလည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ မနက်ပိုင်းကဆွေးနွေးတဲ့ မေးခွန်းများမေးထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးမြန်းချက်ကလည်းပဲ ဒီမြစ်ကြောင်း တစ်လျှောက်နှင့်ပတ်သက်၍ မြစ်ရေတိုက်စားမှုနှင့် ပတ်သက်တာ ဆိုတာလည်း ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အသိပဲဖြစ်ပါတယ်။ အဲဒီလိုဆုံးရှုံးမှုများမှ သက်သာစေ ဖို့အတွက် နိုင်ငံတော်အစိုးရမှလည်း နှစ်စဉ်တားဆီးမှုတွေ၊ ကာဆီးမှုတွေကို ကျွန်တော်တို့

ခွင့်ပြုရန်ပုံငွေများနဲ့ ပြုလုပ်ပေးနေရပါတယ်။ အလားတူပဲတချို့နေရာတွေမှာလည်းပဲ ပြည်သူလူထုပိုင်တဲ့ ငွေကြေးတွေ၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေးများလည်းပဲ နှစ်စဉ်ကုန်ကျမှု ဖြစ်နေပါတယ်။ ရေကြောင်းကြပ်တည်းတဲ့အခက်အခဲများ၊ မြစ်ရေတိုက်စားခြင်းကိစ္စများကို ဖြေရှင်းနိုင်ဖို့အတွက်ကိုမြစ်ကြောင်းပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့ နေရာမှာလည်းပဲ သဘာဝမြစ်ကို တူးမြောင်းအသွင်ရောက်ရှိစေဖို့ မြစ်ကြမ်းပြင်ပြုပြင်ခြင်း၊ သောင်တူးခြင်း၊ မြစ်မွှာပိတ်တဲ့ လုပ်ငန်းများကို စီမံချက်ရေးဆွဲပြီးမှ ပြုပြင်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အထူးသဖြင့် ဧရာဝတီမြစ်တွင် ဗန်းမော်မြို့ကနေပြီးတော့မှ ရန်ကုန်မြို့အထိလည်းကောင်း၊ ချင်းတွင်းမြစ်ဟာ ခန္တီးမြို့ကဧရာဝတီမြစ်ဆုံအထိလည်းကောင်း၊ ရေလမ်းကြောင်းများအတွင်းမှာ လုံလောက်တဲ့ ရေအနက်ကို တိုးတက်ရရှိစေရန် ဦးစားပေးပြီးတော့မှ လုပ်ဆောင်သွားဖို့ သင့်ပါတယ်။ ယခင် လေ့လာချက်များအရ ဗန်းမော်မှ ရန်ကုန်အထိ ဧရာဝတီမြစ်ရေလမ်းပိုင်းတွင် ရေကြောင်း ကျဉ်းမြောင်းကြပ်တည်းတဲ့နေရာ ၄၆ နေရာနဲ့ ခန္တီးကနေပြီးမှ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ဆုံအထိ ရေကြောင်းကြပ်တည်းတဲ့နေရာပေါင်း ၇၀၀ ရှိတယ်လို့သိရပါတယ်။ အဲဒီရေကြောင်းကြပ်တည်းတဲ့ နေရာများကို ဦးစားပေးအလိုက် အဆင့်သတ်မှတ်ပြီးတော့မှပြုပြင် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်အောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်မြောက်နိုင်မှုအခြေအနေ လေ့လာရေးစီမံကိန်းကို ၁၉၈၆ ခုနှစ်မှာ UNDP နဲ့ World Bank တို့ရဲ့ ကူညီထောက်ပံ့မှုနဲ့ နယ်သာလန်နိုင်ငံ Royal Haskoning ကုမ္ပဏီမှ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်အောက်ပိုင်းအတွက် ပင်မစီမံချက်တစ်ခုရေးဆွဲပေးခဲ့ကြောင်းကိုလည်းပဲ လေ့လာတွေ့ရှိ ရပါတယ်။ တင်ပြပါဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ကြောင်းပြုပြင်ရေး ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်အောက်ဖော်ပြပါအကျိုးကျေးဇူးများဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

ရေလမ်းကြောင်းအတွင်းမှာ ရေအနက်ပိုမိုရရှိလာပြီး ရေယာဉ်များရဲ့ဝန်တင်အလေးချိန်ပိုမိုလာနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်း ဆိပ်ကမ်းများကိုလည်းပဲ နှစ်လုံးပေါက် အသုံးပြုနိုင်ရမှာ ဖြစ်ပါတယ်။ နွေရာသီမှာ တစ်နေရာ၊ မိုးရာသီမှာ တစ်နေရာရွှေ့ပြောင်းခြင်းပြုလုပ်စရာ မလိုတော့ပါဘူး။ အလားတူပဲ သယ်ယူပို့ဆောင်ရေးစရိတ်မှာလည်းပဲ သက်သာလာမှာဖြစ်ပါတယ်။ သင်္ဘောများအတွက် အချိန်၊ ငွေ၊ စက်သုံးဆီ ကုန်ကျမှုတွေလည်း လျော့နည်းလာနိုင်မှာ ဖြစ်ပါတယ်။ မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ မြို့ရွာများ၊ ရှေးဟောင်း အမွေအနှစ်များ၊ စိုက်ပျိုးမြေများ၊ မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ကမ်းနှစ်ဖက်မှာ မြစ်ကြောင်းထိန်းသိမ်းရေး ဆောင်ရွက်ခြင်းဖြင့်

စိုက်ပျိုးစရာ မြေယာအသစ်အမြောက်အများ ဖော်ထုတ်လာနိုင်မှာဖြစ်ပါတယ်။ မြစ်ရေကိုလည်းပဲ စိုက်ပျိုးရေအဖြစ် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်မယ့်အနေအထား ရောက်ရှိလာနိုင်မှာ ဖြစ်ပါတယ်။ အလားတူပဲ ရေစီးရေလျှံမှုများကိုလည်းပဲ မြစ်ကြောင်းတစ်လျှောက်မှာ လျော့နည်းအောင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်မှုနဲ့ ပိုမိုချောမွေ့ဖွံ့ဖြိုးလာနိုင်ပြီးတော့မှ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေး အတွက် ရေကြောင်းအမြန်လမ်းမကြီး Water Highway အဖြစ် ဧရာဝတီမြစ်ကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းပဲ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းက အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းသည် အပြောလွယ်သလောက် အလုပ်ခက်တဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဟာ လုပ်ငန်းပမာဏ အလွန်ကြီးမားပါတယ်။ ကုန်ကျမယ့် ငွေပမာဏက လည်းပဲ အလွန်များပြားမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းများကို လုပ်ဆောင်ဖို့ နိုင်ငံတော်မှာလည်းပဲ ဘဏ္ဍာငွေကြေးနဲ့ အကန့်အသတ်များစွာ ရှိနေမယ်လို့လည်းပဲ မျှော်မှန်းသိရှိပါတယ်။ သို့ရာတွင် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို အချိန်မီမလုပ်ဆောင်ဘူးဆိုရင် ငွေကြေးအရ ဆုံးရှုံးမှုများအပြင် ငွေကြေးနဲ့ တိုင်းတာလို့မရနိုင်တဲ့တခြားသော ဆုံးရှုံးမှုများလည်းပဲ ဆက်လက်ဖြစ်ပွားနေမှာ ဖြစ်ပါတယ်။ ဖော်ပြပါ ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်ကြောင်းပြုပြင်ရေးအစီအမံများကို နိုင်ငံတော်က အဆင့်လိုက်၊ အပိုင်းလိုက်၊ ဦးစားပေးအလိုက် ဘဏ္ဍာငွေကျခံခြင်းဖြင့်လည်းကောင်း အခြားသောကမ္ဘာ့ငွေကြေးဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများနဲ့ ဆက်သွယ်ပြီးလည်းကောင်း၊ နိုင်ငံခြားရဲ့ ချေးငွေအထောက်အပံ့များ၊ အကူအညီများ ရယူ၍လည်းကောင်း၊ စီမံချက်ရေးဆွဲဆောင်ရွက်သင့်ပါတယ်။ သို့ပါ၍ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်ထောင်စုအဆင့်မှ နိုင်ငံတော်၏ စီမံကိန်းတစ်ခုအဖြစ် သတ်မှတ်ပြီးတော့မှ စီမံချက်လုပ်ဆောင်ပေးပါရန် အလေးအနက် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဉ်း၍ ထောက်ခံသူတစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့အမ်းမဲဆန္ဒနယ်မှဦးသိန်းဆွေတင်သွင်းသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်မြစ်ကြောင်းများ

ထိန်းသိမ်းရေးလုပ်ငန်းအား စီမံချက်ချဆောင်ရွက်ပေးပါရန် အဆိုကိုလေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေတင်သွင်းတဲ့ အဆိုကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ဒီကနေ့ညနေပိုင်းမှာပြည်သူ့လွှတ်တော်၊ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။ ဆက်လက်ပြီး အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန် မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အတူအထူးဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံကျော်ဟာသကာတွန်းတစ်ခုမှာ ဇာတ်ကောင်များဖြစ်တဲ့ မြိုင်ရာဇာတွတ်ပီ၊ သူ့ရဲ့ဇနီး မဟေသီမသေးမျှင်၊ တပည့်ကျော်ဖိုက်ကလေးတို့ရဲ့ ဇာတ်လမ်းတွဲမှာ မြိုင်ရာဇာတွတ်ပီဟာ အမြဲတမ်းအလွဲတွေလုပ်လေ့ရှိပါတယ်။ သားကောင်တွေ ပစ်တိုင်းလည်း သူဟာအလွဲတွေလုပ်လေ့ရှိပါတယ်။ အဲဒီလို လွဲတိုင်းလွဲတိုင်းမှာ သူ့တပည့်ဖိုက်ကလေးကို ဘာပြောသလဲဆိုရင် မှားတဲ့အခါလည်း မှားပေမပေါ့ဆိုပြီး ပြောလေ့ရှိပါ တယ်။ သူ့ရဲ့ဇနီးသည် မသေးမျှင် ဆူဟောက်တဲ့နေ့တွေ၊ သားကောင်မရတဲ့နေ့တွေမှာဆိုလို့ရှိရင်လည်း သူဟာ အမြဲတမ်းပြောလေ့ရှိတဲ့ စကားကတော့ဒီနေ့တွတ်ပီကံမကောင်းပါလားလို့ပြောလေ့ရှိပါတယ်။ကျွန်မအနေနဲ့လည်းမြိုင်ရာဇာတွတ်ပီ လိုပါပဲ။ အဆိုမှာအလွဲတစ်ခု ဖော်ပြထားမိပါတယ်။ မူးယစ်ဆေးဝါးဟာ ဆိုလို့ရှိရင် နိုင်ငံတစ်နိုင်ငံလုံးနဲ့ ပတ်သက်နေတဲ့ကိစ္စကို ကချင်ပြည်နယ်အတွင်းမှာလို့ ရေးသားမိတဲ့ အတွက်အစီအစဉ်ရေးဆွဲတဲ့အခါမှာ ဖြုတ်ချပေးဖို့အတွက် သွားရောက် ပြောတဲ့အခါမှာလည်း ဒေါ်ဒွဲဘူ ကံမကောင်းဘူးဖြစ်သွားပါတယ်။ ဒါကြောင့်မို့ အခုဆိုရင် ကျွန်မတို့ရဲ့ လွှတ်တော်ဟာဆိုလို့ရှိရင်လည်း ပထမဆုံး ကျွန်မတို့လေ့ကျင့်နေဆဲဖြစ်ပါတယ်။ ဒီပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ အစပဲရှိသေးတဲ့အတွက် ဒီအမှားကျူးလွန်မိခဲ့တဲ့ ကျွန်မအပေါ်မှာလည်း ဥက္ကဋ္ဌကြီးရဲ့ အနေနဲ့ မှားတဲ့အခါလည်း မှားပေမပေါ့လို့ ခွင့်လွှတ်ပေးပြီး ကျွန်မရဲ့အဆိုပါ ကချင်ပြည်နယ်အတွင်းဆိုတဲ့ စကားစုကို ဦးစွာပယ်ဖျက်ပေးဖို့အတွက် တင်ပြအပ်ပါတယ်ရှင်။ လေးစားအပ်ပါတဲ့ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးနဲ့ကိုယ်စားလှယ်များရှင်။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မဒေါ်ဒွဲဘူက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်း လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ စာလုံးများ ရှေ့နောက်ညီညွတ်စေရေးအတွက် ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ယနေ့ ကမ္ဘာတစ်ဝှမ်းလုံးမှာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုများ၊ တရားမဝင်ရောင်းဝယ်မှုများ တိုက်ဖျက်နေစဉ်မှာပဲ စိတ်ကိုလှုံ့ဆော်စေတတ်သောဆေးဝါး၊ စိတ်ကိုငြိမ်စေ၊ ကြွစေ၊ ခြောက်ခြားရူးသွပ်စေသော ဆေးဝါးများရဲ့ အန္တရာယ်ဟာ တစ်စတစ်စတိုးပွားလာပါတယ်။ ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ လူသားမျိုးနွယ်စုအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလာသဖြင့် ကမ္ဘာ့ကုလသမဂ္ဂက ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၆ နိုင်ငံပါဝင်တဲ့ ကုလသမဂ္ဂအထူးညီလာခံမှာ ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တရားမဝင်သယ်ဆောင် ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေး၊ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၉၁ ခုနှစ်မှာ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်သော်လည်း ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင် ထည့်သွင်းပြင်ဆင်နိုင်မည်မဟုတ်၍ ၂၇-၁-၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေသောဆေးဝါးများဥပဒေကို ရုပ်သိမ်းခဲ့ပါတယ်ရှင်။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေရဲ့ ရည်ရွယ်ချက်များကတော့(က)လူသားတို့အား အညွန့်တုံးစေနိုင်တဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ၏ ဘေးအန္တရာယ်ကို တားဆီးကာကွယ်ရန် (ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် (ဂ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၏ ဘေးအန္တရာယ်ကို အသိပညာပေးရေးနှင့် ဆေးဝါးသုံးစွဲသူများအား

ကုသပေးရေးပြန်လည်ထူထောင်ပေးရေးတို့အတွက် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် (ဃ)မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများနှင့်စပ်လျဉ်းသည့် ပြစ်မှုကျူးလွန်သော ပြစ်ဒဏ်များအား ပိုမိုထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရန် (င) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။ ဤကဲ့သို့သော ကောင်းမွန်တဲ့ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ယခင်အစိုးရအဖွဲ့အဆက်ဆက်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်တဲ့ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခဲ့ပါတယ်။ ဒါ့အပြင် လုပ်ငန်းအဖွဲ့များနဲ့ဒေသဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ဆေးဝါးသုံးစွဲသူကို မှတ်ပုံတင်ပေးခြင်း၊ ဆေးကုသပေးခြင်း၊ မှတ်ပုံတင်ပယ်ဖျက်ခြင်း၊ ပြန်လည်ထူထောင်ခြင်းစသည့်ဖြင့် အခန်းပေါင်း ၁၂ ခန်း ပါတဲ့ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးအခန်း ၁၃ ခန်းပါဝင်တဲ့ နည်းဥပဒေများ၊ အခန်း ၁၁ ခန်းပါဝင်တဲ့ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ပါတယ်။ ဖော်ပြပါဥပဒေများနဲ့အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ယခုဖော်ပြထားတာကတော့ ကျွန်မတို့ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဒီစာအုပ်မှာ ဖော်ပြထားတဲ့အကြောင်းအရာတွေကို ကျွန်မအနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ယခုကျွန်မအနေနဲ့ ဒီဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့အခြေအနေကို အနည်းငယ်တင်ပြလိုပါတယ်။ ဒီကချင်ပြည်နယ်အတွင်းမှာရှိတဲ့ အချက်အလက်အချို့ကိုကြည့်မယ်ဆိုလို့ရှိရင် ၂၀၁၀ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အမှုများကိုလေ့လာကြည့်မယ်ဆိုရင် ခရိုင်လေးခရိုင်မှာ စာရင်းဖွင့်လက်ကျန် ၆၄ မှုနှင့် ထပ်မံစွဲဆိုမှု ၃၄၇ မှုစုစုပေါင်း ၄၁၁ မှု၊ မြို့နယ် ၁၈ မြို့နယ်မှာ စာရင်းဖွင့်လက်ကျန် ၆၅မှု၊ ထပ်မံစွဲဆိုမှု ၃၆၂ မှု၊ စုစုပေါင်း ၄၂၇ မှု၊ ခရိုင်နဲ့ မြို့နယ်များမှာ စွဲဆိုတဲ့ မူးယစ်မှု စုစုပေါင်းဟာ ၈၃၈ မှုရှိကြောင်း လေ့လာသိရှိခဲ့ရပါ တယ်။ အကျဉ်းထောင်မှာရှိတဲ့ လူဦးရေအများစုဟာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အကျဉ်းကျနေသူများဖြစ်ကြောင်းလည်း စုံစမ်းသိရှိရပါတယ်။ သို့သော်လည်း ဖမ်းဆီးအရေးယူခြင်းမခံရဘဲ ဆက်လက်ရောင်းချနေတဲ့သူတွေ၊ သုံးစွဲနေတဲ့ သူများဟာ အကျဉ်းထောင်ပြင်ပမှာ အများအပြားရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီကိစ္စတွေကို ဘယ်လိုနည်းနဲ့ တွေ့နိုင်မလဲလို့ မေးမြန်းမယ်ဆိုလို့ရှိရင် ယခင်ကာလ အခြေအနေများကို

အနည်းငယ်ပြန်ပြောင်းတင်ပြလိုပါတယ်။ ယခင်ကာလက မြစ်ကြီးနားမြို့ ပတ်ဝန်းကျင်အထူးသဖြင့် တက္ကသိုလ်ကျောင်းတစ်ဝိုက်မှာ ဆေးထိုးအပ်တွေ ကြည့်မကောင်းလောက်အောင် ပြန့်ကျဲနေတဲ့အတွက် ဒီဆေးထိုးအပ်ထည့်ဖို့အတွက် ကျောင်းများမှာအမှိုက်ပုံးတွေကို ထားပေးခဲ့ရတဲ့အခြေအနေတွေ တွေ့ရှိရပါတယ်။ ဒီမြစ်ကြီးနားတက္ကသိုလ်ဟာ ဆိုလို့ရှိရင် ကျွန်မတို့ နေထိုင်တဲ့ စီတာပူမှာပဲရှိပါတယ်။ ပြီးတော့ ကျွန်မတို့နေထိုင်တဲ့ စီတာပူဟာဆိုလို့ရှိရင် မြစ်ကြီးနားမြို့မှာတော့ မူးယစ်ဆေးဝါးသုံးစွဲမှုအများဆုံး ရောင်းဝယ်မှုအများဆုံးနေရာဆိုတာလည်း ကျွန်မအနေနဲ့တင်ပြလိုပါတယ်။ နံပါတ်နှစ်အနေနဲ့ ရပ်ကွက်နှင့် ကျေးရွာများမှာ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် HIV ပိုး ကူးစက်မှာစိုးတဲ့အတွက် NGO နဲ့ INGO များက သုံးပြီးတဲ့ ဆေးထိုးအပ်တွေကို အမှိုက်ပုံးထဲလာထည့်တယ်ဆိုရင် အစားထိုးအပ်အသစ်တစ်ချောင်း ယူနိုင်အောင် စီစဥ်ထားရှိပေးပါတယ်။ အဲဒီလို ဆေးထိုးအပ် အဟောင်းထည့်တဲ့ပုံးများကို ကြည့်မယ်ဆိုရင် အပ်တွေအများအပြားသိမ်းဆည်းရမိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခါ ဒီမိသားစု အသိုင်းအဝိုင်းများမှာ မူးယစ်ဆေးဝါးသုံးစွဲသူများရှိနေတဲ့အတွက် နေ့စဥ်ပဋိပက္ခမှုတွေဖြစ်တယ်။ မိသားစုရဲ့ စိတ်ဖိစီးမှုတွေကိုလည်း၊ တွေ့ကြုံနေရတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခါ ဒီမူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးသုံးစွဲမှုကြောင့် နောက်ဆက်တွဲပြစ်မှုများအဖြစ်နဲ့ လူသတ်မှုတွေ ဖြစ်ပွားပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကျွန်မအနေနဲ့ အမှုတစ်မှုလိုက်ခဲ့ဖူးပါတယ်။ ဒီအမှုကတော့ မူးယစ်ဆေးဝါးရောင်းချသူဟာဆိုလို့ရှိရင် ဒီဝယ်ယူသူ၊ သုံးစွဲသူနဲ့ သင်္ချိုင်းကုန်းမှာ ချိန်းပါတယ်။ သင်္ချိုင်းကုန်းရောက်တဲ့အခါမှာ သုံးစွဲသူဟာ လောဘရမ္မက်တွေနဲ့ ရောင်းချသူကို ကျောက်တုံးကြီးနဲ့ ခေါင်းကိုဖိပြီးမှ ခေါင်းကိုထုပြီးမှသတ်ခဲ့တဲ့ လူသတ်မှုကို ကျွန်မကနေမှ ဒီတရားခံဘက် ကနေမှအစိုးရ ၅ အနေနဲ့လိုက်ပေးခဲ့ပါတယ်။ ဒီအမှုဟာဆိုလို့ရှိရင် သေဒဏ်အထိချမှတ်နိုင်တဲ့ အမှုဖြစ်တဲ့ အတွက် အစိုးရဘက်ကရှေ့နေငှားရမ်းပြီးတော့ လိုက်ပေးခဲ့တဲ့အမှုဖြစ်ပါတယ်။ နောက်တစ်ခါ မိသားစု အတွင်းမှာပဲ မိခင်၊ ဖခင်၊ အဘွားတွေကို မူးယစ်ဆေးဝါးသုံးစွဲတဲ့ လူငယ်တွေက ဓားထောက်ပြီး ငွေတောင်း တာတို့ မိသားစုအတွင်းမှာ အကြမ်းဖက်မှုတွေ အများအပြားဟာဆိုလို့ရှိရင် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာရတယ်ဆိုတာကို ကျွန်မအနေနဲ့ တင်ပြလိုပါတယ်။ နောက်တစ်ခါ ကျွန်မတို့ မကြာသေးခင် တစ်နှစ်လောက်အတွင်းမှာပဲ မူးယစ်ဆေးဝါးကို တည်းခိုခန်းထဲမှာ အမျိုးသားနှစ်ယောက်နဲ့ အမျိုးသမီး တစ်ယောက် အလွန်အကျွံသုံးစွဲတယ်။ သုံးစွဲရာကနေမှ ဒီအမျိုးသမီးဟာဆိုလို့ရှိရင် ဆေးဝါးလွန်ပြီးမှ

သေဆုံးသွားခဲ့ပါတယ်။ သေဆုံးသွားတာကို ကျန်တဲ့အမျိုးသားနှစ်ယောက်က ညီအစ်ကိုဖြစ်ပါတယ်။ သူတို့နှစ်ယောက်က သံသေတ္တာတစ်လုံးသွားမှာပြီးမှ အဲဒီအမျိုးသမီးကို သံသေတ္တာထဲမှာ ထည့်ပြီးမှ ကျွန်မတို့ စီတာပူမှာရှိတဲ့ ဝါးတံတားအောက်မှာ လာထားထားပါတယ်။ ကျွန်မတို့အိမ်နဲ့လည်းနီးပါတယ်။ အဲဒီမှာထားထားတော့ အဲဒီတံတားဘေးနားမှာ သီးသန့်ရဲစခန်းရှိပါတယ်။ အဲဒီကရဲသားတွေက အရမ်းအနံ့နံတယ်ဆိုပြီးမှ လိုက်ရှာကြည့်တဲ့အခါမှာ ဒီသံသေတ္တာတစ်လုံး ရှိနေတယ်ဆိုတာကို ထူးဆန်းစွာတွေ့ရှိရပြီးမှ အဲဒီသော့ခတ်ထားတဲ့သံသေတ္တာကို ရိုက်ဖွင့်လိုက်တဲ့အခါမှာ အထဲမှာ သေနေတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ရှိရပါတယ်။ ဒီအမှုတွေဟာဆိုလို့ရှိရင် မူးယစ်ဆေးဝါးသောက်သုံးရာကနေဖြစ်ပွားခဲ့တဲ့ အမှုတွေဖြစ်ပါတယ်။ နောက်တစ်ခါ ဒီစိတ်ကြွဆေးတွေသုံးစွဲပြီးမှ မုဒိမ်းမှုတွေလည်း ဖြစ်ပွားခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းက ကျောင်းသူနှစ်ဦးဆိုလို့ရှိရင်လည်း မကြာသေးခင်က အကြမ်းဖက်မှုပြုတယ်။ ဆိုင်ကယ်လုတယ်။ ခေါ်သွားပြီးမှ မုဒိမ်းမှုကျူးလွန်ခဲ့ပါတယ်။ ဒီအမှုတွေမှာလည်း ကျွန်မတို့အနေနဲ့ အမျိုးသမီးတွေဘက်ကနေမှ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီကိစ္စတွေမှာလည်း မုဒိမ်းမှု၊ အကြမ်းဖက်မှု၊ လုယက်မှု အားလုံးပေါင်းပြီးမှ အနှစ် ၂၀ ကျော်ချမှတ်ခဲ့ပါတယ်။ နောက်တစ်ခါ တင်ပြရမယ်ဆိုလို့ရှိရင် ဒီမူးယစ်ဆေးဝါးတွေသုံးစွဲပြီးတော့ ဆိုင်ကယ်မောင်းတယ်။ ကားတွေမောင်းတဲ့ အတွက်ကျွန်မတို့ဆီမှာ ယာဉ်တိုက်မှုတွေ ဖြစ်ပွားရပါတယ်။ နောက်ပြီးမှ လုယက်မှုတွေလည်း အများအပြားဖြစ်ပွားပါတယ်။ ဆိုင်ကယ်စီးနေတဲ့ ဆိုင်ကယ်အချင်းချင်းမှာလည်း ငွေလုတဲ့အမှုတွေ၊ မကြာခဏဖြစ်ပွားခဲ့တာလည်း လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခါ တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်မတို့တက္ကသိုလ်ကျောင်းများမှာ ယခုအချိန်မှာ အဆောင်မထားတော့ပါဘူး။ ဒီအဆောင်ကို ပြင်ပမှာ နေထိုင်ကြပါတယ်။ တချို့ကျောင်းသားတွေဟာဆိုလို့ရှိရင် တက္ကသိုလ်ကျောင်းပတ်ဝန်းကျင်များမှာရှိတဲ့ မူးယစ်ဆေးဝါးရောင်းဝယ်တဲ့နေအိမ်များမှာ နေမိပါတယ်။ အဲဒီလို နေမိတဲ့အခါမှာ သူဟာတဖြည်းဖြည်း မူးယစ်ဆေးဝါးစွဲလမ်းသွားပြီးတော့ နောက်ဆုံး အိမ်ရှင်ကနေပြီးသူ့ကို ကျောင်းသားထဲမှာ ပြန်ပြီးရောင်းချစေပါတယ်။ အဲလို ရောင်းချစေပြီး မကြာခင်မှာပဲသူဟာ ဖမ်းဆီးခံရတဲ့အတွက် အိမ်ရှင်ရော၊ ကျောင်းသားပါအမှုဖြစ်ပွားခဲ့တဲ့ကိစ္စတွေကိုလည်း ကျွန်မတို့ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံအမှုလိုက်ခဲ့ဖူးတဲ့အတွက် ဒီမူးယစ်ဆေးဝါးနဲ့ ဆက်နွယ်တဲ့ ပြဿနာတွေကို ကျွန်မအနေနဲ့ အနည်းငယ်တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒီအမှုတွေ အားလုံးဟာဆိုလို့ရှိရင် ကျွန်မတို့တရားရုံးက စစ်ဆေးပြီးပြတ်သွားတဲ့အမှုတွေကို ပြန်လည်

ဆင်ခြင်သုံးသပ်နိုင်ဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ယခုစစ်ဆေးဆဲ အမှုများမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မတို့ ဒီမူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများသုံးစွဲမှု များပြားခြင်းကို များပြားရခြင်းဟာ ဆိုလို့ရှိရင် အလွယ်တကူဝယ်ယူရရှိနိုင်သောကြောင့်လို့ သုံးသပ်ရရှိပါတယ်။ အဲဒီတော့ မူးယစ်ဆေးဝါး အလွယ်တကူရရှိနိုင်တဲ့အခြေအနေကို ထပ်မံဆင်ခြင်ကြည့်မယ်ဆိုရင် အချို့ဒေသများမှာ မူးယစ်ဆေးဝါး ရောင်းချသူများနဲ့ အချို့သော မူးယစ်ဆေးဝါးနှိမ်နှင်းသူများဟာ ပဋိပက္ခအသွင်မဆောင်ဘဲ လိုက်လျော ညီထွေဖြစ်နေကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ အောက်ခြေမှာရှိတဲ့ မူးယစ်ဆေးဝါးနှိမ်နှင်းရမယ့် သူအချို့ဟာ ပြည်နယ်အတွင်းမှာရှိတဲ့ ၎င်းတို့ရဲ့အထက်အရာရှိများအထိ မူးယစ်ဆေး ရောင်းဝယ်သူများ ထံမှ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သက်သေအထောက်အထားများ၊ ကိုယ်တိုင်အစစ်ခံ ထွက်ဆိုချက်များရှိခဲ့ပါတယ်။ အဲဒီလိုရှိခဲ့တဲ့အတွက် အရေးယူမှုများကိုလည်း မကြာသေးခင်က ကချင်ပြည်နယ်အတွင်းမှာ လေ့လာတွေ့ရှိခဲ့ရပါတယ်။ အဲဒီလို အထောက်အထား သက်သေရှိလို့ အရေးယူနိုင်ခဲ့တဲ့ အမှုတွေရှိသလို အရေးမယူနိုင်ခဲ့၊ မသိခဲ့တဲ့ကိစ္စရပ်များလည်း များစွာ ရှိနေတဲ့အတွက် မူးယစ်ဆေးဝါးမှာ တွင်တွင်ကျယ်ကျယ် အရောင်းအဝယ်ဖြစ်နေကြောင်းကို မိမိနဲ့အတူ ပြည်သူအများစုက သုံးသပ်မိပါတယ်။ ဒ့ါအပြင် တရားဥပဒေစိုးမိုးမှုလျော့နည်းလျှင် လျော့နည်းသလို အခွင့်ကောင်းတစ်ခု အဖြစ် အသုံးချပြီး မူးယစ်ဆေးဝါးများကို တရားဝင်ဖြစ်ပြီးသကဲ့သို့ ရောင်းဝယ်ဖောက်ကားနေတဲ့ ဝိသမ လောဘသားများလည်းရှိနေတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ ဒ့ါအပြင် တရားဥပဒေစိုးမိုးမှု အားနည်းတဲ့နေရာတွေမှာ အချို့နေရာတွေမှာ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုချဥ်းကပ်ပြီး တရားဝင် လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသကဲ့သို့ ရောင်းဝယ်ဖောက်ကားမှုများရှိနေတာကိုလည်း ပြည်သူလူထု အတွင်းမှ ကြားသိရပါတယ်။ ဒီလိုကြားသိရတဲ့ အချက်အလက်များကို ကျွန်မအနေနဲ့ လွှတ်တော်သို့ ပြန်လည်တင်သွင်းခြင်းဖြစ်ပါတယ်။ ယခုနိုင်ငံတော်မှာ ပြောင်းလဲမှုများ ဖြစ်ပေါ်ပြီးတဲ့နောက် သမ္မတကြီးရဲ့ မိန့်ခွန်းမှာ အစိုးရအဖွဲ့သစ်ရဲ့ အရေးကြီးဆုံးလုပ်ငန်းစဥ်ကတော့ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် Good Governance နဲ့သန့်ရှင်းသောအစိုးရ Clean Government ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ဖို့ပဲ ဖြစ်ပါတယ်လို့ပဲ မိန့်မှာခဲ့ပါတယ်။ အဲဒီလို မိန့်မှာခဲ့တဲ့နောက်ပိုင်းမှာတော့ ပြုပြင် ပြောင်းလဲမှု များစွာကို တွေ့ရှိလာရပါတယ်။ နိုင်ငံတော်အစိုးရသစ်ရဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနဲ့ တားဆီးနှိမ်နှင်းရေးလုပ်ငန်းများကို

အားကြိုးမာန်တက် ဆောင်ရွက်နေကြောင်း နိုင်ငံပိုင်သတင်းစာမှာ ကျွန်မအနေနဲ့ ဖတ်ရှုသိရှိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ကချင်ပြည်နယ်အတွင်းမှာဆိုရင်လည်း ပြည်နယ်အစိုးရကနေပြီးမှ တက္ကသိုလ်နယ်မြေတစ်ဝိုက် မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်မှ ပါမောက္ခချုပ်နဲ့ ဆရာ၊ ဆရာမများ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို တွေ့မြင်လာရပါတယ်။ အခုဆိုရင် ကျောင်းက အမှိုက်ပုံးတွေမှာ ဆေးထိုးအပ်တွေကို မတွေ့ရတော့ပါဘူးလို့ပြောကြပါတယ်။ ဒီကိစ္စတွေဟာ အသွင်သဏ္ဍာန်ပဲလား။အနှစ်သာရပဲလား။ အမှန်တကယ်ပဲလားဆိုတာကိုတော့ လူထုနဲ့ကိုယ်စားလှယ်များက စောင့်ကြည့် ရမှာဖြစ်ပါတယ်။ ဒါဟာအမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့်အားလုံးမှာ တာဝန်ရှိပါတယ်လို့ ကျွန်မအနေနဲ့ခံယူပါတယ်။ ပြည်သူလူထုအတွင်းမှာ အမှန်တကယ်ဖြစ်ပေါ်နေတဲ့ ပြဿနာများကို ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပြည်သူ့ကိုယ်စား အခုလို အသိပေးတင်ပြခွင့်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ တိုင်းရင်းသားများအနေနဲ့ကတော့ လက်တွေ့ ဖြစ်ပေါ်နေတဲ့ အခြေအနေကိစ္စရပ်များကို တာဝန်ရှိသူများ အမှန်အတိုင်းသိရှိစေရန် တင်ပြခြင်းမှလွဲပြီး မူးယစ်ဆေးဝါးအန္တရာယ်ပြဿနာကို ဘယ်လိုဖြေရှင်းနိုင်မယ်ဆိုတဲ့ နည်းလမ်းများကိုတော့ ဖော်ထုတ် နိုင်ဖို့အတွက် များစွာခက်ခဲပါတယ်။ ဒီလွှတ်တော်မှာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာ အတွေ့အကြုံရှိသူများ၊ ပညာရပ်၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ အများအပြားရှိတဲ့အတွက် မူးယစ်ဆေးဝါးပြဿနာကို အကောင်းဆုံးနဲ့အထိရောက်ဆုံး ဖြေရှင်းအဖြေရှာနိုင်မယ့် နည်းလမ်းများကို စုပေါင်းအကြံပေး ဆွေးနွေးစေလိုကြောင်းလည်း မေတ္တာရပ်ခံအပ်ပါတယ်။ ဤပြဿနာဟာ ပြည်ထောင်စု အစိုးရအဖွဲ့ တစ်ခုတည်းကသာ လုပ်ဆောင်ရမယ့်လုပ်ငန်းမဟုတ်သလို ပြည်သူ့အသံကို ပြည်သူ့ ကိုယ်စားလှယ်က တင်ပြနေရုံမျှနဲ့လည်း မအောင်မြင်နိုင်ပါဘူး။ အစိုးရနှင့်ပြည်သူ၊ ပြည်သူ့ ကိုယ်စားလှယ်များ လက်တွေ့လုပ်ငန်းများထဲ၌ ထဲထဲဝင်ဝင်လုပ်ကိုင်နေကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ၎င်းတို့နှင့်ဆက်စပ်နေတဲ့ လူမှုရေးအဖွဲ့အစည်းများအားလုံးက ဟန်ချက်ညီညီ မှန်မှန်ကန်ကန်နဲ့ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ လက်ရှိတည်ဆဲ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများ ဥပဒေ ပြဋ္ဌာန်းချက်များမှာ ဘိန်းစိုက်ပျိုးခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်းများကို တားဆီးကာကွယ်တဲ့ လုပ်ငန်းများသာမက

ပြစ်ဒဏ်ပေးခြင်း၊ ဆေးဝါးကုသခြင်း၊ ပြန်လည်ထူထောင် ခြင်းများအထိ ပြဋ္ဌာန်း ထားရာ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်မှာ အလွန်အရေးကြီးတဲ့ ကဏ္ဍဖြစ်ကြောင်း နားလည်မိပါတယ်။ သို့ရာတွင် ယနေ့ပြောင်းလဲနေတဲ့ကမ္ဘာကြီးမှာ မူးယစ်ဆေးဝါးသုံးစွဲသူများကို လူနာများ၊ ဝေဒနာရှင်များ အဖြစ် သတ်မှတ်ကာ ထောင်ချအပြစ်ပေးခြင်းအစား ကုသမှုနှင့် ပြန်လည် ထူထောင်ရေး လူကောင်းသူကောင်းများသို့ ပြန်လည်ပြောင်းလဲလာရန် ဦးတည်လုပ်ကိုင်ဆောင်ရွက် နေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်မတို့နိုင်ငံမှာ မူးယစ်ဆေးဝါးသုံးစွဲသူများကို ချမှတ်တဲ့ ပြစ်ဒဏ်ဟာအနည်းဆုံး ၃ နှစ်ကနေ အများဆုံး ၅ နှစ်အထိ သတ်မှတ်ထားပါသည်။ ကချင်ပြည်နယ်မှာ ဆိုရင်တော့ ဒီအမှုတွေကို ၅ နှစ်အပြည့် ချမှတ်လျက်ရှိပါတယ်။ သုံးစွဲရန်အတွက် လက်ဝယ်ထားရှိမယ်။ ထားရှိတဲ့ကိစ္စများလည်းရှိတယ်။ အဲဒီအမှုတွေနဲ့ပေါင်းမယ်ဆိုလို့ရှိရင် ၁၂ နှစ်၊ ၁၃ နှစ် ထောင်ဒဏ်ချမှတ် လေ့ရှိပါတယ်။ အဲဒီတော့ မူးယစ်ဆေးဝါးကို ကီလိုနဲ့အများအပြားရောင်းဝယ်သူတွေကိုလည်း ၁၀ နှစ်၊ ၁၁နှစ်၊ ၁၂ နှစ်ဆိုမှ အပြစ်ပေးတဲ့အတွက် ရောင်းဝယ်သူနဲ့ သုံးစွဲသူ ပြစ်ဒဏ်ခြားနားမှု သိပ်မရှိဘူး ဆိုတာလည်း လေ့လာတွေ့ရှိရပါတယ်။ ကချင်ပြည်နယ်မှာရှိတဲ့ အကျဉ်းထောင်များမှာ မူးယစ်ဆေးဝါး သုံးစွဲသူဦးရေဟာ ရောင်းချသူဦးရေထက် ပိုမိုများပြားကြောင်း လေ့လာတွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲသူများဟာ HIV ပိုးပါလာခြင်း၊ AIDS ရောဂါတွေစွဲကပ်နေခြင်းကြောင့် အကျဉ်းထောင်များ၊ ရဲဘက်များမှာ အသက်ဆုံးရှုံးကြရတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်၍ ဆေးစွဲလူနာများကို ထောင်ဒဏ်ထိရောက် ပြင်းထန်စွာချမှတ်ခြင်းဟာ အစိုးရအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ကိစ္စရပ်တစ်ခု ဖြစ်ကြောင်းကိုလည်း တင်ပြဆွေးနွေးလိုပါတယ်။ လူကောင်း၊ သူကောင်းဘဝကို ပြန်လည်ရောက်ရှိစေရန် ကူညီပေးခြင်းလုပ်ငန်းစဉ်ဟာ အကောင်းဆုံးလုပ်ငန်းစဉ် ဖြစ်တယ်လို့လည်း ထင်မြင်မိပါတယ်။ ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်ကတော့ လက်ရှိအခြေအနေမှာ လုပ်ကိုင်နေပေမယ့် အလွန်ပဲအားနည်းလျက် ရှိတယ်ဆိုတာကို တင်ပြဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မရဲ့ အဆိုမှာ ဖော်ပြထားတဲ့ လုပ်ငန်းကိစ္စရပ်များကို နိုင်ငံတော်ရှိ အစိုးရအဆက်ဆက်က အမြဲကြိုးစားလုပ်ကိုင်နေခဲ့ကြောင်း နားလည်ပါတယ်။ လက်ရှိပြည်ထောင်စု အစိုးရအဖွဲ့ဝန်ကြီးအနေနဲ့လည်း ကြိုးစားဆောင်ရွက်နေကြောင်း လေ့လာသိရှိရပါတယ်။ ဤအဆိုကို တင်သွင်းရခြင်းဟာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအား ဆောင်ရွက်ပေးနိုင်ရေးအတွက် တောင်းဆို

တိုက်တွန်းခြင်းတစ်ခုတည်းအတွက် မရည်ရွယ်ပါဘူး။ ပြည်ထောင်စုဝန်ကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးဝိုင်းဝန်းအကြံပြုဆွေးနွေးကာ မှန်ကန်ထိရောက်စွာဖြေရှင်းနိုင်မည့်အဖြေမှန်ကိုရရှိပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ ဤအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။အထူးတင်ပြလိုတာကတော့ ဥက္ကဋ္ဌကြီးအနေဖြင့်လည်း ဤအဆိုကို မှတ်တမ်းတင်ထားရုံမျှမဟုတ်ဘဲ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက်အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အစီအစဥ်များ၊ နည်းလမ်းများ ချမှတ်ပေးနိုင်သည်အထိ သုံးသပ်ဆုံးဖြတ် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်လျက် ဤအဆိုကိုအလေးအနက် တင်သွင်းအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ခေသူမဟုတ်ပြီးတော့ မြိုင်ရာဇာတွတ်ပီလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ခေသူမဟုတ်၊ မြိုင်ရာဇာတွတ်ပီလည်းမဟုတ်တဲ့ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက် အဆိုကိုအတည်ပြုပါတယ်။ ဒါကြောင့် ကချင်ပြည်နယ်အတွင်းဆိုတဲ့ စကားရပ်ကိုဖြုတ်ပြီးတော့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်း၊ သူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်း လုပ်ငန်းစဥ်များကို တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရေးအဆိုပဲဖြစ်ပါတယ်။ သို့ရာတွင် ဒီနေ့သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက အခုတင်ပြတဲ့အဆိုကိုကြားလိုက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီတင်ပြတဲ့အဆိုကို လွှတ်တော်ကနေပြီးတော့ သက်ဆိုင်ရာဝန်ကြီးသိရှိအောင် ပြန်လည်ကူးယူပြီးတော့ ပေးပို့ဖို့လည်းလိုပါမယ်။ ဆက်လက်ပြီးတော့ အဆိုနဲ့ပတ်သက်ပြီးထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်း(မံစီမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူရဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအရှိန်အဟုန်ဆောင်ရွက်

ပေးရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို ကယ်တင်ရေး၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ခံပံ့ပိုးခြင်း တွန်းအားများကို တိုးမြှင့်ဆောင်ရွက်ပေးရေးအဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်များခင်ဗျား။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူတင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်(ဗုဒ္ဓဟူးနေ့)အစည်းအဝေးမှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်းနဲ့ပတ်သက်လို့ အချိန်ကို လိုအပ်တာထက် ပိုပြီးတော့မယူဖို့ ပန်ကြားလို ပါတယ်။ မေးခွန်းကို အနှစ်ချုပ်ဖော်ပြထားတဲ့အတိုင်း မေးဖို့ပဲဖြစ်ပါတယ်။ အကျိုးအကြောင်း ဖော်ပြနေခြင်းဟာ ဒီနေ့မှတ်တမ်းအရ တချို့ဆိုရင် ၁၀ မိနစ်လောက်အထိ ကြာသွားတယ်။ တစ်ယောက်ကို ၂ မိနစ်ပဲ အချိန်ပိုယူမယ်ဆိုရင်တောင် ၁၀ ယောက်ဆိုရင် မိနစ် ၂၀၊ ၃ မိနစ် ပိုယူမယ် ဆိုရင် မိနစ် ၃၀ ရှိတဲ့အတွက် ကျန်တဲ့အချိန်တွေကို သွားထိခိုက်ပါတယ်။ ဒါကြောင့်မို့လို့ နောင်မေးမယ့် မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ဇယားမှာဖော်ပြထားတဲ့ အနှစ်ချုပ်ကိုသာ မေးမြန်းဖို့ပန်ကြားပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် (အင်္ဂါနေ့) ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။